http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပထမပြန်စာမေးပွဲ

ပထမလတ်တန်း

ပုစ္ဆာ + အဖြေစုံ

၂၀၀၅-စုနှစ်

(ပြည်နယ်နှင့်တိုင်း-၁၇)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၆

ပုစ္ဆာ + အဖြေ ● ပထမလတ်

http://www.dhammadownload.com

ဤစာအုပ်၌

ပထမငယ်တန်းဆိုင်ရာ

၁။ ပြဋ္ဌာန်းချက်များ
၂။ ပြဋ္ဌာန်းကျမ်းစာများ
၃။ ပုစ္ဆာထုတ်စည်းမျဉ်းများ
၄။ ဘာသာစုံ မေးခွန်းများ
၅။ ဘာသာစုံ အဖြေများ
စသည် စသည်ဖြင့် ပို့ချသူ၊ သင်ယူသူများ နည်းရလောက်အောင် ဝေဝေဆာဆာ တင်ပြထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ
၂၀၀၄–ခုနှစ် ထုတ်ပြန်အပ်သော
ပြဋ္ဌာန်းချက်သစ်များဖြင့် တင်ပြထားပါသည်။

■ ဖြန့်ချိရေး
စာပေထိန်းသိမ်းရေးအဖွဲ့ ၊ သိမ်ကျောင်းဆောင်ရှာမဟိုယတ္ထိစာသင်တိုက်၊ သံမဏိစက်ရုံလမ်း၊ ရွာမ၊ အင်းစိန်၊ ဖုန်း - ၀၁-၆၄၀၀၇၅

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

ပထမလတ်တန်း

ပုဒ္ဓာ+အပြေစုံ

၂၀၀၅-ခုနှစ်
(ပြည်နယ်နှင့်တိုင်း–၁၇)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

သာသနာ	ကောဇာ	ခရစ်နှစ်
၂၅၄၉	၁၃၆၇	၂၀၀၆

http://www.dhammadownload.com

ပထမလတိုတန်း

ပုံနှိပ်မှတိုတမ်း

စာမူခွင့်ပြုချက်အမှတ်	✉	၃၂၀၇၃၅၁၀၁၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	✉	၃၂၀၆၃၃၀၁၁၀
ထုတ်ဝေခြင်း	✉	ပထမအကြိမ်
		၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ	✉	၅၀၀ အုပ်
ထုတ်ဝေသူ	✉	ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
		အမှတ် (၁၁၁)၊ ၃၃-လမ်း၊
		ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်	✉	ဦးတင်အောင်ကျော် (၀၇၀၅၃)
		စွယ်တော်ပုံနှိပ်တိုက်
		အမှတ်-၈၇၊ ၅၆-လမ်းတို၊
		ပုဇွန်တောင်မြို့နယ်။
ဖြန့်ချိရေး	✉	စာပေထိန်းသိမ်းရေးအဖွဲ့
		သိမ်ကျောင်းဆောင်
		ရွာမပရိယတ္တိစာသင်တိုက်
		သံမဏိစက်ရုံလမ်း၊ ရွာမ၊
		အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
		ဖုန်း - ၆၄၀၀၇၅

တန်ဖိုး - ၁၅၀၀ (ကျပ်)

http://www.dhammadownload.com

နိဒါန်းအမှာ

စာသင်နည်းစနစ်

မြန်မာနိုင်ငံ၏ ပိဋကတ်သင်နည်းစနစ်ကို -

၁။ စာကြိုးပေါက်သင်နည်း -

၂။ စာမေးပွဲစနစ်သင်နည်း - ဟု နှစ်မျိုးနှစ်စား တွေ့ရသည်။

ရှေးခေတ်က စာချ, စာသင်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စာမေးပွဲကို အခြေမခံဘဲ ကျမ်းဂန်တတ်မြောက်မှု, ကျန်းဂန်ပေါက်ရောက်မှုကို ပဓာနထား၍ သင်ကြား လေ့လာကြသည်၊ သင်ကြားလေ့လာမှုပြည့်စုံသောအခါ ထက်မြက်ထူးချွန်သော အချို့ပုဂ္ဂိုလ်တို့ အာဇာနည်ရှေးချယ်ပွဲ-

၁။ နှုတ်ဖြေ,

၂။ ရေးဖြေ

စာမေးပွဲဝင်ရောက်ဖြေဆိုသူများလည်း ရှိခဲ့သည်၊ ပုဂံခေတ်မှ **ဦးကျည်ဖွေ**သည် ရေတစ်ခါလုပ်စဉ်းစားခန်း နှုတ်ဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး ပညာရှင်ဘွဲ့ ရရှိခဲ့သည်၊ ကုန်းဘောင်ခေတ်မှ **ကျော်အောင်စံထား ဆရာတော်**နှင့် **ဆရာတော် ဦးဗုဒ်** စသော ပုဂ္ဂိုလ်ကျော်များက်လည်း စာမေးပွဲဖြင့် ဖော်ထုတ်ပေးခဲ့သည်။-

အင်္ဂလိပ် အစိုးရခေတ်လောက်မှစ၍ ယနေ့တိုင်အောင် များသောအားဖြင့် စာမေးပွဲကို အခြေခံ၍ ပိဋကတ်သင်ကြားမှု ပြုလာကြသည်၊ စာမေးပွဲစနစ်ဖြင့် ပိဋကတ်သင်ကြားရာ၌ အခြေခံ လုံလောက်စွာဖြင့် ပြဋ္ဌာန်းချက်များကို ပြည့်စုံအောင် လေ့လာသင်ကြားသူများသည် များသောအားဖြင့် ထူးချွန်သူများဖြစ်ကြသည်။

၁။ မစိုးရိမ်ဆရာတော် ဦးသူရိယ၊

ဒေးကွန်းအရှင်ဝိစိတ္တသာရာဘိဝံသ စသည်တို့သည် စာမေးပွဲဖြင့် ထူးချွန်သူများဖြစ်ကြသည်။

အခြေခံလည်း မလုံလောက်၊ ပြဋ္ဌာန်ချက်လည်း မပြည့်စုံ၊ ကောက်နှုတ်ချက်ဖြင့် ဖြတ်လမ်းကူးသူများမှာ စာမေးပွဲအောင်သော်လည်း ထူးချွန်သူများ မဖြစ်ကြ။

http://www.dhammadownload.com

ပုစ္ဆာဖြေစုံကျမ်း

စာမေးပွဲ အောင်မြင်ရန်နှင့် ဂုဏ်ထူးပန်းကို ပန်ဆင်လိုသူများအတွက် ဤအဖြေစုံများကို စီစဉ်ထားခြင်း ဖြစ်ပါသည်။

ဤအဖြေစုံစာအုပ်များသည် -

၁။ လမ်းညွှန်ကောင်း စွယ်စုံပညာရှင်တစ်ဦး သင့်အနားတွင် အမြဲတမ်းရှိနေသလိုလည်း ဖြစ်နေပါလိမ့်မည်။

၂။ ပုစ္ဆာအာဘော်ကြီးဆနည်းကိုလည်း ပေးပါလိမ့်မည်။

၃။ ဖြေနည်း, တင်ပြနည်းကိုလည်း ညွှန်ပြပေးပါလိမ့်မည်။

၄။ မေးခွန်းဟောင်း ရှာဖွေစုဆောင်းခြင်း နှက္ခမ္ဘလည်း ဈင်းဝေးအောင် ကူညီပါလိမ့်မည်။

၅။ မိမိဉာဏ်မမီသော ပုစ္ဆာအဖြေများကို ဖြေရှင်းပေးမည့် ပညာရှင်များ မိမိအနားတွင် အမြဲတမ်းရှိနေသလိုလည်း ဖြစ်ပါလိမ့်မည်။

ဤသို့စသည် စဉ်ညီဖြင့် သင်၏ လိုအပ်ချက်များကို လမ်းညွှန်ပေးပါလိမ့်မည်။

အဖြေနုံ ပမာဏ

တိုင်းနှင့်ပြည်နယ်အသီးသီးမှ ပထမပြန်ပုစ္ဆာများကို တစ်စုတစ်ဝေးတည်း စုစည်းတင်ပြထားပါသည်၊ ယခု ခရစ်နှစ် ၂၀၀၅-ခုနှစ်တွင် တိုင်း ၈-တိုင်း၊ ပြည်နယ် ၉-ခု၊ အထူးအောင် ၁-ခု ပေါင်း ၁၈-တို့၏ ပုစ္ဆာနှင့် အဖြေများ စုစည်းတင်ပြထားပါသည်။

ပုစ္ဆာလိုအပ်ချက်

ယခု ၂၀၀၅-ခုနှစ် ပထမလတ်တန်းပုစ္ဆာများအနက်-

၁။ ချင်းပြည်နယ် ဓမ္မပဒပုစ္ဆာ ရှာဖွေ၍ မရခြင်းကြောင့် ပုစ္ဆာနှင့် အဖြေမတင်ပြ နိုင်သည်ကို သည်းခံ ခွင့်လွှတ်ကြတို့ရန် မေတ္တာရပ်ခံပါသည်။

စီစဉ်ထားပုံ

ဤအဖြေစုံစာအုပ်၌ ဘာသာရပ်ကို မူတည်၍ စီစဉ်ထားပါသည်၊ ဥပမာ-

၁။ ဝိနယဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

http://www.dhammadownload.com

၂။ မမ္မာဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

၃။ သန္ဓိဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ စသည်ဖြင့် ဘာသာရပ် တစ်ခုချင်း၏ အပြေများကို တိုင်းနှင့် ပြည်နယ်အစုံ တိုင်းနှင့် ပြည်နယ်အစုံအဖြစ် စိစဉ်တင်ပြထားပါသည်၊ တိုင်းနှင့် ပြည်နယ် အစဉ်များကို အကွာရာအစဉ်ဖြင့် ဖော်ပြထားပါသည်၊ **ဥပမာ–**

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး(အနောက်)၊ ပဲခူး(အရှေ့) မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်း(တောင်/မြောက်/ရှေ့)၊ ရခိုင်၊ ရေဝတီ၊ အထူးအောင် တို့ဖြစ်သည်။

ကျေးဇူးစကား

ဤပထမလတ်တန်း ပုစ္ဆာအဖြေစုံစာအုပ်ကို သာသနာ့တာဝန်များ ကျောင်းတိုက် တာဝန်များစသည်ဖြင့် မအားမလပ်သည့်ကြားမှ ဝိုင်းဝန်ကူညီပေးကြသော ရွာမပရိယတ္တိ စာသင်တိုက်မှ **ဂဏာဝါစက သာသနာဝေ ဓမ္မာစရိယများဖြစ်ကြသည့် ဦးသုဇန၊ ဦးသုမန၊ ဦးဥာဏိန္ဒ၊ ဦးဥာဏဝေလ၊ ဦးတေဇာနန္ဒ၊ အရှင်နန္ဒမာလာ (ငါန်းဖွန်)**–တို့၏ အကူအညီ ကိုလည်း ယူရပါသည်။

အပြင်အဆင်မှစ၍ မိမိစိတ်တိုင်းကျဖြစ်အောင် လိုအပ်သမျှအားလုံးကို စိတ်ရှည် လက်ရှည်နှင့် ကြိုးကြိုးစားစား ကွန်ပျူတာ စာစီ, စာရိုက်ပေးသော –

မောင်အောင်တျော်ဇော(ညောင်ဦး)တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။

အချိန်မီရန် အလောတကြီး စိစဉ်ရခြင်း, ဆရာတော်ကိုယ်တိုင် အချိန်ယူ၍ ပြန်လည်မစိစစ်နိုင်ခြင်း စသည်တို့ကြောင့် ချွတ်ယွင်းချက်, လစ်ဟင်းချက်များ များစွာပါရှိနိုင် ပါသည်။

အခြေခံဗဟုသုတချင်းခြင်း, ကွဲရှုတ်ချခြင်း, အကြံပြုခြင်း စသည်စသည်ဖြင့် မည်သည့် အကူအညီမှန်မျိုးမဆို ကျေးဇူးတင်စွာဖြင့် လက်ခံ ကြိုဆိုပါသည်။

အရှင်ကိုလေဝတီဝံသ (ဒဂုံးမိန့်)

၂၃– ၈– ၂၀၀၅

ဘုရားရှေ့–ခု၊ ဝါခေါင်လပြည့်ကျော် ၄–ရက်၊

ရွာမပရိယတ္တိစာသင်တိုက်

http://www.dhammadownload.com

အမှာစာ



ဤပထမလတ်တန်း ပုစ္ဆာ+အဖြေစုံ ရေးသားဖြေဆိုသည့် ကျေးဇူးတော်ရှင် ဆရာတော်၏ သာသနာပြုလုပ်ငန်းကို တစ်ထောင့် တစ်နေရာက တာဝန်ယူရသည့်အတွက် မိမိသည် အထူးဂုဏ်ယူ မိပါ၏။

ဆရာတော်သည် သာသနာပြုလုပ်ငန်းများစွာကို တာဝန်ယူထားရသည့် အားလျော်စွာ အလွန်အလုပ်ကိစ္စ များပြားလှပါသည်၊ ထိုများပြားလှသည့် အလုပ်ကိစ္စများ အချိန်မီ ပြီးမြောက်နိုင်ရန် တပည့်များက သည်း ကူညီနိုင်သည့်တက်မှ ကူညီထိုင်းဝန်းဆောင်ရွက်ပေးကြ ရပါသည်၊ ထိုသို့ ဆောင်ရွက်ကြရာတွင် ကွန်ပျူတာ စာစီသူက စီ၊ လက်ရေးဖြင့် လိုက်ရေး သူက ရေး၊ အဖြေရှာသူက ရှာ၊ အချောဖက်သူက ဖတ်၊ ခွင့်ပြုချက်ယူသူက ယူ၊ ပုံနှိပ်တိုက် သွားပို့သူက ပို့ – စသည်ဖြင့် မိမိတို့ နိုင်သည့်ဘက်မှ တာဝန်ယူပေးကြပါသည်။

တစ်နှစ် တစ်အုပ်ထုတ်ဝေရသည့် စာအုပ်ဖြစ်၍ အချိန်မီ စာသင်သားများ လက်ဝယ် ပိုင်ပိုင် ရောက်နိုင်ရေး ကိစ္စသည် အလွန်အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်လာပါတော့သည်၊ ဆရာတော်၏ စာသင်သားများအပေါ် ထားရှိသည့် စေတနာကို သိရှိထားသူ မိမိသည်လည်း ဆရာတော်၏ ပါရမီကို တစ်စိတ်တစ်ဒေသ ကူညီခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက် ဝမ်းသာ ဖြစ်လှပါသည်။

ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ တမူထူးခြားလှသည်၊ ဆရာတော်ကိုယ်တိုင် အထူး ကြိုးကြပ်ပြီးမှ ထုတ်ဝေခြင်းကြောင့် စာချ စာသင် စာမေးပွဲနှင့် ဆက်စပ်သူတိုင်း စိတ်တိုင်း ကျလိမ့်မည်ဟု ယုံကြည်မိပါသည်။

အဖြေစုံစာအုပ်များကို ကြည့်ရှုလေ့လာရသည့်အခါ ပုစ္ဆာအယူအဆ, ဖြေဆိုပုံ ဖြေဆို နည်း, ကြံဆပုံ ကြံဆနည်း – စသည့် အကျိုးများကို လက်တွေ့ခံစားကြရမှာဖြစ်ပါသည်၊ ထိုအကျိုးထူးတရားများကို လက်တွေ့ခံစားကြရပြီး စာမေးပွဲအောင်ပန်းကို အရယူနိုင်ကြ မည်ဖြစ်ပါသည်။

ဘဝတိုက်ပွဲဖြစ်သည့် စာမေးပွဲဖြေဆိုမှု လုပ်ငန်းသည် စာသင်များအတွက် အလွန် အရေးကြီးလှ၏၊ ထိုအရေးကြီးလှသည့် လုပ်ငန်းကိစ္စကို အလွယ်တကူ ပြီးမြောက်နိုင်ရန် ဤစာအုပ်က တာဝန်ယူပါလိမ့်မည်။

http://www.dhammadownload.com

ဆရာတော်၏ ပြေဆိုမှုမည်မျှ ကောင်းမွန်စေကာမူ နောက်က လိုက်ရေးရသည့် သူ၏ ချွတ်ချော်မှု၊ စိစဉ်သူ၏ တိမ်းပါးမှု၊ ပုံနှိပ်သူ၏ လွှဲချော်မှု – စသည့် ချွတ်ယွင်းချက် များစွာရှိနိုင်ပါသည်၊ ထိုချွတ်ယွင်းချက်များသည် မိမိတို့ တပည့်များ၏ တာဝန်လင့်ဟင်းမှုများသာ ဖြစ်ပါကြောင်း – – –

ထိုချွတ်ယွင်းချက်များ တွေ့ရှိပါက ဝေဘန်မှုပေးရန် ကြိုဆိုပါသည်။

ပတ္တမြားမြေပေါ်ရောက်နေသည့် သားသမင်လို မဖြစ်စေဘဲ ပတ္တမြားမြေပေါ်ရောက်နေသည့် ရာဖြတ်နိုင်သည့် ဆရာကဲ့သို့ အဖိုးထိုက်တန်လှသည့် ဤအဖြေစုံရတနာကို ပန်ဆင်ခြင်းကြောင့် ရှေ့ပေါ်မြတင်, အလှပေါ်အယဉ်ဆင့်, ရေမြင့်သည့် ကြာပမာ အရာရာ အထက်တန်းကျ မျက်နှာပန်းလှ၍ အောင်ပန်းရနိုင်ကြပါစေ – ဟု ဆုတောင်းလျက် – –



အရှင်ဝိသိဋ္ဌ (ဓာတ္တည်တိုက်မှူး)

ရွှာခဲ့ဝရိယဘွဲ့စာသင်တိုက်၊ သိမ်ကျောင်းဆောင်။

အင်းစိန်မြို့။

၂၉၊ ၈၊ ၂၀၀၅ ။ တနင်္လာနေ့

http://www.dhammadownload.com

ပထမပြန်စာမေးပွဲနှင့် ပတ်သက်၍ သတ်မှတ်ချက်များ



၁။ မေးခွန်းလွှာတိုင်း (၃)နာရီ မေးခွန်းဖြစ်သည်၊ မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီ အထိ ဖြေခွင့်ရှိသည်။

၂။ ခဏ္ဍန်းအလိုက်မေးမည့် မေးခွန်းအရေအတွက်နှင့် ဖြေဆိုရမည့် မေးခွန်း အရေအတွက်မှာ ဘာသာရပ်တိုင်းအတွက် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

အတန်း	**မေးမည့်မေးခွန်း**	**ဖြေဆိုရမည့် မေးခွန်း**
ပထမယဉ်တန်း	၆ – ပုဒ်ဆာ	၆ – ပုဒ်ဆာ
ပထမလတ်တန်း	၈ – ပုဒ်ဆာ	၈ – ပုဒ်ဆာ
ပထမကြီးတန်း	၁၀ – ပုဒ်ဆာ	၁၀ – ပုဒ်ဆာ

၃။ တစ်ပုဒ်ဆာလျှင် (၁၀)မှတ်စီ သတ်မှတ်၍ အောင်မှတ် ၄၀– ရာခိုင်နှုန်းဖြစ်သည်။ ဘာသာတိုင်း အောင်မှတ်ရမှ အတန်းအောင်အဖြစ် သတ်မှတ်ရမည်။

၄။ အောင်မြင်သူများထဲမှ အမှတ်များရာအလိုက် တစ်နိုင်ငံလုံး ပထမ၊ နှစ်ကိယ၊ တတိယ အဖြစ် ရွေးချယ်သတ်မှတ်မည်။

၅။ ပထမပြန် စာမေးပွဲကို ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် လူဝတ်ကြောင် မည်သူမဆို ဝင်ခွင့်ရှိသည်။

၆။ အောက်အောက်အတန်းကို အောင်မြင်ပြီးမှသာ အထက်အထက်အတန်းများကို ဝင်ခွင့်ရှိသည်။ အထက်အထက်အတန်းများကို အောင်မြင်ပြီးသူသည် အောက်အောက် အတန်းကို ဝင်ခွင့်မရှိစေရ။

၇။ ပထမယဉ်တန်းသို့ ဝင်ခွင့်ရသော အငယ်ဆုံးအသက်မှာ (၃၃)နှစ်ဖြစ်သည်၊ စာဖြေ သော အချိန်တွင် (၁၃)နှစ် တင်းတင်း ပြည့်ရမည်၊ (၁၃)နှစ် မပြည့်လျှင် ဝင်ခွင့်မပြု။

၈။ ပထမပြန် အထူးအောင်ရွေးချယ်ရေးစာမေးပွဲကို ရုံးသုံးမြန်မာဘာသာဖြင့်သာ ဖြေဆို ရမည်။

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃာ့ဦးစီးဌာနအတွင်း
ပထမပြန်အစားထိုး ကျမ်းစာများ

ပထမလတ်တန်း ပြဋ္ဌာန်းကျမ်းစာ

၁။ ဝိနယ (ဒွေဗာတိကာ)

(က) ဒွေမာတိကာ၊ ပါဠိ၊ အနက်၊ အဓိပ္ပါယ်။

(ခ) ကခ်ီအဋ္ဌကထာ (ကျမ်းအစမှ နိဿဂ္ဂိယအဆုံးအထိ) အဓိပ္ပါယ်။

လူနှင့် သီလရှင်များအတွက် –

(က) ဓမ္မပဒပါဠိတော် (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်။

(ခ) ဓမ္မပဒအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးအထိ) အဓိပ္ပါယ်။

၂။ ကဒွည်းသန္ဒိကြီး

(က) ကစ္စည်းသန္ဒိကြီး ၈–စောင်၊ ပါဠိ၊ အနက်၊ ရုပ်တွက်၊ အဓိပ္ပါယ်။

(ခ) ရူပသဒ္ဒိ (ကျမ်းအစမှ တဒ္ဓိတ်အဆုံးအထိ) ရုပ်တွက်၊ အဓိပ္ပါယ်။

(ဂ) ပုဒ်စစ် (ကျမ်းအစမှ သမာသ်အဆုံးအထိ)နှင့် သုတ်စစ်။

၃။ အဘိဓမ္မတ္ထသင်္ဂဟ

(က) အဘိဓမ္မတ္ထသင်္ဂဟ (၉)ပိုင်း ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်။

(ခ) ဋီကာကျော် (ကျမ်းအစမှ ရုပ်ပိုင်းအဆုံးအထိ) အဓိပ္ပါယ်။

၄။ ဓာတိကထာနှင့် ဓာတုကထာ

(က) သုတ္တန္တိကမာတိကာ ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

(ခ) ဓာတုကထာ (အစမှ စုဒ္ဒသမနယအဆုံးအထိ) ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

၅။ ယမိုက်အရကောက်ကျမ်း

ယမိုက်အရကောက်ကျမ်း (အောက် ၅ – ကျမ်း) ဝိဘင်းထုတ်၊ အနက်ပေး၊ အရကောက်၊ အဓိပ္ပါယ်နှင့် ဂဏ္ဌိ။

http://www.dhammadownload.com

၆။ ဘာသာပြန်

(က) ဒုကနိပါတ်အစမှ ဒုကနိပါတ် ဗီရဏထမ္ဘဝဂ်အဆုံးအထိ (ဇာတ်ပေါင်း – ၇၀)

(ခ) ဒုကနိပါတ် ကာသာဝဝဂ်အစမှ တိကနိပါတ် ဥဒပါနဝဂ်အဆုံးအထိ – (ဇာတ်ပေါင်း – ၆၀)

(ဂ) တိကနိပါတ် အဗ္ဘန္တရဝဂ်အစမှ စတုက္ကနိပါတ် ကောကိလဝဂ် အဆုံးအထိ – (ဇာတ်ပေါင်း – ၆၀)

(ဃ) စတုက္ကနိပါတ် စူဠကုဏာလဝဂ်အစမှ ဆက္ကနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း – ၅၅) ၄–ပိုင်းပိုင်း၍ တစ်ပိုင်းလျှင် သာမန်အားဖြင့် ၄–နှစ်စီ လှည့်၍ မေးခွန်းထုတ်ရမည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်သမတဟောလာယကအဖွဲ့
ဝထမပြန်ဘဏ်ဖေးဖွဲ့ ဝန္ဓာထုတ်ခည်းမျှင်း
ဝထမလတ်တန်း ဝန္ဓာထုတ်ခည်းမျှင်း

ဝိနယ (ဒွေမာတိကာ) (မေးခွန်းလွှာ – ၁)

(က) ဒွေမာတိကာ

– ပါဠိအာဂုံ (တစ်) ပုဏ္ဏာ

– အနက်ပေး (တစ်) ပုဏ္ဏာ

– ဒွေမာတိကာကျမ်းရင်းလား အဓိပ္ပါယ် (သုံး) ပုဏ္ဏာ

(ခ) ကခီအဌကထာ (အစမှ နိဿဂ္ဂိယအဆုံးအထိ)

အဓိဗျာယ် (သုံး) ပုဏ္ဏာ

လူနှင့် သီလရှင်များအတွက် –

ဓမ္မပေးပါဠိတော် (ဝဏ္ဏိတာဝဂ်မှ ပုဒ္ဓဝဂ်အဆုံးအထိ)

– ပါဠိ (တစ်) ပုဏ္ဏာ

http://www.dhammadownload.com

- အနက် (တစ်) ပုဏ္ဏာ
- မမ္မပဒပါဠိတော်လာ အဓိပ္ပါယ် (သုံး) ပုဏ္ဏာ
- မမ္မပဒအဋ္ဌကထာလာ အဓိပ္ပါယ် (သုံး) ပုဏ္ဏာ

၂။ ကရွှည်းသန္ဒါကြီး (စာမျှန်းလွှာ–၂)

(က) ကစွည်းသန္ဒါကြီး

- ပါဠိအာဂုံ (တစ်) ပုဏ္ဏာ
- အနက် (တစ်) ပုဏ္ဏာ
- ရုပ်တွက် (နှစ်) ပုဏ္ဏာ

(ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ရုပ်ကျဉ်း၊ ရုပ်ကျယ်၊ လိင်၊ ဝုစ်၊ ကာရန်၊ ဂိုဏ်း၊ ဝိဘတ်၊ ပုဒ်၊ ပစ္စည်း၊ ဓာတ်၊ ပစ္စည်း၊ ဝိဘတ် ခွဲခြင်းနှင့် ပဒမာလာစဉ်ခြင်းတို့ ပါဝင်သည်။)

- ကစွည်းကျမ်းရင်းလာ အဓိပ္ပါယ် (တစ်) ပုဏ္ဏာ

(ခ) ရူပသိဒ္ဓိ (ကျမ်းအစမှ တဒ္ဓိတ်အဆုံးအထိ)

- အဓိပ္ပါယ် (နှစ်) ပုဏ္ဏာ

(ဂ) ပုဒ်စစ်၊ သုတ်စစ်

- ကျမ်းအစမှ သမာသ်အဆုံးအထိနှင့် သုတ်စစ် (တစ်) ပုဏ္ဏာ

၃။ အဘိဓမ္မတ္ထသင်္ဂဟ (စာမျှန်းလွှာ–၃)

(က) အဘိဓမ္မတ္ထသင်္ဂဟ (၉)ပိုင်း

- ပါဠိအာဂုံ (တစ်) ပုဏ္ဏာ
- အဓိပ္ပာယ် (တစ်) ပုဏ္ဏာ
- သရုပ် (နှစ်) ပုဏ္ဏာ
- သင်္ဂဟကျမ်းရင်းလာ အဓိပ္ပါယ် (တစ်) ပုဏ္ဏာ

(ခ) ဋီကာကျော်အောက် (၆)ပိုင်း

- အဓိပ္ပါယ် (သုံး) ပုဏ္ဏာ

http://www.dhammadownload.com

၄။ သုတ္တန္တိကဓာတိကာနှင့် ဓာတုကထာ (စာမျှန်းလွှာ—၄)

- သုတ္တန္တိကမာတိကာ (တစ်) ပုဏ္ဏာ
- ဓာတုကထာဥဒ္ဒေသ (နှစ်) ပုဏ္ဏာ
- ဓာတုကထာအစမှ စုဒ္ဒသမနယအဆုံးအထိ (၈း) ပုဏ္ဏာ

(ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်များကို သင့်လျော်သလို မေးနိုင်သည်။ ပါဠိ၊ အနက်ကို မေးရာ၌ တစ်ပုဏ္ဏာထက် မပိုစေရ။)

၅။ ယဓာ (အောက်ငါးကျမ်း) (စာမျှန်းလွှာ—၅)

- မူလယမိုက်မှ (နှစ်) ပုဏ္ဏာ
- ခန္ဓယမိုက်မှ (နှစ်) ပုဏ္ဏာ
- အာယတနယမိုက်+ဓာတုယမိုက်မှ (နှစ်) ပုဏ္ဏာ
- သစ္စယမိုက်မှ (နှစ်) ပုဏ္ဏာ

မှတ်ချက် –

ပါဠိဝိဘင်းထုတ်စေခြင်း (နှစ်) ပုဏ္ဏာ
အရကောက် (လေး) ပုဏ္ဏာ
အနက် (တစ်) ပုဏ္ဏာ
ဂဏ္ဌိမှ (တစ်) ပုဏ္ဏာ
မေးရမည်။

၆။ ဘာသာပြန်၊ ဇာတ်အဋ္ဌကထာ (စာမျှန်းလွှာ—၆)

- ပါဠိကို မြန်မာပြန်ဆိုစေခြင်း (သုံး) ပုဏ္ဏာ
- မြန်မာလို ပါဠိပြန်ဆိုစေခြင်း (နှစ်) ပုဏ္ဏာ
- ပါဠိဂေါဟာရများကို ထုတ်ပြ၍ ဝါကျတည်ဆောက်စေခြင်း (တစ်) ပုဏ္ဏာ
ဇာတ်ဝတ္ထုများကို အကျဉ်းချုပ် မြန်မာဘာသာဖြင့် ရေးသားစေခြင်း (တစ်) ပုဏ္ဏာ
ဇာတ်ဝတ္ထုများမှ ရယူအပ်သော သင်ခန်းစာ

http://www.dhammadownload.com

အထွေထွေ

- စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄ရ)ပါးစုံညီ သတ္တရသမအစည်းအဝေး၏ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက် (၂) အရ ပထမပြန်အထူးအောင် စာမေးပွဲကို ရုံးသုံးမြန်မာ ဘာသာဖြင့်သာ ဖြေဆိုရမည်။
- စာမေးပွဲမေးခွန်းများသည် စာမေးပွဲဖြေဆိုချိန် (၃) နာရီ သတ်မှတ်ထားသဖြင့် (၃) နာရီအတွင်း ပြီးစီးအောင် ဖြေဆိုနိုင်မည့် မေးခွန်းမျိုး ဖြစ်ရမည်။
- စာမေးပွဲမေးခွန်းထုတ်ရာ၌ မည်သည့်အတန်းကိုမဆို သုံးဆင့်ထက် မပိုသော မေးခွန်းဖြစ်ရမည်။



http://www.dhammadownload.com

ထုတ်ဝေပြီးကျမ်းစာများ

လက်ဆောင်ကျမ်းများ

၁။ မာတိကာ+ဓာတုကထာလက်ဆောင် [illegible]-၅
၂။ ယမကလက်ဆောင် (**အောက် ၅-ကျမ်း**) [illegible]-၉
၃။ ယမကလက်ဆောင် (**အထက် ၂-ကျမ်း**) [illegible]-၆
၄။ ပဋ္ဌာန်းလက်ဆောင် (**ဇယား**) [illegible]-၅
၅။ ပဋ္ဌာန်းလက်ဆောင် (**ပိုဋ္ဌစဉ်**) [illegible]-[illegible]
၆။ အဘိဓမ္မာလက်ဆောင် [illegible]-[illegible]
၇။ ဆန်းလက်ဆောင် [illegible]-[illegible]
၈။ သဒ္ဒါလက်ဆောင် [illegible]-[illegible]
၉။ သုတ်နက်လက်ဆောင် [illegible]-[illegible]
၁၀။ သဒ္ဒါကြီးနိဿယလက်ဆောင် [illegible]-[illegible]

အပြေစုံကျမ်းများ

၁၁။ (အခြေပြုမူလတန်း၊ ပထမင်ယတန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း)
ပုစ္ဆာ+ အပြေစုံစာအုပ်များ (၁၉၉၉/ ၂၀၀၀/ ၂၀၀၁/ ၂၀၀ ၂/ ၂၀၀၃/ ၂၀၀၄-ခုနှစ်)

ဗဟုသုတစာအုပ်များ

၁၂။ ရှင်ပြုရဟန်းခံအကြောင်းသိကောင်းစရာ၊
၁၃။ ကိုးကွယ်မှုဆိုင်ရာအကြောင်း သိကောင်းစရာနှင့် ဓမ္ဓတာ+ပုထိုး၊ [illegible]-[illegible]
၁၄။ ကိုးကွယ်မှုဆိုင်ရာသိစရာနှင့် ဗုဒ္ဓသာသနာ့သမိုင်း၊
၁၅။ သမိုင်းတာဝန် ကျေပွန်စေ - စသည့် စသည့် စာအုပ်များကို -

ဖြန့်ချိရေး
စာပေထိန်းသိမ်းရေးအဖွဲ့၊ သိမ်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ သံမဏိစက်ရုံလမ်း၊
ရွာမ၊ အင်းစိန်။ ဖုန်း - ၀၁- ၆၄၀၀၇၅

http://www.dhammadownload.com

မာတိကာ

အစဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်းအမှာ	က မှ ဂ အထိ
၂။	စီစဉ်သူ၏ အမှာစာ	ဃ မှ င အထိ
၃။	ပထမပြန်စာမေးပွဲ သတ်မှတ်ချက်များ	စ
၄။	ပထမလတ်တန်း ပြဋ္ဌာန်းကျမ်းစာများ	ဆ မှ ဇ အထိ
၅။	ပထမလတ်တန်း ပုစ္ဆာထုတ်စည်းမျဉ်း	ဇ မှ ဋ အထိ
၆။	ထုတ်ဝေပြီး ကျမ်းစာများ	ဌ
၇။	ပဏာမ	၃
၈။	ဒွေမာတိကာ ဘာသာ	၁ မှ ၅၉-အထိ
၉။	ဓမ္မပဒ ဘာသာ	၆၀ မှ ၁၁၁-အထိ
၁၀။	ကစ္စည်းသဒ္ဒါကြီး ဘာသာ	၁၁၁ မှ ၁၇၁-အထိ
၁၁။	အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ	၁၇၁ မှ ၂၂၆-အထိ
၁၂။	မာတိကာ ဓာတုကထာ ဘာသာ	၂၂၇ မှ ၂၈၆-အထိ
၁၃။	ယမိုက်အောက် ၅-ကျမ်း ဘာသာ	၂၈၆ မှ ၃၃၅-အထိ
၁၄။	ဘာသာပြန် ဘာသာ	၃၃၅ မှ ၃၆၂-အထိ

http://www.dhammadownload.com

http://www.dhammadownload.com

ပဌာန

သမ္ဘုဒ္ဓနာမံ ပရမတ္ထဟာရံ၊
နာထံ နမိတ္ဘာန ဝိသဒ္ဓနာဟံ၊
သောတူနမတ္ထာယ ပဟာယ ခေဒံ၊
ကသာမိ နာနာနယဒီပကံ မံ၊

(၁၁-လုံးဖွဲ့. ဣန္ဒ၀ဇိရာဂါထာ)

အဟံ-ခန္ဓာပေါ်တွင် ပညတ်တင်လတက် အစဉ်ပြောကြ တိလောက-ဟု နာမတွင်ခေါ်တဝဲည်တော်သည်၊ ပရမတ္ထဟာရံ - မြတ်သောအကျိုးကို ဆောင်တော်မူတတ်သော၊ သမ္ဘုဒ္ဓနာမံ သမ္ဘုဒ္ဓ - အမည်ရှိသော၊ နာထံ - ဝေနေယျများ သောင်းတိုက်သားတို့၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားကို၊ နမိတ္ဘာ - ဦးညွှတ်ရိုကျိုး ရှိခိုးပြီး၍၊ ခေဒံ- ပင်ပန်းနွမ်းနယ်မှုကို၊ ပဟာယ- ပယ်စွန့်၍၊ သောတူနံ- စာသင်ယူသူ အခြေပြုတို့၏၊ အတ္ထာယ - အကျိုးငှာ၊ နာနာနယဒီပကံ- ပြေနည်းပြေပုံ အပုံပုံကို သေချာကျနဟော်ပြတတ်သော၊ ဣမံ ဝိသဒ္ဓနံ- ဤ ပထမလတ်တန်း အပြေစုံကျမ်းကို၊ ကသာမိ - ရေးသားတီထွင် စီရင်ပေအုံ့။

မှတ်ချက်။ ။ ဝိသဒ္ဓန- သဒ္ဒါ နပုံလိုင်, ဣတ္ထိလိုင် နှစ်မျိုးသုံးနိုင်ကြောင်း မိန့်ဆိုကြသည်၊ ဣတ္ထိလိုင်ဖြစ်လျှင် နာနာနယဒီပိကံ- ဟု ဝိသေသန ထားရမည်၊ ဤ၌ကား နပုံလိုင်ကို ရည်ရွယ်၍ ဒီပကံ - သုံးထားသည်။

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ကချင်ပြည်နယ် ပထမလတ်တန်း ။ ဒွေမာတိကာဘာသာ

၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၄-၄-၂၀၀၅) တနင်္လာနေ့

၁။ ဘိက္ခုနီပါတိမောက်လာ အပြစ်ကြီးမား သူခိုးမအား ရဟန်းခံပေးမှုနှင့် ပတ်သက်၍ ပညတ်တော်မူသော သိက္ခာပုဒ်ကို ဖော်ထုတ်၍ ပါဠိရေးသားပါ။

၂။ ဘိက္ခုပါတိမောက်လာ အညဝါဒက၊ ဥဗ္ဗာပနက သိက္ခာပုဒ်တို့၌ အနုပညတ်ပါဠိများကိုသာ ထုတ်နှုတ်၍ မမှားအောင် အနက်ယောဇနာပြုပါ။

၃။ တတိယပါရာဇိကအာပတ်သည် ပရိယာယ်ကြွယ်ကြွယ်ဖြင့် ပြောဆိုက အာပတ်မှ လွတ်မှ ရှိ/မရှိ သာဓကပြု၍ ဆုံးဖြတ်ချက်ချပြီးလျှင်၊ အဓိကရုဏ်းလေးပါးတို့အား အဘယ်ကြောင့် လေသအမည် မရှိရခြင်းကိုလည်း ကခါဆရာအာဘော်ကျ ဖြေဆိုပါ။

၄။ ပထမအနိယတသိက္ခာပုဒ်၌ ရဟ-အရယူရမည့် ရဟာကို အထောက်သာဓကဖြင့် ကောက်ပြု၍၊ အတိရေကစီဝရ, အတိရေကပတ္တ-တို့၏ အဓိပ္ပါယ်ကိုလည်း အသီးသီး ဖော်ပြပါ။

၅။ ကယဝိက္ကယသိက္ခာပုဒ်၌ နာနုပ္ပကာရက-ဟူသည် အဘယ်သို့သော ပစ္စည်းမျိုးပြစ်သည်ကို ဖော်ပြ၍၊ မိုးရေခံသက်နှုံးအရာဝယ် ကုစ္ဆိသမယ, ဝိဠိသမယ-အခါတို့ကိုလည်း တိကျစွာသတ်မှတ်ပြပါ။

၆။ အနုပခဇ္ဇသိက္ခာပုဒ်ဝယ် မဏဍလသင့်သော ပုဂ္ဂိုလ်များကို အကြောင်းတရားနှင့်တကွ တွဲစပ်ဖော်ပြ၍ ဘိက္ခုသုဒ္ဓပါစိတ် ရတနသိက္ခာပုဒ်၌ ရတန, ရတနသမ္မတ-အမည်ရသော ပစ္စည်းများကိုလည်း သတ်မှတ်ဖော်ပြပါ။

http://www.dhammadownload.com

၇။ ဂရုပါဝုရဏာ, လဟုပါဝုရဏာ–တို့၏ အဓိပ္ပါယ်ကို တန်ဖိုးနှင့်တကွ သတ်မှတ်ဖော်ပြ၍ ဂ်ုမာရိဘူတ သိက္ခာမာန်မကို ရဟန်းခံပေးရာ၌ ပြည့်စုံရမည့် အင်္ဂါများကိုလည်း အပိုအလိုမရှိ ဘိက္ခုနိုပါတိမောက်လာအတိုင်း သတ်မှတ်ပြပါ။

၈။ အောက်ပါ ရဟန်း, ရဟန်းမတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ် အမည်တပ်၍ ဝိနိစ္ဆယချ ပြပါ။

(က) ရဟန်းတစ်ပါး၏ ဒုဋ္ဌုလ္လအာပတ်ကို လူ, သာမဏေအား ပြောကြားသောရဟန်း၊

(ခ) အသက်နှစ်ဆယ် မပြည့်သေးသော သာမဏေအား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသောရဟန်း၊

(ဂ) သိက္ခာ ၁၂–ပါ မရသေးဘဲ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသော ရဟန်းမ၊

(ဃ) ကာရာအိုကေသိချင်း သိဆိုသောရဟန်းမ၊

(c) စိန်နားကပ် ပန်သောရဟန်းမ။

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ဒွေမာတိကာဘာသာ

၁။ (စောရိဝုဋ္ဌာပိကာသိက္ခာပုဒ် ပါဠိရေးလေ)။

၂။ **အညဝါဒက** – ဝိဟေသကေ ဆိတ်ဆိတ်နေသဖြင့် သံဃာကိုညှင်းဆဲခြင်းကြောင့်၊
ဥဇ္ဈာပနက – ခိဃျနကေ – ရှုတ်ချခြင်းကြောင့်။

၃။ မရဏဝဏ္ဏံဝါ သံဝေဏ္ဏယျကို ထောက်၍ အာပတ်မှ မလွတ်ပါ။

ဇာတိလေသစသည်တို့ကို ပုဂ္ဂိုလ်တို့၏ လေသအဖြစ်သာဟောအပ်သည်၊ ဝိဝါဒါ အဓိကရဏ်းစသောအဓိကရဏ်းတို့ လေသအဖြစ်မဟောအပ်သောကြောင့် အဓိကရဏ်း လေးပါးတို့အား လေသအမည်မရှိပါ။

http://www.dhammadownload.com

၇။ စက္ခုရုဟကိုယူရမည်။

သာဓက - ရဟောပဋိစ္ဆန္နေ အလံကမ္မနိယေ။

အတိရေကစိဝရ

အဓိဋ္ဌာန်တင်အပ် ဝိကပ္ပနာပြုအပ်သော သင်္ကန်းမှ အပိုအလွန်ဖြစ်သောသင်္ကန်းသည် အတိရေကစိဝရ မှည်သည်။

အတိရေကပတ္တ -

အဓိဋ္ဌာန်တင်အပ် ဝိကပ္ပနာပြုအပ်သော သပိတ်မှ အပိုအလွန်ဖြစ်သော သပိတ်သည် အတိရေကပတ္တမည်သည်။

၈။ သင်္ကန်းစ်သော ကပ္ပိယဘဏ္ဍာသည် နာနပ္ပကာရကဖြစ်သည်။

ကုစ္ဆိ သမယ

နယုန်လပြည့်ကျော် ၁-ရက်မှစ၍ တန်ဆောင်မုန်းလပြည့်အထိ ၈-လသည် ကုစ္ဆိသမယ။

ဝိဋ္ဌိသမယ

တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်မှစ၍ နယုန်လပြည့်အထိ ၇-လသည် ဝိဋ္ဌိသမယ။

၆။ **မထစေသင့်သော ပုဂ္ဂိုလ်များ -**

၁။ သီတင်းကြီးဖြစ်သောကြောင့် သီတင်းကြီးပုဂ္ဂိုလ်ကိုလည်း မထစေသင့်ပါ။

၂။ ဂိလာနဖြစ်သောကြောင့် ဂိလာနပုဂ္ဂိုလ်ကိုလည်း မထစေသင့်ပါ။

၃။ သံဃာအား ကျေးဇူးများသည်၏အပြစ် ဂုဏ်ထူးရှိသည်၏အပြစ်ကို မှတ်၍ ခုဝါသ အကျိုးငှါ သံဃာက သီးခြားနေရာပေးထားသောကြောင့် ဘဏ္ဍာစိုး ဓမ္မကထိကစသူတို့ကို မထစေသင့်ပါ။

ရတနအပည်သော ပစ္စည်းများ -

ပုလဲ, ပတ္တမြား, ကြောင်မျက်ရှဉ့်, ခရုသင်း, ကျောက်သလင်း, သန္ဓာ, ငွေ, ရွှေ, ပတ္တမြား ကျောက်နီ, ပတ္တမြားပြောက်။

ရတနသမ္မတအပည်ရသော ပစ္စည်းများ -

လူတို့၏ အတွင်း, အပအသုံးအဆောင် အားလုံးကို ယူ။

http://www.dhammadownload.com

၇။ **ဂရုပါဝုရဏ**

အေးသောအခါခြုံအပ်သော လေးကံသ (၁၆-ကျပ်)တန်သော လေးသောခြုံထည်သည် ဂရုပါဝုရဏာ။

လဟုပါဝုရဏ

ပူသောအခါ ခြုံအပ်သော နှစ်ကံသခွဲ (၁၀-ကျပ်)ထိုက်တန်သော ပေါ့သောခြုံထည်သည် လဟုပါဝုရဏာ။

ပြည့်စုံရမည့် အင်္ဂါများ -

၁။ အသက် ၂၀-ပြည့်ခြင်း၊

၂။ သိက္ခာမာန်ကျင့်ဝတ်ကို ၆-နှင်ကျင့်ပြီးခြင်း၊

၃။ ဥပသမ္ပဒါသမ္မုတိရခြင်း။

၈။ (က) သုဒ္ဓပါစိတ် ဒုဋ္ဌုल्लာရောစနသိက္ခာပုဒ်၊

(ခ) သုဒ္ဓပါစိတ် ဥိနဝိသတိဝဿသိက္ခာပုဒ်၊

(ဂ) သုဒ္ဓပါစိတ် ဥိနဒ္ဒါဒသဝဿသိက္ခာပုဒ်၊

(ဃ) သုဒ္ဓပါစိတ် နစ္စဂီတသိက္ခာပုဒ်၊

(c) သုဒ္ဓပါစိတ် ဂ္ဂဟ္ထာလက်ာရသိက္ခာပုဒ်။

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ကယားပြည်နယ် ပထမလတ်တန်း ။ ဘိက္ခုပ္ပါတိမောက်ဘာသာ

၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက် (၄-၄-၂၀၀၅)တနလာနေ့

၁။ အောက်ပါသိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးသားပြပါ။

(က) ဂိလာနမဟုတ်ဘဲ မိမိအတွက် ပဏီတဘောဇဉ်ကို တောင်းစားသောရဟန်း၏ အပြစ်ပြ သိက္ခာပုဒ်၊

(ခ) ဘိက္ခုနီ တတိယသံဃာဒိသေသ် သိက္ခာပုဒ်။

http://www.dhammadownload.com

၂။ ခက်မဋ္ဌ ပေါက်ရှောအနာကို သံဃာစသည် မပန်ကြားဘဲ ယောကျ်ားဆရာနှင့် တစ်ယောက်ချင်း ခွဲစိပ်ကုသမှုပြုသော ရဟန်းမ၏ အပြစ်မြင် သိက္ခာပုဒ်ကို အနက်ဖေးပြခဲ့ပါ။

၃။ ဒုဗ္ဗစသိက္ခာပုဒ်လာ သာသနာတော် (သံဃာ့ပရိသတ်) စည်ပင်ပြန့်ပွားစေရန် လုပ်ဆောင်ရမည့် ကိစ္စ ၂-ရပ်တို့ကို တိကျစွာ ဖော်ပြ၍ ဂိလာနရဟန်းများအတွက် ဘုရားရှင်ခွင့်ပြုထားသော ဆေးများကို ဖော်ပြပြီး၊ ၎င်းဆေးများကို သိမ်းဆည်း၍ စားနိုင်သောရက်ပေါင်းကိုလည်း မှန်ကန်စွာ ဖြေဆိုခဲ့ပါ။

၄။ နှစ်ညဉ့်, သုံးညဉ့်မျှ စစ်တပ်၌ နေစဉ် ရဟန်းတော်များ အကြည့်အရှု မသွားထိုက်သော အရပ်(နေရာ) များကို ကျမ်းရင်းလာသည့်အတိုင်း ရေးပြပြီးလျှင်၊ ရဟန်းမိန်းမ တောင်းယူနိုင်သော လေးသောခြုံထည်၏ တန်ဖိုးပမာဏကိုလည်း သာဓကပြ၍ ရေးပြပါ။

၅။ နှစ်နှစ်ပတ်လုံး သိက္ခမာန်အကျင့် ကျင့်ပြီးတိုင်း ရဟန်းခံပေးနိုင်ပါသလော, သာဓကပြ၍ ဖြေဆိုပြီးလျှင်၊ ဂိဟိဂတသိက္ခမာန်နှင့် ကုမာရိဘူတသိက္ခမာန်တို့ကို ရဟန်းခံပေးရန် လိုအပ်သောအဂါများကိုလည်း ခွဲခြားဖြေဆိုပါ။

၆။ သိက္ခာချွတ်မရှိသော ပုဂ္ဂိုလ်များကို ဖော်ပြ၍၊ ဘိက္ခုပါရာဇိက နောက်ဆုံးသိက္ခာပုဒ်တော် ပညတ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၇။ အတ္တကာမပါရိစရိယ သိက္ခာပုဒ်၌ ဩတိဏ္ဏ, ဝိပရိဏတ-တို့၏ အရ အဘယ်ကို ယူရမည်နည်း, ဖြေဆို၍၊ သိလဝန္တ, ဗြဟ္မစာရီ, ကလျာဏဓမ္မတို့၏ အရကိုလည်း အသီးသီး ရေးခဲ့ပါ။

၈။ ကထိန်အာနိသင်ကြောင့် အပြစ်မှ ကင်းလွတ်ခွင့်ရှိသော သိက္ခာပုဒ်တို့ကို ရေးပြီးလျှင်၊ ဥပနိက္ခိတ္တံ သာဒိယေယျ-၌ အဘယ်ကို ဥပနိက္ခိတ္တ သာဒိယန -ဟု ခေါ်ဆိုရသည်ကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

ပထမလတ်တန်း ဝဏ္ဏာ+ အမြေစို

၂။ ကယားပြည်နယ် (အမြေ)

ပထမလတ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (က) (ပဏာတိတော်ဘာဇနသိက္ခာပုဒ်။)

(ခ) (ကောဂါမန္တရုဂမနသိက္ခာပုဒ်တို့ကို ပါဠိဖြင့်ရေးလေ)။

၂။ (ပသာခေဇာတသိက္ခာပုဒ်ကို အနက်ရေးလေ)။

၃။ **လုပ်ဆောင်ရန် ကိစ္စ ၂-ရပ်**

၁။ အချင်းချင်း ပြောဆိုဆုံးမခြင်း။ ၂။ အချင်းချင်း အာပတ်မှထစေခြင်း။

ဆေးများ - - သပ္ပိ, နဝဏီတ, တေလ, မဓု, ဖာဏိတ။

ရက်ပေါင်း - အများဆုံး ၇-ရက်

၄။ ၁။ တက်၍ တက်၍ ထိုးပစ်ရာအရပ်။ ၂။ ဗိုလ်ပါရဲမက်ကို ရေတွက်ရာအရပ်။

၃။ စစ်ဆင်ရာအရပ်။

၄။ ဆင်တပ် မြင်းတပ် ရထားတပ် လက်နက်စွဲသော ရဲမက်ကို ရှုရာအရပ်။

ထန်ဝိုးပမာဏ - ၄ ကံသ ၁၆-ချက်

သာဓက - ဂျပ်ဝုရဏံ ပန ဘိက္ခနိယာ စေတာပေန္တိယာ စတုက္ကံသပရမံ စေတာပေတဗ္ဗံ တတော စေ ဥတ္တရိ စေတာပေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။

၅။ နှစ်နှစ်ပတ်လုံး သိက္ခာမာန် အကျင့်ကျင့်ပြီးတိုင်း ရဟန်းခံမပေးနိုင်ပါ။ သံဃာထံမှ ဥပသမ္ပဒါသမ္မတိရမှသာလျှင် ရဟန်းခံပေးနိုင်သည်။

သာဓက - ယာပနဘိက္ခုနိ ပရိပုဏ္ဏဝိသတိဝဿံ ကုမာရိဘူတံ ဒ္ဝေ ဂဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခံ သံဃေန အသမ္မတံ ဥဒ္ဒါပေယျ ပါစိတ္တိယံ၊

လိုအပ်သောအဂါများ

ဂိတိဂတသိက္ခမာန်အတွက်

၁။ ၁၂-ပြည့်ပြီးခြင်း။ ၂။ နှစ်နှစ်ပတ်လုံးသိက္ခာမာန် ကျင့်ဝတ်ကျင့်ပြီးခြင်း၊
၃။ ဥပသမ္ပဒါသမ္မတိရခြင်း၊

ဗုဒ္ဓမာရိဘုတသိက္ခာမာန်အတွက်

၁။ အသက် ၂၀-ပြည့်သူဖြစ်ခြင်း၊ ၂။ နှစ်နှစ်ပတ်လုံးသိက္ခာမာန် ကျင့်ဝတ်ကျင့်ပြီးခြင်း၊
၃။ ဥပသမ္ပဒါ သမ္မတိရခြင်း။

၆။ ၁။ သည်းချေပျက်၍ ရူးသောပုဂ္ဂိုလ်၊ ၂။ စိတ်ပြန့်လွင့်သော ပုဂ္ဂိုလ်၊
၃။ ဝေဒနာအနှိပ်စက်ခံရသော ပုဂ္ဂိုလ်။

ဝဂ္ဂမုဒါမြစ်ကမ်းခွဲနေကုန်သော ရဟန်းများတို့ ဥတ္တရိမနုဿဓမ္မကို ပြောကြားခြင်းကြောင့် စတုတ္ထပါရာဇိက ပညတ်သည်၊

၇။ **သြတိဏ္ဍအရ** – အတ္တကာမ ပါရိစရိယရာဂသမဂ္ဂီပုဂ္ဂိုလ်။
ဝိပရိဏတအရ – အတ္တကာမပါရိစရိယ ရာဂစိတ်၊
သိလဝန္တအရ – ပါဏာတိပါတ စသည်တို့မှ ရှောင်ကြဉ်သူ၊
ဗြတ္တစာရီအရ – မေထုန်အကျင့်မှ ရှောင်ကြဉ်သူ၊
ကလျာဏဓမ္မအရ – ထိုပါဏာတိပါတ-စသည်တို့မှ ရှောင်ကြဉ်ခြင်း၊ မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း နှစ်မျိုးတို့ဖြင့် ကောင်းသောအကျင့်ရှိသူ။

၈။ ပဌမကထိနသိက္ခာပုဒ်၊ (ယားအတွက်ပဲမှီအာနိသံသ)ဒုတိယကထိနသိက္ခာပုဒ်(အသမာဒါနရေ အာနိသံသ) ဂဏဘောဇနသိက္ခာပုဒ်၊ (ဂဏဘောဇန အာနိသံသ) စာရိတ္တသိက္ခာပုဒ်၊ (အနုမုဒ္ဓရေ အာနိသံသ)

ဥပနိက္ခိတ္တ သာဒိယန

"ဤရွှေငွေသည် အရှင်ဘုရားတွက် ဖြစ်ပါစေ"ဟု မျက်မှောက်၌တည်သော ရွှေငွေကိုဖြစ်စေ "ဤမည်သော အရပ်၌ရှိသော ကျွန်ုပ်၏ ရွှေငွေသည် အရှင်ဘုရားတွက် ဖြစ်ပါစေ"ဟု မျက်ကွယ်၌ရှိသော ရွှေငွေကိုဖြစ်စေ "အရှင်ဘုရားအတွက်"ဟု ပြော၍ စကားသက်သက်ဖြင့်လည်းကောင်း၊ လက်အမှုအရာဖြင့်လည်းကောင်း၊ ဝန်ခံလူအပ်သည်ကို ကိုယ်နှုတ်တို့ဖြင့် မပယ်ဘဲ စိတ်ဖြင့် လက်ခံသာယာခြင်းကို ဥပနိက္ခိတ္တ သာဒိယန ဟုခေါ်သည်။

http://www.dhammadownload.com

၃ ၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ကရင်ပြည်နယ် ပထမလတ်တန်း ။ ဘိက္ခုပါတိမောက်ဘာသာ ၁၃၈၆-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက် (၄-၄-၂၀၀၅)တနင်္လာနေ့

၁။ နိဗ္ဗာန်းဥတ်ပါဋ္ဌတော်၌ပါသော အဖျုပေါ်သထော-ပုဒ်အရ ဥပုသ် ၉-မျိုးတို့တွင် ယူရမည့် ဥပုသ်, ပယ်ဖျောက်ရမည့်ဥပုသ်တို့ကို ပါဋ္ဌိသာဓကပြပြောဆိုရ၍ သုတ္တန္ဒေသသံဃဥပုသ်ကိုအားလျောက်ပတ်ရန်သံဃာအနည်းဆုံး မည်မျှရှိရမည်ကိုလည်း ပြောဆိုခဲ့ပါ။

၂။ မရဏာဝဏ္ဏံ ဝါ သံဝဏ္ဏေယျ-ဟူသောပါဋ္ဌိ၌ သံဝဏ္ဏေယျပြင်း အင် ပြောဆိုရေးသားပုံကို ကခ်ီအလိုက် ပြောဆိုပြီးလျှင်၊ တတိယပါရာဇိကသိက္ခာပုဒ်၌ ပရိယာယ်အားဖြင့် ပြောဆိုကအာပတ်မှလွတ်, မလွတ်ဆုံးဖြတ်ခဲ့ပါ။

၃။ အစ, အလယ်, အဆုံးတို့၌ သံဃာကို အလိုရှိအပ်သောကြောင့် သံဃာဒိသေသ်မည်၏ဟု ဆိုရာ အဘယ်အရတို့သည် အစ, အလယ်, အဆုံးတို့ဖြစ်ပါသနည်း, ပြောဆိုရ၍ အဘွာန်၏ အဓိပ္ပါယ်နှင့် တေစ ဘိက္ခု ဂါရယှာ၌ ဂါရယှာအရ ယူရမည့် အာပတ်ကိုလည်း ပြောဆိုခဲ့ပါ။

၄။ ဒိဋ္ဌ, သုတ, ပရိသင်္ကိတ မရှိဘဲ ရဟန်းတစ်ပါးကို အခြားရဟန်းတစ်ပါးက ပါရာဇိက, သံဃာဒိသေသ် အာပတ်တို့ဖြင့် စွပ်စွဲရာ၌ သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်ပြ ပြောဆိုပြီးလျှင်၊ ဘိက္ခုနိမ, လူမိန်းမတို့နှင့် တိုင်ပင်၍ ခရီးသွားသော ရဟန်းအား အဘယ်အာပတ်သင့်သည်ကို သိက္ခာပုဒ်ထောက်၍ ပြောဆိုခဲ့ပါ။

၅။ ဘိက္ခုနီသံဃာဒိသေသ်၌ ရဟန်း, ရဟန်းမ နှစ်ပါးစုံနှင့်သက်ဆိုင်သော သာဓာရဏာပညတ္တိသိက္ခာပုဒ်, ရဟန်းမတို့နှင့်သာဆိုင်သော အသာဓာရဏာပညတ္တိသိက္ခာပုဒ်တို့ကို သချိုမှုဖော်ပြ၍၊ ယောက်ျားတို့အား ရှင်, ရဟန်းပြုရန် မိဘတို့ထံခွင့်တောင်းရဲသလို မိန်းမတို့အား အဘယ်ပုဂ္ဂိုလ်တို့ထံ ခွင့်တောင်းရမည်ကိုလည်း သိက္ခာပုဒ်အမည်တပ်၍ ပြောဆိုခဲ့ပါ။

http://www.dhammadownload.com

၆။ အောက်ပါ ဘိက္ခု၊ ဘိက္ခုနီတို့အား သင့်ရောက်နိုင်သော အပြစ်တို့ကို ပြေဆိုပါ။
(က) မာတုဂါမကိုယ်ကို လက်အိတ်စွပ်၍ ကိုင်သော ရဟန်း၊
(ခ) မာတုဂါမကိုယ်ပေါ် ဝတ်ထားသော အင်္ကျီကို လက်အိတ်မပါဘဲ ကိုင်သော ရဟန်း၊
(ဂ) လင်မယားနှစ်ယောက်သာ ရှိသောအိမ်သို့သွား၍ တိုးဝှေ့နေထိုင်သော ရဟန်း၊
(ဃ) သုံးကြိမ်ဆုံးမသည့်တိုင်အောင် ရတနာသုံးပါးအား စွန့်ပါ၏ဟု ဆိုသော ဘိက္ခုနီမ၊
(င) မိမိကိုယ်ကို ထု၍ ထု၍ ငိုသော ဘိက္ခုနီမ။

၇။ ရဟန်းတော်များအတွက် တိစီဝရိက်သက်နန်းမှတပါး သီးခြားခွင့်ပြုထားသော အမာလွမ်းသက်နန်း၏ အတိုင်းအတာပမာဏပြု သိက္ခာပုဒ်ကို အနက်ရေးပါ။

၈။ အသက်နှစ်ဆယ်ပြည့်ပြီး ကုမာရိအရွယ် အမျိုးသမီးငယ်တို့အတွက် ရဟန်းခံခြင်းနှင့် မွတ်သက်၍ ဘိက္ခုနီမတို့အား ဘုရားပညတ်ထားသော သိက္ခာပုဒ်နှစ်ပုဒ်ကို ပါဠိရေးပါ။

၃။ ကရင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ **အဇ္ဈပေါ်သထောအရ**

ပန္နရသောကို ထောက်၍ ပန္နရသီကိုယူ၍ စတုဒ္ဒသီ သာမဂ္ဂိတို့ကို ပယ်ရမည်၊ **အနည်းဆုံးသံဃာ** – ၄–ပါးဖြစ်သည်။

၂။ နှုတ်ဖြင့်သော်လည်းကောင်း, ထန်းရွက် (စာရွက်)စသည်တို့၌ ရေး၍သော်လည်းကောင်း, ဤပုံဤနည်းဖြင့် သေသောသူသည် ဥစ္စာရနိုင်၏ စသောနည်းဖြင့် သေခြင်း၌ ဂုဏ်ကျေးဇူးကို ထင်ရှားအောင်ပြု၍ ချီးမွမ်းပါသည်။

အာပတ်မှ လွတ်/မလွတ်

တတိယပါရာဇိက သိက္ခာပုဒ်၌ ပရိယာယ်အားဖြင့် ပြောဆိုက အာပတ်မှ မလွတ်ပါ။

http://www.dhammadownload.com

၃။ အစ– ပရိတ်သည်၊ အလယ်–မာနတ်၊ အဆုံး– အဘွာန် ဖြစ်သည်။
အဘွာနကိုး အစွမ်းအားဖြင့် သံဃာတော်သို့ သွင်းခြင်း သံဃာကလက်ခံခြင်းသည် အဘွာန်ဖြစ်သည်။
ဂါရယျာ အရ.– ဒုက္ကင့်အာပတ်၊

၄။ **သင့်ရောက်နိုင်သော အာပတ်များ–**
ပါရာဇိကဖြင့် စွပ်စွဲလျှင် သံဃာဒိသေသ် (ဒုဋ္ဌဒေါသသိက္ခာပုဒ်)၊
သံဃာဒိသေသ်ဖြင့် စွပ်စွဲလျှင် ပါစိတ် (အမူလကသိက္ခာပုဒ်)၊
ဘိက္ခုနီမဖြင့် သွားလျှင် ပါစိတ်အာပတ် ဩဝါဒဝဂ် သံဝိဓာနသိက္ခာပုဒ်၊
လူမိန်းမဖြင့်သွားလျှင် ပါစိတ်အာပတ် သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်။

၅။ သာဓာရဏာ– ၁၀–ခု၊
အသာဓာရဏာ– ၇–ခု။
ခွင့်တောင်းရမည့်ပုဂ္ဂိုလ် –
မိဘနှင့် လင်ယောကျ်ားတို့ဖြစ်သည်၊ အနုဇာတသိက္ခာပုဒ်။

၆။ (က) ထုလ္လစ္စည်းအာပတ်၊ (ခ) ထုလ္လစ္စည်းအာပတ်၊ (ဂ) သုဒ္ဓပါစိတ်အာပတ်၊
(ဃ) သံဃာဒိသေသ်၊ (င) သုဒ္ဓပါစိတ်။

၇။ (ရတနာ၀ဂ် ကဏ္ဍာပ္ပဋိဋ္ဌာဒိသိက္ခာပုဒ် အနက်ရေးပါ)။

၈။ (ကုမာရိဘူတ၀ဂ် ၃ – တ ကုမာရိဘူတသိက္ခာပုဒ်ပါဠိရေးလေ)။

http://www.dhammadownload.com

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ချင်းပြည်နယ် ပထမလတ်တန်း ။ ဝိနယ (ဒွေမာတိကာ)ဘာသာ

၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၄-၄-၂၀၀၅) တနင်္လာနေ့

၁။ ဘိက္ခုပါတိမောက် နိဿဂ္ဂိယပါစိတ္တိယကဏ္ဍ ကောသိယဝဂ်-လာ ဆဗ္ဗသ သိက္ခာပုဒ်ကို ပါဠိသက်သက်မျှ ရေးသားပြပါ။

၂။ ယောက်ျားလေးတစ်ယောက်၏ လက်မှ ခဲဘွယ်, ဘေးဇင်ကို မိမိလက်ဖြင့်ယူ၍ စားသော ဘိက္ခုနီမ၏ အပြစ်ပြည့်သိက္ခာပုဒ်ပါဠိတော်ကို ဘိက္ခုနီသံဃာဒိသေသ ကဏ္ဍမှ ထုတ်ဆောင်၍ အနက်ယောဇနာပြပါ။

၃။ ပုဗ္ဗကိစ္စ ၅-ပါးတို့တွင် နောက်ဆုံး ၂-ပါးကိုသာ မြန်မာဘာသာဖြင့် မှန်ကန်စွာ ဖော်ထုတ်ရေးသားပြပြီးလျှင်၊ ပါရာဇိကကျရှုံးသော ရဟန်း၏ သာသနာတော်မှ ကျရှုံးရပုံကို ဝိနယပါဠိ ကိုးကား၍ အကျိုးများအောင် ပြေဆိုပြပါ။

၄။ အတိုရေကပတ္တ-ကို သုံးဆောင်နိုင်ခွင့်ရှိသော ရက်အပိုင်းအခြားကို ပတ္တသိက္ခာပဒနှင့် အညီ ပြေဆိုပြ၍၊ မဟာပေသကာရသိက္ခာပုဒ်-လာ သက်နှုန်း၌ စိရင်ပုံ စီရင်နည်း ၇-နည်းတို့ တွင် နောက်ဆုံးသုံးနည်းကိုသာ ပါဠိ/မြန်မာ နှစ်ဖြာတွဲ၍ ပြေဆိုပြပါ။

၅။ အောက်ပါ ရဟန်း/ရဟန်းမိန်းမတို့အား သင့်ရောက်ထိုက်သည့် အာပတ်အမည်တို့ကို သက်ဆိုင်ရာသိက္ခာပုဒ်အမည်များနှင့် ယှဉ်တွဲဖော်ပြပေးပါ-

(က) ကိုယ်ဝန်ရှိနေသော အမျိုးသမီးတစ်ယောက်အား ကိုယ်ဝန်ကျဆေး တိုက်ကျွေးသောရဟန်း၊

(ခ) အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ်ယောက်တို့ကို အချင်းချင်းအဆင်ပြေအောင် အောင်သွယ်ပြုလုပ်သောရဟန်း၊

(ဂ) ညှပ်ရိုးနှင့် ပုဆစ်ဒူးဝန်းတို့၏ အတွင်းအရပ်ရှိ ကိုယ်အင်္ဂါကို ယောက်ျားလေးတစ်ယောက်က ရာဂစိတ်ဖြင့် ကိုင်ရာ၌ သာယာသောရဟန်းမိန်းမ၊

(ဃ) ဇာတ်သဘင်ပွဲကို ကြည့်ရှုရန် သွားသောရဟန်းမိန်းမ၊

http://www.dhammadownload.com

(c) ဂိုဏ်း၏ သက်နှံးရမှုကို ပိတ်ပင်တားဆီးသောရဟန်းမိန်းမ။

၆။ ကဿီအဌကထာကို ရေးသားတော်မူသော အရှင်မဟာဗုဒ္ဓဃောသမဟာထေရ်မြတ်သည် ဂန္ထာရမ္ဘကထာ–၌ ရတနာမြတ်သုံးပါးကို အဘယ်သို့သော ဂုဏ်ထူးဝိသေသပြင့် ချီးကျူးတော်မူထားပါသနည်း? ဖြေဆိုပြ၍၊ ကဿီအဌကထာကျမ်း ရေးသားပေးတော်မူပါရန် အတွက် တောင်းပန်လျှောက်ထားသော မထေရ်မြတ်၏ ဘွဲ့တော်ကိုလည်း မှန်ကန်စွာ ရေးသားပြပါ။

၇။ ခိုးခြင်း ၂၅–မျိုးတို့တွင် ပုဗ္ဗပယောဂပဋိက–၌ အကျုံးဝင်နေသော သဟပယောဂနှင့် နိမိတ္တကမ္မတို့၏ သဘော အဓိပ္ပါယ်ကို ကဿီအဌကထာ အဖွင့်နှင့်အညီ မှန်ကန်စွာဖြေ ဆိုပြပါ။

၈။ ဂါမံ ဝါ နိဂမံ ဝါ–ဟူသော စကားရပ်၌ မြို့ကို ဂါမ၌ သွင်းယူရမည်လော? နိဂမ–၌ သွင်းယူရမည်လော? ဖြေဆိုပြ၍၊ ပရိဝါသ ၃–မျိုးသရုပ်ကိုလည်း အစဉ်မပျက် ရေတွက်ပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမလတ်တန်း။ ။ ဝိနယ (ဒွေမာတိကာ)ဘာသာ

၁။ (ပါဠိရေးလေ)။

၂။ (ဘောဇနပဋိဂ္ဂဟန ပထမသိက္ခာပုဒ် အနက်ရေးလေ)။

၃။ **နောက်ဆုံး ၂–ပါး**

၁။ ဥပုသ်ပြု သံဃာအရေတွက်ကို လျှောက်ထားခြင်း။

၂။ ဘိက္ခုနီမတို့၏ ဩဝါဒကို ခံယူလိုကြောင်း ခွင့်တောင်းစကားကို ဆောင်လာသော ရဟန်းက သံဃာအားလျှောက်ထားခြင်း။

http://www.dhammadownload.com

ဆုံးရှုံးရပုံ –

ရှေးလူဖြစ်စဉ်အခါ၌ ရဟန်းကောင်းတို့နှင့် အတူတကွ ဆက်ဆံရခြင်းမရှိသကဲ့သို့ ပါရာဇိကကျပြီးနောက်၌လည်း ရဟန်းကောင်းတို့နှင့် အတူတကွ ကျေးဇူးသေ, ကောကမ္မ, သမသိက္ခတာ-စသော သံဝါသမရှိဘဲ ဆုံးရှုံးရပါသည်။

ယေသံ ဘိက္ခူ အညတရံဝါ အညတရံဝါ အာမဇ္ဈိတ္တာ နု လဘတိ ဘိက္ခုဟိ သဒ္ဓိ သံဝါသံ ယထာပုရေ တထာ ပစ္ဆာ၊ ပါရာဇိကော ဟောတိ အသံဝါသော။

၇။ **ရက်အပိုင်းအခြား** – ၁၀-ရက်ဖြစ်သည်။

နောက်ဆုံးသုံးနည်း

သုပ္ပဝါယိတဗ္ဗ – ကောင်းစွာ ခင်းအပ်သည်၊

သုဝိလေခိတဗ္ဗ – ကောင်းစွာ နယ်ဖြင့် ကန်အပ်သည်၊

သုဝိတစ္ဆိတဗ္ဗ – ကောင်းစွာ ဘီးဖြင့် ဖီးအပ်သည်၊

၅။ (က) တတိယပါရာဇိကသိက္ခာပုဒ်ဖြင့် ပါရာဇိက၊

(ခ) သဠာရိတ္တ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ၊

(ဂ) ဥဇ္ဇာဂဏ္ဍုမဏ္ဍလိကာသိက္ခာပုဒ်ဖြင့် ပါရာဇိက၊

(ဃ) နစ္စဂိတသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(င) ဂဏဘောဇနသိက္ခာပုဒ်သိက္ခာပုဒ်ဖြင့် ပါစိတ်။

၆။ ရိုးခြင်း, မြတ်နိုးခြင်း, ပူဇော်ခြင်း, အရိုသေပြုခြင်းတို့၏ တည်ရာဖြစ်တော်မူသော ဟူသော ဂုဏ်ထူးဝိသေသဖြင့် ချီးကျူးထားပါသည်။

ဇောင်းပန်သူ – သောဏထေရ်၊

၇။ **သတပယောဂ အဓိဋ္ဌိယ်** –

ဓာည်နေရာမှ ရွှေ့ဧသောအားဖြင့်လည်းကောင်း၊ ငုတ်တိုင်ပြောင်း၍ လယ်စသည် ကိုယူသည်၏ အစွမ်းအားဖြင့်လည်းကောင်း၊ ခိုးခြင်းသည်ဟု ဆိုအပ်ပေယောဂ။

http://www.dhammadownload.com

နိမိတ္တာတမ္ပ –အမှတ်သညာပြစ်စေခြင်းဟု မျက်စိမှတ်ခြင်းစသော အမှတ်အသားကိုပြု၍ ခိုးစေခြင်းသည် နိမိတ္တကမ္ပ။

၈။ ပြိုကို ဂါမဏီ သွင်းယူရမည်။

ပရိဝါသ် ၃–မျိုး

ပဋိစ္ဆန္နပရိဝါသ်၊ သုဒ္ဓန္တပရိဝါသ်၊ သမောဓာနပရိဝါသ်။

၅။ ပထမပြန်စာမေးခွဲကျင်းပရေးဗတိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း) ပထမလတ်တန်း ။ ဝိနယ (ဒွေမာတိကာ)ဘာသာ

၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၈–၃–၂၀၀၅)တနင်္လာနေ့

၁။ ဘိက္ခုပါတိမောက်လာ သံဃာဒိသေသ်အာပတ် ကုစားပုံပြပါဦးနှင့် ဘိက္ခုနီပါတိမောက်လာ ဘိက္ခုနီမတစ်ပါတည်း ရှာတစ်ပါးစသည်သို့ မသွားရန် တားမြစ်ထားသော သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးသားခဲ့ပါ။

၂။ အယူလွဲမှားနေသော အရှင်အရိုဠအား ရဟန်းကောင်းတို့က ပြောဆိုဆုံးမပုံ ပါဠိနှင့် ဘိက္ခုနီပါစိတ်လာ ဥပတိဋ္ဌနသိက္ခာပုဒ် ပါဠိတို့ကို အနက်ရေးခဲ့ပါ။

၃။ ဘိက္ခုပါတိမောက် နိဿဂ္ဂိယပါစိတ်လာ "အညတြ ဘိက္ခုသမ္မုတိယာ" သန္ဓိပါသော သိက္ခာပုဒ်အမည်များကို ရေးသားဖော်ပြ၍ ဝါးပွဲမပြည့်သေးဘဲ သပိတ်သစ်ကို တောင်းမိရာ၌ လိုက်နာရမည့် ကျင့်ဝတ်နှင့် သံဃိကသေနာသန–သရုပ်ကို မြန်မာဘာသာဖြင့် ရေးသားခဲ့ပါ။

၄။ ကပ္ပဗိန္ဒုထိုးရန် မြတ်ဗုဒ္ဓခွင့်ပြုတော်မူသော အရောင်အဆင်းများကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြ၍ ရတနာဝင်လာ အတိုင်းအတာပမာဏဖြင့် ပြုလုပ်ရန် ဘုရားမှတ်ထားသော ပစ္စည်းများကို ရေးသားဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ ဘိက္ခုနီမများ ကျင်ကြီးကျင်ငယ် မစွန့်ရသော နေရာဌာနများနှင့် နင်းနှိပ်မှု(ဝတ်ပြည့်မှု)တို့ကို မခိုင်းရသော သူများကို ဖော်ပြ၍ ဘိက္ခုနီမပါစိတ် အသာဓာရဏာသိက္ခာပုဒ် အရေအတွက်ကို သင်္ချာမျှ ရေးသားခဲ့ပါ။

၆။ သိမ်နှိမိတ် ၈-မျိုးတို့တွင် ပါသာဏနိမိတ္တာ်၌ ပါသာဏ-အရှန့် နိမိတ်လောက်သော ပါသာဏ(ကျောက်) ပမာဏတို့ကို ဖော်ပြပြီး၊ ပရိသာသမ္ဘတ္တိဖြစ်ပုံကို ကခ်ီလာအတိုင်း ရေးသားဖော်ပြခဲ့ပါ။

၇။ အနုပညတ် ၃-မျိုးကို ဆိုင်ရာသိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်တင်ပြ၍ တုဏ္ဍမှသာ ဝိလပိန္ဒိ-၌ တဏ္ဍနှင့်မှသာ အထူးကို ရေးသားခဲ့ပါ။

၈။ ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေယျ-၌ ပါရာဇိကအရကို ပြည့်စုံစွာ ကောက်ပြ၍ ဘေဒါ နုဝတ္တကသိက္ခာပုဒ်လာ "ကောေ ဝါ ဒွေ ဝါ တယော ဝါ" ဟုသာ ဟောရခြင်းအကြောင်းကို ဖော်ပြပြီးလျှင်၊ "စိဝရေန အစ္ဆာဒေဿာမိ" ဟူသော စကားရပ်သည် မည်သည့် စကားရပ်ဖြစ်သနည်း? အဓိပ္ပါယ်နှင့်တကွ ရေးသားဖြေဆိုခဲ့ပါ။

၅။ စစ်ကိုင်းတိုင်း (အဖြေ)

ပထမလတ်တန်း ။ ဝိနယ (ဒွေမာတိကာ)ဘာသာ

၁။ (ယေသံ ဘိက္ခု အညတရံဝါ (ပ) အယံ တတ္ထ သာမိစိ- ဟူသော ပါဠိရေးပါ)။
(ဘိက္ခုနီ သံဃာဒိသေသ် ကေဝါမ်ဏ္ဍရ ဂမနသိက္ခာပုဒ်ကို ပါဠိရေးပါ)။

၂။ (မာယသ္မာ ဇေ အဝစ (ပ) အန္တရာယာယ- ဟူသော အရိဋ္ဌသိက္ခာပုဒ်ပါဠိနှင့် ဘိက္ခုနီ သုဒ္ဓပါစိတ် လသုဏာဝဂ် ၆-ခုမြောက်သိက္ခာပုဒ်ကို ပါဠိအနက်ရေးလေ)။

၃။ ဥဒေါသိတသိက္ခာပုဒ်၊ ဆဗ္ဗဿသသိက္ခာပုဒ်၊ သာသုက်သိက္ခာပုဒ်၊

လိုက်နာရန် ကျင့်ဝတ်

ထိုသပိတ်ကို ရဟန်းပရိသတ်၌ စွန့်ရမည်၊ ထိုရဟန်းပရိသတ်၌ မည်သူမှ မယူသော

http://www.dhammadownload.com

ပတ္တာပရိယန္တသပိတ်ကို ထိုရဟန်းအား ''ရဟန်း - သင်သည် ဤသပိတ်ကို ကွဲသည်တိုင် အောင် ဆောင်ရမည်''ဟု ပြောရ ပေးရမည်။

သံဃိကသေနာသန

ညောင်းစောင်း, အင်းပျဉ်, ဘုံလျှို, ကပ်အခင်း, အိပ်ယာတို့ဖြစ်သည်။

၇။ **အရောင် ၃-မျိုး**

နီလ- စိမ်းရိုသောအရောင်၊ ကဒ္ဒမ- ညွှံရောင်အဆင်း၊ ကာဠသာမ-မည်းသောအရောင်

ပစ္စည်းများ

ညောင်းစောင်း အင်းပျဉ်, နီသီနိုင်သက်နှီး, အမာလွှမ်းသက်နှီး, မိုးရေခံသက်နှီး, ပြတဲ့ဖွာဘုရားသက်နှီး။

၈။ **အရပ်ဌာနများ**

နံရံတဖက်အရပ်၊ တံတိုင်းတဖက်အရပ်၊

စိမ်းစိုသော ကောက်ပဲရိုရာ အရပ်၊ သောက်သုံးရေ ရှိရာ အရပ်၊

မခိုင်းရသူများ

ဘိက္ခုနီ, သိက္ခမာန်, သာမဏေမ, လူအမျိုးသမီး၊

အသာဓာရဏ -၉၆- ဖြစ်သည်။

၆။ **ပါသာဏ အရ** - သံတွေ့ခဲနှင့် တကွ ကျောက်ကုန်း ကျောက်ခဲများ၊

နိုပိတ်လောက်သော ကျောက်

အကြီးဆုံး ဆင်ပမာဏမှ စ၍ ၇-ပို တင်လဲခဲပမာဏရှိသော ကျောက်။

ပရိသာသမ္ဘတ္တိ

အနည်းဆုံး ရဟန်းလေးပါးစုဝေး၍ ထိုသိမ် သမုတ်သော ဂါမခေတ်အတွင်း ဗဒ္ဓသိမ် မြစ် သမုဒ္ဒရာ ဇာတာသရအိုင်အတွင်းသို့ မသက်ရောက်သော ရဟန်းအားလုံးကို ဟတ္ထပါသ် အတွင်းသွင်း၍လည်းကောင်း၊ ဆန္ဒဆောင်၍လည်းကောင်း ပြုလျှင် ပရိသာ သမ္ဘတ္တိဖြစ်သည်။

http://www.dhammadownload.com

၇။ **အနုပညတ် ၃-မျိုး -**

၁။ အာပတ္တိကရ အနုပညတ် (အညတ်ဒုက္ခသိက္ခာပုဒ်၌ ဝိဟေသကေကဲ့သို့သော အနုပညတ်)။

၂။ အနာပတ္တိကရ အနုပညတ် (သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်လာ အညတြ သုပိနန္တာကဲ့သို့သော အနုပညတ်)။

၃။ အာပတ္တိဥပထမ္ဘကရ အနုပညတ် (ဒုတိယပါရာဇိကသိက္ခာပုဒ်၌ အရညာ ဝါ ကဲ့သို့သော အနုပညတ်)။

သန္ဒိဿနက်မှ ကင်းခြင်းသည် တုန်ဆ၊
လိမ်လည်လှည့်ဖြားလိုခြင်းသည် မုသာ၊ ဤသို့ ထူးသည်။

၈။ **ပါရာဇိက အရ**

ရဟန်းတို့နှင့်သင့်လျော်သော ပါရာဇိက ၁၉-ပါးတို့တွင် တစ်ပါးပါး။

အကြောင်း

သံဃာချင်းချင်း နိုဂ္ဂဟကံ မပြုနိုင်သောကြောင့် ဧကော ဝါ ဒွေ ဝါ တယော ဝါ ဟု ဟောရသည်။

စိဝရေန အစ္ဆာဒေဿာမိ - ဝေါဟာရစကားမျှသာဖြစ်သည်။

ဤမည်သောရဟန်းအား လှုအုံ့ဟု ဆိုလိုပါသည်။

၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ တနင်္သာရိတိုင်း ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက် (၄-၄-၂၀၀၅)တနင်္လာနေ့

၁။ ထင်ရှားရှိသော ရဟန်းအား မပန်ကြားဘဲ နေလွဲသောအခါ၌ ရှာတွင်းသို့ ဝင်သော ရဟန်းအား အပြစ်ရောက်ပုံကို ပြဆိုသော သိက္ခာပုဒ်နှင့် တားမြစ်ထားသော် ဝတ္ထုတို့ဖြင့် အပ်ကျည်ဗူးပြုလုပ်သော ရဟန်းအား အပြစ်ရှိပုံကို ပြဆိုသော သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပြပါ။

http://www.dhammadownload.com

၂။ ဖော်ပြပါ (က–ခ) အမှတ်ပြ ပါဠိတို့ကို နိသျကျကျအနက်ပေးပြပါ။

(က) ဟောယျ ဣမံ အဓိကရဏံ ဝူပသမေဟိ ဝုစ္စမာနာ သာဓူတိ ပဋိဿုဏိတ္တာ သာ ပစ္ဆာ အနုနုဂ္ဂရယိကိန် နေဝဝူပသမေယျ နဝူပသမာယျ ဥဿုက္ကံ ကရေယျ။

(ခ) အနုဒ္ဓမာသံ ဘိက္ခုနိယာ ဘိက္ခုသံဃတော ဒွေ မဟာ ပစ္စာသိသိတဗ္ဗာ ဥပေါသထ ပုစ္ဆကဉ္စ သြဝါဒူပသကမနုဉ္စ။

၃။ ဓမ္မိဋ္ဌ သံဃာဒိသေသိသ်အာပတ်သင့်မှန်း သိပါလျက် ဖုံးလွှမ်းထားသော ရဟန်းအား ထိုအာပတ်မှ လွတ်မြောက်အောင် မည်ကဲ့သို့ ပြုလုပ်ဆောင်ရွက်ရမည်ကို ပါတိမောက်လာသည့်အတိုင်း ရှင်းလင်းတင်ပြပါ။

၄။ သဟဓမ္မိက သိက္ခာပုဒ်၌ တရားနှင့်လျော်ညီစွာ ကျင့်လိုသော ရဟန်း ပြုလုပ်ရမည့် အချက်အလက်များကို ဖော်ပြ၍ မောဟနသိက္ခာပုဒ်ဖြင့် အာပတ်သင့်ရာအခါကာလကို လည်း ညွှန်ပြခဲ့ပါ။

၅။ ဖော်ပြပါ ဘိက္ခု+ဘိက္ခုနီမများအား သင့်ရောက်သော အာပတ်များကို သိက္ခာပုဒ်အမည် နှင့်တကွ ဖြေဆိုခဲ့ပါ။

(က) ဆင်ကို သတ်သော ရဟန်း၊

(ခ) မှောင်ခိုကုန်သည်များနှင့် တိုင်ပင်၍ ခရီးသွားသောရဟန်း၊

(ဂ) မာတုဂါမနှင့်တိုင်ပင်၍ ဘုရားဖူးထွက်သောရဟန်း၊

(ဃ) သပိတ်စုဆောင်းထားသောဘိက္ခုနီမ၊

(င) ဂိုဏ်းဂဏာကို ဆဲရေးသောဘိက္ခုနီမ။

၆။ ထေယျသံဝါသကော ၌ 'ထေယျသံဝါသက' အပြားကို ထုတ်ပြပြီးလျှင်၊ မေထုနံဓမ္မန်၌ 'မေထုန်' ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ကိုလည်း ကခ်ီအဋ္ဌကထာနှင့်အညီ ဖြေဆိုပါ။

http://www.dhammadownload.com

၇။ တတိယပါရာဇိကသိက္ခာပုဒ်၌ 'ပါဏ'အရကို ကောက်ပြ၍၊ 'နိဿဂ္ဂိယပယောဂ'၏ အဓိပ္ပါယ်ကိုလည်း ကာရီအလိုက္ခ ရေးပြပါ။

၈။ ဒုဋ္ဌနှင့် ဒေါသ အထူးကို ရေး၍၊ အတိရေကစီဝရံ၌ 'အတိရေကစီဝရ' သဘောသဘာဝ ကိုလည်း ကာရီအလိုက္ခ ဖြေဆိုပါ။

၆။ တနေသ်ာရီတိုင်း (အဖြေ)

ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

၁။ (ရတနာဝင် ၀ိကာလ၏မပွဝေသန သိက္ခာပုဒ်နှင့် သူ့စီးယရ သိက္ခာပုဒ်တို့ကို ပါဠိရေးလေ)။

၂။ အနက်ရေးလေ။

၃။ **လွတ်မြောက်အောင် ပြုလုပ်ပုံ**

၁။ ဝိုးလွှမ်းသမျှ ရက်တို့ပတ်လုံး ပရိဝါသ ဆောက်တည်ရမည်၊

၂။ ပရိဝါသ်ဆောက်တည်ပြီးက ခြောက်ညဉ့်မာနတ်ကျင့်ရမည်၊

၃။ ခြောက်ညဉ့်မာနတ်ကျင့်ပြီးက အနည်းဆုံးသံဃာနှစ်ကျိပ်ဖြင့် သိမ်ထဲ၌ အဗ္ဘာန်သွင်းရမည်။

၄။ **အချက်အလက်များ**

၁။ အညာတဗ္ဗံ – သိအောင်ပြုရမည်၊

၂။ ပရိပုစ္ဆိတဗ္ဗံ – အဖန်တလဲလဲ မေးရမည်၊

၃။ ပရိပဋိတဗ္ဗံ – အဖန်တလဲလဲ စဉ်းစားနှိုင်းချိန်ရမည်။

ဟောဟနကံသို့ တင်ပြီးရာအ၏ အာပတ်သင့်ပါသည်။

http://www.dhammadownload.com

၅။ (က) သင်္ဘောသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ခ) ထေယျသတ္ထသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) သပ္ပါဏကဝဂ် သံဝိဓာန သိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) ပတ္တသန္နိစယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊
(c) ဂဏဘရိဘာသနသိက္ခာပုဒ်ဖြင့် ပါစိတ်။

၆။ **ထေယျသံဝါသက အပြား**

လိင်ထေနက၊ သံဝါသထေနက၊ ဥဘယထေနက၊
ရာဂထကြွခြင်း တူသော သူနှစ်ယောက်တို့၏ အကျင့်ကို မေထုန်ဟုခေါ်သည်။

၇။ **ပါထ – အရ**

ပညတ်အားဖြင့် သတ္တဝါ၊ ပရမတ္ထအားဖြင့် ဇီဝတိန္ဒြေ၊

နိဿဂ္ဂိယပယောဂ

အဝေးဌာနရှိနေသူကို သေစေလို၍ ကာယဖြင့်သော်လည်းကောင်း၊ ကာယနှင့်စပ်သော ဝတ္ထုဖြင့်သော်လည်းကောင်း၊ မြား၊ လုံ, ကျောက်ခဲစသည်တို့ကို ပစ်လွှတ်ခြင်းသည် နိဿဂ္ဂိယပယောဂ။

၈။ **ဒုဋ္ဌ+ဒေါသ အထူး**

ဒေါသဖြစ်လျှင် ထိုဒေါသသည် –

၁။ ဒေါသဖြစ်ရာပိယိကိုယ်ကို ဖျက်ဆီးလျှက် ပင်ကိုယ် သဘောကို စွန့်စေအပ်သောကြောင့် ဒုဋ္ဌမည်သည်။

၂။ သူတစ်ပါးကိုလည်း ဖျက်ဆီးတတ်သောကြောင့် ဒေါသမည်သည်၊ ဤသို့ထူးပါသည်။

အတိရေကစီဝရ သဘောသဘာဝ (ကချင်ပြည်နယ် နံပါတ် ၄–တွင်ရှု)

http://www.dhammadownload.com

ရ။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း(အနောက်ပိုင်း)

ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၈–၃–၂၀၀၅) တနင်္လာနေ့

၁။ ဗာဟိရပရိဘောဂသပ္ပါဏာကသိက္ခာပုဒ်နှင့်၊ ဘိက္ခုအနိယတသိက္ခာပုဒ်တို့၌ပါသော ပါစိတ္တိယေန–အရယူရမည့် အာပတ်နှင့် သက်ဆိုင်သော သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

၂။ ဝါကျတ်ပြီးဘိက္ခုနီမများအဆာင်ရှက်ရမည့် ဝတ္ထုရားများပြ သိက္ခာပုဒ်တို့နှင့် သူ့ကိုမတွေ့ရလျှင် ယောက်ျားများ ပူဆွေးတတ်၍ စိုးရိမ်မှုပေးတတ်သော သိက္ခမာန်ကို ပဋ္ဌင်းခံပေးသော ဘိက္ခုနီမအား သင့်ရောက်ပုံပြသိက္ခာပုဒ်ကိုအနက်ပေးပါ။

၃။ ဒွေဘာဂသိက္ခာပုဒ်အရ အခင်းသစ် ပြုလုပ်ရာ၌ အသုံးပြုခွင့်ရှိသည့် သိုးမွေးအရောင်နှင့် အချိုးအစားတို့ကို ဖော်ပြ၍၊ ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်၌ ဒုဋ္ဌုလ္လံ အာပတ္တိအရ ယူရမည့် အာပတ်ကိုလည်း အကြောင်းပြဖော်ပြခဲ့ပါ။

၄။ ဥဏ္ဏသမယ၊ ပရိဋ္ဌာဟသမယနှစ်ခု တူ/မတူစိစစ်ပြပြီး၊ ဝိကာလ၏မပွဝေသနသိက္ခာပုဒ်၌ အဆောတလျင်ပြုဖွယ်ကိစ္စနှင့် ပန်ကြားပုံတို့ကိုလည်း သိသာအောင်ရေးပြပါ။

၅။ အောက်ပါတို့၏ အရကိုကောက်ပြ၍ (ခ)အရ၏ အပြန်ဆန့်ကျင်ဘက်ကိုယူသပြင့် သင့်ရောက်မည့်အပြစ်ကိုလည်း ဖော်ပြပါ။

(က) အာဝသထဝိဝရ၊

(ခ) အာဝသထဝိဟာရ၊

(ဂ) သြဝါဒသိက္ခာပုဒ်၌ သြဝါဒနှင့် ဩဝါဒသ။

၆။ ဒွိသမုဋ္ဌာန်အာပတ်အပြားနှင့် တိသမုဋ္ဌာန်အာပတ်အပြားတို့ကို တိုကျစွာကောက်ပြပါ။

၇။ အပ္ပေဝ နာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယျုန္တိ–၌ အာဝိပ္ပါယသရုပ်ကို ပါဠိ–မြန်မာအားဖြင့် ဖော်ပြ၍၊ ဤ၌ အလိုရှိအပ်သော အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com

၈။ သင်းပိုင်ဝတ်ရာ၌ အထက်-အောက် (အနံ)နှစ်တောင်ရှိသော သင်းပိုင်လည်းအပ်၏ဟု ဆိုရာ အဘယ်သို့ဝတ်လျှင် အပ်ပါသနည်း? ပြေဆိုခဲ့ပါ။

၇။ ပဲခူးတိုင်း(အနောက်ပိုင်း) အမြေ
ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

၁။ ယော်ပန ဘိက္ခု ဇာနံ သပ္ပါဏကံ ဥဒကံ ပရိဘုဥ္ဇေယျ။ ပါစိတ္တိယံ။
(**ပထမ အနိယတ သိက္ခာပုဒ်လာ ပါစိတ္တိယ အရ** အစေကလဝဂ် ရဟောပဠိဿ နှင့် သိက္ခာပုဒ်၊
ဒုတိယအနိယတ သိက္ခာပုဒ်လာ ပါစိတ္တိယအရ-ဘိက္ခုနောဝါဒဝဂ်လာ ရဟောနိသဇ္ဇ သိက္ခာပုဒ်, အစေလကဝဂ်လာ ရဟောနိသဇ္ဇ သိက္ခာပုဒ်ဆိုင်ရာတို့ကို ရေးလေ)။

၂။ (တုဝဋ္ဋဝဂ်လာ စာရိက နှ ပက္ကမန သိက္ခာပုဒ်၊ အာရာမဝဂ်လာ အပဏ္ဍရေဏာ သိက္ခာပုဒ်၊ ကုမာရိဘူတဝဂ်လာ သောကာဝါသ သိက္ခာပုဒ်တို့ကို အနက်ရေးလေ)။

၃။ သိုးမွေးအရောင်နှင့် အချိုးအစား

၁။ အမည်းသက်သက် သိုးမွေးနှစ်ပို့ (ဝါ) လေးပုံနှစ်ပုံ၊
၂။ အပြူရောင်သိုးမွေး သုံးခုမြောက်သော အဖို့ (ဝါ) လေးပုံတစ်ပုံ၊
၃။ ကြောင်သောအရောင် သိုးမွေး လေးခုမြောက်သော အဖို့ (ဝါ) လေးပုံတစ်ပုံ ယူ၍ ပြုရမည်။

ဘိက္ခုသာ ဒုဋ္ဌုလ္လံ (ရဟန်း၏ ဒုဋ္ဌုလ္ဂ) ဟုဆိုသဖြင့် ပါရာဇိကကျလျှင် ရဟန်းမဟုတ်တော့သောကြောင့် (တစ်နည်း) နောင်ရှောင်ကြဉ်စေရန် လူတို့အား ပြောခွင့် သမ္မုတိပေးထားမှုကိုထောက်၍ ပါရာဇိကအာပါတ် သင့်ပြီးဖြစ်လျှင်ကား နောင်ရှောင်ကြဉ်ဖို့ သမ္မုတိပေဖို့ မလိုသောကြောင့် ဒုဋ္ဌုလ္ဂ-အရ သံဃာဒိသေသိသ်အာပတ်ကို ယူပါသည်။

၄။ ဥဏ္ဏသမယ၊ ပရိဠာဟသမယ

နယုန်လဆန်း ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ နွေဥတု အဆုံးတစ်လခွဲသည်

http://www.dhammadownload.com

ဥဏှသမယ။

ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ ဝါခေါင်လပြည့်နေ့အထိ ပိုးဥတု အစတစ်လသည် ပရိဇ္ဇာဟသမယ၊ ဤသို့ကွဲပြားသောကြောင့် မတူပါ။

အဆောတလှုင် ပြုဇွယ်ကိစ္စ

ခိုးသူဘေး, မီးဘေး- စသော ဘေးအန္တရာယ်တို့ ဖြစ်ပေါ်လာခြင်းကိစ္စ။

ပန်ကြားပုံ - ဝိကာလေ ဂါမဗွဝေသနံ အာပုဏ္ဏမိ-ဟူ၍လည်းကောင်း၊ ဂါမံ ပဝိသိဿာမိ ဟူ၍ လည်းကောင်း ပန်ကြားရမည်။

၅။ (က) ''ဥတုလာသော ဘိက္ခုနီမတို့ သုံးစွဲပါကုန်''ဟု လျှောက်ထား၍ လှူအပ်သော သက်နီးသည် **အာဝသထစီဝရ**၊

(ခ) တံခါးရွက်တက်ပြီးသော သံယိကကျောင်းသည် **အာဝသထဝိတာရ**၊

(ဂ) **ဩဝါဒ** = ဂရုဓံ ဩဝါဒကို နာယူခြင်း၊

သံဝါသ=ဥပုသ် ပဝါရဏာ (ဝါ) ဥပုသ်နေ့ကို မေးခြင်း၊ ရဟန်းတို့ထံ ပဝါရဏာ ပြုခြင်း။

သင့်ရောက်မည့်အပြစ် - ပါစိတ်အာပတ်၊

မှတ်ချက် - (ခ) အရ၏ ဆန့်ကျင်ဘက်အပြန်ကို ယူခြင်းဟူသည် အာဝသထဝိဟာရကို မစွန့်လွှတ် မအပ်နှံဘဲ ဒေသစာရိသွားခြင်းကို မေးလိုဟန်တူသည်။

၆။ **ဒ္ဋိသမုဋ္ဌာန်အာပတ်အပြား**

ကထိနသမုဋ္ဌာန	(တ-ဆ)	ဇေကလောမသမုဋ္ဌာန	(ပ-စ)
ပဒသောဓမ္မသမုဋ္ဌာန	(ဒ-မ)	ထေယျသတ္ထသမုဋ္ဌာန	(စ-ဆ)
စောရိဝုဋ္ဌာပနသမုဋ္ဌာန	(မ-ဆ)		

တိသမုဋ္ဌာန် အာပတ်

အဒိန္နာဒါန	(ကာ, စိ, ဝါ, စိ, ကာဝါစိ)
ဘူတာရောစန သမုဋ္ဌာန	(ကာ, ဝါ, ကာဝါ)။

http://www.dhammadownload.com

၇။ **အဓိပ္ပါယ်သရုပ်**

၁။ စာဝနာဓိပ္ပါယ်-	သာသနာတော်မှ ရွှေ့လျားစေလိုခြင်း၊
၂။ အကြောသာဓိပ္ပါယ်-	ဆဲရေးလိုခြင်း၊
၃။ ကမ္မာဓိပ္ပါယ်-	ကံပြုလိုခြင်း၊
၄။ ဝုဋ္ဌာနာဓိပ္ပါယ်-	အာပတ်မှ ထစေလိုခြင်း၊
၅။ ဥပေါ်သထဌပနာဓိပ္ပါယ်-	ဥပုသ်ကို တန်ထားလိုခြင်း၊
၆။ ပဝါရဏာဌပနာဓိပ္ပါယ်-	ပဝါရဏာကို တန်ထားလိုခြင်း၊
၇။ အာနုဝိဇ္ဇနာဓိပ္ပါယ်-	မေးစီစစ်လိုခြင်း၊
၈။ ဓမ္မကထာဓိပ္ပါယ်-	တရားဟောလိုခြင်း၊
ဤ၌အလိုရှိအပ်သော ဓိပ္ပါယ် -	စာဝနာဓိပ္ပါယ်။

၈။ အပ်သောဝတ္တာနည်း

ဒုံးအောက် လက်ရှစ်သစ်ခုနှင့် ချ၍ အဝန်းညီစွာ ဝတ်လျှင် အပ်ပါသည်။

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း (အရှေ့ပိုင်း)
ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ
၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၈-၃-၂၀၀၅)တနလာနေ့

၁။ (က) ဥက္ခိတ္တကရဟန်းနှင့် သမ္ဘာဒနကိစ္စစသည်တို့ မပြုလုပ်ရန် တားမြစ်ထားသော သိက္ခာပုဒ်၊

(ခ) အဖော်မမှီ တစ်ယောက်တည်း ဂါမန္တရစသည်သို့ မသွားရန် ဘိက္ခုနီမများအား ပညတ်ချက်ထုတ် သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

၂။ ဘိက္ခုနီ ရာဇာဂါရသိက္ခာပုဒ်ကို ရာဇာဂါရ, စိတ္တာဂါရ, အာရာမ, ဥယျာန, ပေါက္ခရဏီတို့၏ အဓိပ္ပါယ်ပေါ်လွင်စေလျက် အနက်ယောဇနာပါ။

http://www.dhammadownload.com

၃။ မဟာလွှကသိက္ခာပုဒ်သည် ရှေ့ပြစ်သော ကုဋ္ဌိကာရသိက္ခာပုဒ်မှ မည်ကဲ့သို့ ခြားနားပါသနည်း? ပြေဆိုရ၏။ ''ပထမာပတ္တိက'' ''ယာဝတတိယက'' ဟူသော အသုံးအနှုန်းတို့ကို လည်း လိုရင်းတိုရှင်း အဓိပ္ပါယ်ဖွင့်ဆိုပါ။

၄။ ရယ်ရှင်နောက်ပြောပ်ပြီး ဝှက်မထားကောင်းသော ရဟန်းအသုံးအဆောင်ပစ္စည်းများကို မြန်မာဘာသာဖြင့် ဖော်ပြ၍ ဆွမ်းခံအတူကြွ ရဟန်းယေအား လမ်းခုလတ်မှ ပြန်လွှတ်သော ရဟန်း၏ ရည်ရွယ်ချက်ကို ဖော်ထုတ်ပြီးလျှင်၊ သေခိယုသိက္ခာပုဒ်တို့တွင် တရားဟောမှုနှင့် စပ်လျဉ်း၍ ပညတ်ချက် သိက္ခာပုဒ်ပေါင်း အဘယ်မျှ ပါဝင်သနည်း သင်္ချာမျှ ပြေဆိုပါ။

၅။ သိက္ခမာန်သုံးမျိုးကို ရေတွက်ပြ၍ ဘိက္ခုနီပါတိမောက်လာ ဖော်ပြပါ အသုံးအနှုန်းတို့၏ အဓိပ္ပါယ်တို့ကို ရေးပါ။
(က) ပါရိဝါသိကဆန္ဒါနံ၊ (ခ) ဒုဗ္ဗလစီဝရပစ္စာသာယ၊ (ဂ) အာဝသထစီဝရ။

၆။ ယော ပန ဘိက္ခု-၌ ဘိက္ခု (ရဟန်း) ရှစ်မျိုးကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် ယှဉ်တွဲ ပြေဆိုပါ။

၇။ ''သံယာဒိသေသ'' ဟူသော အဓိပ္ပါယ်ကို ကခ်ီဆရာဖွင့်ပြချက်အတိုင်း ရေးသားပြပြီးလျှင်၊ ''အောင်သွယ်'' ဟူသော မြန်မာဝေါဟာရကို ကခ်ီဆရာက အဘယ်သို့ ဖွင့်ဆိုထားသနည်း? ပြေဆိုပါ။

၈။ အဘယ်မျှဟောင်းနွမ်းနေသော သင်္ကန်းကို ''ပုရာဏစီဝရ-သင်္ကန်းဟောင်း'' ဟုဆိုရမည်နည်း? ရှင်းလင်းရေးသားပြ၍၊ အညာတိကာယ ဘိက္ခုနီယာ စီဝရံ ပဋိဂ္ဂဏှာယျ-၌ ''စီဝရ'' အရကိုလည်း တိကျစွာကောက်ပြခဲ့ပါ။

http://www.dhammadownload.com

၀။ ဝဲခူးတိုင်း (အရှေ့ပိုင်း) အဖြေ
ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

၁။ (က) **သပ္ပါဏကဝဂ်** – ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်၊
(ခ) **ဘိက္ခုနီ သံဃာဒိသေသ်** – ကောဂါမန္ဒိုရဂမန်–သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ နိဿဂ္ဂိအတိုင်း ရေးလေ။

၃။ **ခြားနားပုံ**
ကျောင်းရှင်ဒါယကာရှိခြင်းသည်ပင်လျှင် ကဋ္ဌိကာရသိက္ခာပုဒ်နှင့်ခြားနားသည်။
ပထမာပတ္တိက
ရှေးဦးစွာ လွန်ကျူးဆဲခဏ၌ပင် သင့်ရောက်ထိုက်သောကြောင့် ပထမာပတ္တိက။
ယာဝတတိယက
သုံးကြိမ်တိုင်အောင် ဥာတ်, ကမ္မဝါပြင့် ဆုံးမသည်၏ အဆုံး၌ သင့်ရောက်ထိုက်သော ကြောင့် ယာဝတတိယက။

၄။ **ဂုက်မထားကောင်းသော အသုံးအဆောင်ပစ္စည်း**
သပိတ်, သင်္ကန်း, နိသဒိုင်, အပ်ကျည်, ခါးပန်းကြိုး။
ရည်ရွယ်ချက် – ယုတ်မာသော အကျင့်ကို ကျင့်လိုခြင်း။
သိက္ခာပုဒ်ပေါင်း – ၁၆–ပုဒ်၊
မှတ်ချက် – ပါဒုကဝဂ် ဆုံးသည်ထိအောင် ၁၉–ခုယူကြသည်။

၅။ **သိက္ခာမာန် ၃–မျိုး**
၁။ မဟာသိက္ခာမာန်၊ ၂။ ဂိဟိဂတ သိက္ခာမာန်၊ ၃။ ကုမာရိဘူတ သိက္ခာမာန်၊
(က) သတ်မှတ်ကာလကျော်လွန်သွားသည့် ဆေးသည် အာနိသင်ကုန်သွားသကဲ့သို့ ယနေ့အတွက် ပေးသော ဆန္ဒသည်လည်း ယနေ့ကာလကို ကျော်လွန်လျှင် နောက်နေ့ အတွက် အသုံးမဝင်တော့၊ ဤကဲ့သို့ သတ်မှတ်ကာလ ကျော်လွန်

http://www.dhammadownload.com

သွားသော ဒိတ်လွန် သွားသော ဆန္ဒပေးမှုသည် ပါရိဝါသိက ဆန္ဒဒါန။

(ခ) စွမ်းနိုင်လျှင် လှူပါမည် – ဟူသော စကားမျှလောက်ကို ကြား၍ ပြစ်ဧအပ်သော အာသာကို ဒုဗ္ဗလစိတ်ရ ပစ္စာသာယ။

(ဂ) (ပဲခူးတိုင်း အနောက်ပိုင်း နံပါတ် ၅– (က)တွင် ရှုလေ)။

၆။ ၁။ ဟေ ဘိက္ခုပသမ္ပဒါ – မြတ်စွာဘုရား၏ ဟေ ဘိက္ခုဟူသော စကားဖြင့် ဖြစ်သော ရဟန်း၊

၂။ သရဏဂမဏူပသမ္ပဒါ – သရဏဂုံ သုံးပါးဖြင့် ဖြစ်သောရဟန်း၊

၃။ ဩဝါဒ ပဋိဂ္ဂဟဏူပသမ္ပဒါ – မြတ်စွာဘုရား၏ ဩဝါဒကို နာခံသဖြင့် ဖြစ်သော ရဟန်း၊

၄။ ပဉ္စာဗျာကရဏူဖသမ္ပဒါ – မြတ်စွာဘုရား၏ အမေးကို ဖြေဆိုသဖြင့် ဖြစ်သော ရဟန်း၊

၅။ အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏူပသမ္ပဒါ – ဂရုဓံရှစ်ပါးကို ခံယူသဖြင့် ဖြစ်သော ရဟန်း၊

၆။ ဒူတေနူပသမ္ပပါ – တမန်ဖြင့် ဖြစ်သော ရဟန်း၊

၇။ အဋ္ဌဝါစိကူပသမ္ပဒါ – ဉာတ်ကမ္မဝါ ရှစ်ကြိမ်ရွတ်ဖတ်၍ ဖြစ်သောရဟန်း (ဉာတ်လျှင်လေးကြိမ်မြောက်ရှိသော ကမ္မဝါစာအသီးသီးဖြင့် ဘိက္ခု, ဘိက္ခုနီတို့ထံ၌ဖြစ်သည်)

၈။ ဥတ္တိစတုတ္ထ ကမ္မုပသမ္ပဒါ – ဉာတ်လျှင် လေးကြိမ်မြောက်ရှိသော ကမ္မဝါစာရွတ်ဖတ်၍ ဖြစ်သော ရဟန်း။

၇။ သံဃာဒိသေသ –အာပတ်သင့်ပြီးနောက် ထမြောက်လိုလျှင် အစ, အလယ်, အဆုံး၊ သုံးပါးလုံးတို့၌ သံဃာကို အလိုရှိအပ်သောကြောင့် သံဃာဒိသေသ ဟုခေါ်သည်။

အောင်သွယ် – မိန်းမ ယောကျ်ား နှစ်ဦးသားတို့၏ အလယ်အကြား၌ ဝန်ခံခြင်း, စုံစမ်းခြင်း, ပြန်ပြော ခြင်းတို့၏ အစွမ်းအားဖြင့် လှည့်လည်သွားလာမှုကို အောင်သွယ်ဟု ခေါ်သည်။

http://www.dhammadownload.com

၈။ ပုရာဏစိုဝရ

ချုပ်ဆိုးပြီး ကပ္ပဒိန္ဓဆိုးပြီး တစ်ကြိမ်မျှ ဝတ်ရုံဘူးသောသက်နှိုး၊ သုံးစွဲသည့်အနေပြင့် ပခုံး, ဦးခေါင်းထက် တင်ဘူးသောသက်နှိုး၊ခေါင်းအုံးဘူးသော သက်နှိုးသည် ပုရာဏစိုဝရ၊ **စိုဝရအရ** – ဝိကပ္ပနာလောက်သော ခေါ်မ-စသော သက်နှိုး ၆-မျိုးတို့တွင် တစ်မျိုးမျိုး သော သက်နှိုး။

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
ပထမလတ်တန်း ။ ဒွေမာတိကာဘာသာ
၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၈-၃-၂၀၀၅) တနလာနေ့

၁။ အောက်ဖော်ပြပါ ရဟန်း, ရဟန်းမတို့၌ သင့်ရောက်သော အပြစ်ပြသိက္ခာပဒတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

(က) ဘိက္ခုနီမနှင့် တိုင်ပင်၍ လေ့စီးသော ရဟန်း၊

(ခ) ပြေပြီးသော သက်နှိုးကို မချုပ်ဘဲ ငါးရက်ကျော်ထားသော ရဟန်းမ။

၂။ ဥက္ခိတ္တကရဟန်းမှန်းသိလျက် ၎င်းရဟန်းနှင့် သမ္ဘောဂစသည်ပြုသောရဟန်းအား အာပတ်သင့်ပုံပြ သိက္ခာပဒကို အနက်ပေးခဲ့ပါ။

၃။ ဂုဠိကာရသိက္ခာပုဒ်လာ ဘိက္ခု အဘိနေတဗ္ဗာ-၌ ရဟန်းတို့ကို ပင့်ဆောင်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပင့်ဆောင်ရမည့် နေရာကို ပြေဆိုပါ။ ယင်းသိက္ခာပုဒ်လာ ကျောင်းမ-ဆောက်သင့်သော နေရာတို့ကိုလည်း ပြေဆိုခဲ့ပါ။

၄။ ဘိက္ခုနီမတို့ ပါရာဇိကကျကြောင်း ဝတ္ထုရပ်မျိုးတို့ကို အစဉ်မမှားအောင် ရေတွက်ပြ၍ ဟတ္ထဂ္ဂဟဏံ-၌ ဟတ္ထ-အရကိုလည်း ကောက်ပြခဲ့ပါ။

၅။ အောက်ဖော်ပြပါ ရဟန်း, ရဟန်းမတို့အား သင့်နိုင်သော အပြစ်တို့ကို သိက္ခာပုဒ်ထောက်ကာ ပြေဆိုခဲ့ပါ။

http://www.dhammadownload.com

(က) ကားဆိပ်, သင်္ဘောဆိပ်တို့၌ ငွေအလှူခံသော ရဟန်း၊
(ခ) စိတ်ဆိုး၍ ရဟန်းတစ်ပါးကို ရေပြင့် ကန်သောရဟန်း၊
(ဂ) ထောပတ်တောင်းပြီး ဆီကိုတောင်းသောရဟန်းမ၊
(ဃ) ကာရာအိုကေသီချင်းဆိုသော ရဟန်းမ၊
(င) ပိယဆေး စီရင်နည်းကို သင်ယူနေသော ရဟန်းမ။

၆။ အဒိန္နံ အာဒိယေယျ–၌ အဒိန္နံ–အရကို ဖောက်ပြ၍ ထေယျသံသီတံ–၌ ထေန, ထေယျ, ထေယျသံသီတတို့၏ အရကိုလည်း ဖော်ပြခဲ့ပါ။

၇။ ဘိက္ခုသံယာဒိသေသ် ဒုတိယ, တတိယ, စတုတ္ထသိက္ခာပုဒ်တို့၌လာသော မာတုဂါမတို့ အရကို ဖော်ပြ၍ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ–၌ ဒုဋ္ဌုလ္လဝါစာ–အရကိုလည်း ဖော်ပြခဲ့ပါ။

၈။ ကယဝိက္ကယ–သိက္ခာပုဒ်၏ နိဒါန်း၊ ပုဂ္ဂိုလ်၊ ဝတ္ထုတို့ကိုဖော်ပြ၍ ယင်းသိက္ခာပုဒ်၏ အဂ်ီတို့ကိုလည်း ဖော်ပြခဲ့ပါ။

၉။ မကွေးတိုင်း (အရှေ့)
ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

၁။ (က) နာဝါဘိရဟနသိက္ခာပုဒ်၊
(ခ) စိဝရသိဗ္ဗနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ ဥက္ခိတ္တ သမ္ဘောဂသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ **ရည်ရွယ်ချက်** – ကုဋိရာကို ပြောကြားခြင်းပါ။
ပင့်ဆောင်ရမည့် နေရာ – အနာရမ္ဘ, သပရိဂ္ဂဟမန ဖြစ်လောက်သော နေရာ။
ကျောင်းမဆောက်သင့်သော နေရာ – သာရမ္ဘ, အပရိဂ္ဂဟမန နေရာမျိုးဖြစ်ပါသည်။

http://www.dhammadownload.com

၇။ ၁။ လက်ကို ကိုင်ခြင်းကို သာယာခြင်း၊
၂။ သ်ောက်နန်းစွန်းကို ကိုင်ခြင်းကို သာယာခြင်း၊
၃။ ယောက်ျား၏ ဟတ္ထပါသ်အတွင်း၌ ရပ်တည်ခြင်း၊
၄။ ယောက်ျား၏ ဟတ္ထပါသ်အတွင်း၌ ရပ်၍ ပြောဆိုခြင်း၊
၅။ ချိန်းချက်ရာ အရပ်သို့ သွားခြင်း၊
၆။ ယောက်ျား ရှေ့ရှုလာသည်ကို သာယာခြင်း၊
၇။ ပုံးလွှမ်းရာ အရပ်သို့ဝင်ခြင်း၊
၈။ ကာယသံသဂ္ဂ ဟူသော မသူတော်တရားကို မှီဝဲခြင်းဟု မိမိကိုယ်ကို ယောက်ျား၏ အနီးသို့ ဆောင်ခြင်း။

တတ္ထ အရ – ဒုး, ပေါင်ဆစ်မှ အဖျားဖိုင်း လက်ကိုယူ။

၅။ (က) ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊
(ခ) ပဟ္ဘာရ ။ ပါစိတ်၊
(ဂ) အညဝိညာပန ။ နိဿဂ္ဂိယပါစိတ်
(ဃ) နစ္စဂိတ ။ ပါစိတ်၊
(c) တိရစ္ဆာနဝိဇ္ဇာပရိယာပုဏာန ပါစိတ်။

၆။ **အဒိန္နာ အရ**
အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော လူဇာတ်ရှိသူ၏ ဥစ္စာ။
ထေန – အရ ခိုးသူ၊
ထေယ္ယ – ခိုးကြောင်းဖြစ်သော စိတ်၊
ယေယျသာဒါ်တ – ခိုးယူလိုမှု စိတ်အစု။

၇။ ဒုတိယသိက္ခာပုဒ်၌ – ယနေ့မွေးဖွားသည်မှစ၍ အသက်ရှင်ဆဲဖြစ်သော လူအမျိုးသမီး။ တတိယ, စတုတ္ထ သိက္ခာပုဒ်တို့ဌာ်ဌလ, အဒုဌလ စကားကို မှတ်သားနိုင်သော အမျိုးသမီး။ ဝစ္ဆမဂ်, ပဿာဝမဂ်, မေထုန်နှင့် စပ်သော စကားသည် ဒုဌုလ္လ ဝါစာ။

http://www.dhammadownload.com

၈။ နိဒါန်း- သာဝတ္ထိ၊ ပုဂ္ဂိုလ်- ဥပနန္ဒ၊ ဝတ္ထု - ကယဝိက္ကယ ဝတ္ထု။

အဂ္ဂီ

၁။ ကပ္ပိယဝတ္ထုဖြစ်ခြင်း၊ ၂။ သီတင်းသုံးဖော် မဟုတ်ခြင်း၊

၃။ ရောင်းမှု, ဝယ်မှု သို့ရောက်ခြင်း။

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း) ပထမလတ်တန်း။ ။ဒွေမာတိကာဘာသာ

၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၈-၄-၂၀၀၅) တနင်္လာနေ့

၁။ ပိုးကြေးပန်းကြေးအဖြစ် ပေးလှူသောခဲဖွယ်ဘောဇဉ်တို့ကို ကိုယ်တိုင်ခံယူသုံးဆောင်သော ဘိက္ခုနီမနှင့် လူစသည်တို့အား ကိုယ်တိုင်ခဲဖွယ်ဘောဇဉ်ပေးသော ဘိက္ခုနီမတို့အား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

၂။ ဆွေမျိုးမတော်သူတို့က မဖိတ်မခေါ် ယက်ကန်းသည်တို့ထံသို့ သွား၍ သက်နိုးစိမ်သော ရဟန်း၏ စိမ်ပုံအခြင်းအရာပြ ပါဠိတို့ကိုသာ အနက်ပေးပြပါ။

၃။ ''ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ''ဟု တိုက်တွန်းပြောကြားရခြင်းအကြောင်းနှင့် သင့်သောအာပတ်ကို ဒေသနာကြားခြင်း, မကြားခြင်းတို့ကြောင့် ရအပ်သောအကျိုး, အပြစ်တို့ကို ပေါ်ပြပြီး သင့်သောအာပတ်ကို အမှတ်မရ၍ ဒေသနာမကြားပဲ ဥပုသ်ပြုမိက အပြစ်ရှိ/မရှိကိုလည်း ထိမိသော ပါဠိထောက်၍ ဆုံးဖြတ်ခဲ့ပါ။

၄။ သာသက်သိက္ခာပုဒ်၌ပါသော ''တထာရူပ ဒေသနာသန'' ၏အဓိပ္ပါယ်နှင့် ကဏ္ဍကသိက္ခာလာ ''တထာနာသိတ''၏အဓိပ္ပါယ်တို့ကို ပါတိမောက်လာအတိုင်း ရေးပြ၍ ၂၂၇-သွယ်သော သိက္ခာပုဒ်တို့၌ ရဟန်းတော်များ အဘယ်ကဲ့သို့ ကျင့်ရမည်ကိုလည်းပြေဆိုခဲ့ပါ။

၅။ ဘိက္ခုနီများ ငြင်းခုံရန်ပွား တရားမတွေ့ကောင်းသော ပုဂ္ဂိုလ်များကို ဖော်ပြ၍ ပေါ်ပါးသော ခြုံထည်၏တန်ဖိုးပမာဏကို ရေးပြပြီးလျှင် ဥပဇ္ဈာယ်ပြုလျက် ပဋ္ဌင်းခံပေးထိုက်သော ဘိက္ခုနီမ ပြည့်စုံရမည့် ဂုဏ်အင်္ဂါရပ်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

http://www.dhammadownload.com

၆။ ဥပုသ်နေ့၌ ကျောင်းတစ်ကျောင်းဝယ် ရဟန်းတစ်ပါးတည်း ရှိနေခဲ့သော် ဥပုသ်ပြုပုံ နည်းဥပဒေကို မှတ်သားဘွယ်ပြစ်အောင် ရေးပြ၍ ပြုထိုက်သောအခြင်းအရာနှင့်စပ်သဖြင့် ဘုရားရှင်ဟောထားခဲ့သော ဥပုသ်တို့ကို ညွှန်ပြပြီးလျှင် ပဒေသပညတ် လေးပါးကိုလည်း ဖော်ပြခဲ့ပါ။

၇။ ဒုဗ္ဗဒေါသသိက္ခာပုဒ်လာ စောဒနာ ၄-မျိုးသရုပ်ကို ထုတ်ပြ၍ သမနုဘာသနကံ အပြုခံရ သောရဟန်းသည် အယူမစွန့်ပါက သင့်ရောက်သည့်အာပတ်တို့ကို ကခ်ီလာအတိုင်း ဖြေဆိုခဲ့ပါ။

၈။ သြဘာန သမောဓာနပရိဝါသ်၏အဓိပ္ပါယ်ကို ကခ်ီနှင့်အညီ ရေး၍ စိဝ၀ရပ္ပဒ္ဌိဂ္ဂဟာဏသိက္ခာ ပုဒ်၏ နိဒါန်းနှင့် ပုဂ္ဂိုလ်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

၁၀။ မန္တလေးတိုင်း (အဖြေ)

ပထမလတ်တန်း။ ။ ဒွေမာတိကာသာသာ

၁။ ဘောဇနပဋိဂ္ဂဟန ပဌမ သိက္ခာပုဒ်နှင့် စိတ္တာဂါရဝဂ် ဘောဇနဒါနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ **နိဿဋ္ဌိ** –ပတ္တဝဂ် မဟာပေသကာရ သိက္ခာပုဒ်လာ ဣဒံ ခေါ် အာဝုသော စသောစကား ရပ်တို့ကို အနက်ရေးလေ။

၃။ **အကြောင်း** ။ ပါတိမောက်ပြတော့မည်ဖြစ်သောကြောင့်တည်း၊

ရအပ်သော အကျိုး

ရာန်, မင်, ဗိုလ် စသည်ကိုရခြင်းငှါ ချမ်းသာလွယ်ကူသော အကျိုးရှိသည်။

အပြစ်

ရာန်, မင်, ဗိုလ် စသည်ကို မရနိုင်ခြင်း အပြစ်၊ ရဖို့ရန် အနှောင့်အယှက်ဖြစ်ခြင်း အပြစ်ရှိသည်။ အမှတ်မရ၍ ဒေသနာမကြားဘဲ ဥပုသ်ပြုမိက အပြစ်မရှိ။

ပါဠိထောက် – သရမာဇနေန ဘိက္ခုနာ။

http://www.dhammadownload.com

၇။ **တထာဂူပ သေနာသန**

လေးအပြန် ငါးရာရှိသော တောကျောင်းဖြစ်ခြင်း သာသက်, သပ္ပဎ္ဍိဘယဖြစ်ခြင်း။

တထာနာသိတ – ဒဏ္ဍာကမ္မနာသနဖြင့် ဗျက်ဆီးအပ်သော သာမဏေ။

ကျွင့်ပုံ

သိအောင်ပြုရမည်၊ အဖန်တလဲလဲမေးရမည်၊ အဖန်ဖန်ထလဲလဲစဉ်းစား နှိုင်းယှဉ်ရမည်။

၈။ **မတွေ့ကောင်းသော ပုဂ္ဂိုလ်များ**

သူကြွယ်, သူကြွယ်သား, ကျွန်, အမှူလုပ်သမား, ပရိဗိုဇ်ရဟန်း။

တန်ဖိုးပမာဏ – နှစ်ကိုသခွဲ (၁၀–ကျပ်)

ဂုဏ်အင်္ဂါရပ် – ၁။ ဆယ့်နှစ်ဝါ ပြည့်ခြင်း၊ ၂။ ဝုဋ္ဌာပန သမ္မုတိရခြင်း။

၆။ **နည်းစနစ်**

ရဟန်းတစ်ပါးတည်းသာရှိလျှင် ပုဗ္ဗကရဏအားလုံးကို ပြုပြီး၍ အခြားရဟန်းများ မလာတော့မှန်းသိသောအခါ ''အဋ္ဌ မေ ဥပေါသထော စာတုဒ္ဒသော (ပန္နရသော) အဓိဋ္ဌာမိ ဟု အဓိဋ္ဌာန်ဥပုသ်ပြုရသည်။

ဥပုသ် ၁။ သုတ္တုဒ္ဒေသ၊ ၂။ ပါရိသုဒ္ဓိ၊ ၃။ အဓိဋ္ဌာန်၊

ပဒေသ ပညတ် ၄–ပါး

၁။ ဝိနည်းဝိရိလျှင် ငါးယောက်မြောက်ရှိသော ဂိုဏ်းဖြင့် ရဟန်းခံခွင့်ပြုခြင်း၊

၂။ အထပ်ထပ်သော ဖိနပ်စီးခွင့်ပြုခြင်း၊ ၃။ အမြှေရေချိုးခွင့်ပြုခြင်း၊

၄။ သားရေအခင်း သုံးစွဲခွင့်ပြုခြင်း။

၇။ **စောဒနာ လေးမျိုး**

၁။ ဝတ္ထု သန္ဒဿနာစောဒနာ၊ ၂။ အာပတ္တိ သန္ဒဿနာစောဒနာ၊

၃။ သံဝါသ ပဋိက္ခေပစောဒနာ၊ ၄။ သာမီစိ ပဋိက္ခေပစောဒနာ၊

သမန္တဘာသနကံ အပြုခံရသော ရဟန်းသည် အယူကို မစွန့်က ဥာတ်၏ အဆုံး၌ ဒုက္ခဋ္ဌ ကမ္မဝါစာ နှစ်ကြိမ်အဆုံး၌ ထုလ္လစ္စည်း၊ တတိယကမ္မဝါစာအဆုံး သော ဘာသေယျ ၌ ယ–အက္ခရာသို့ ရောက်လတ်သော် သင်္ဃာပြီးသောဒုက္ခဋ္ဌနှင့် ထုလ္လစ္စည်းများ ငြိမ်းပျောက်

http://www.dhammadownload.com

၈။ **အဓိပ္ပါယ်**

ပရိဝါသ်နေ့စဉ်အကြား၌ အခြားသော အာပတ်သို့ ရောက်၍ ပုံးလွှမ်းသော ရဟန်းအား ပရိဝါသ်နေပြီးသောနေ့တို့ကို ခါတွက် ချေဖျက်၍ ရှေ့အာပတ်၏ မူလနေ့အပိုင်းအခြား၌ နောက်ထပ်သင့်သော အာပတ်ကိုထည့်သွင်း၍ ပေးအပ်သော ပရိဝါသ်ကို ပြောဓာန သမောဓာနပရိဝါသ်- ဟုခေါ်သည်။

နိဒါန်း- ရာဇဂြိုဟ်၊ **ပုဂ္ဂိုလ်-** ဥပါလိထေရ်။

၁၁။ ပထမပြန်စာပေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ မွန်ပြည်နယ်

ပထမလတ်တန်း ။ ဒွေမာတိကာဘာသာ

၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၄-၄-၂၀၀၅) တနလာနေ့

၁။ စစ်တပ်နှင့်စပ်လျဉ်း၍ ဘုရားရှင်ပညတ်တော်မူအပ်သော သိက္ခာပုဒ်များကို ပါဠိငြေးခဲ့ပါ။

၂။ အိမ်ရှင်ယောကျ်ားစသူများနှင့်တရား တွေ့ဆုံသော်ဘိက္ခုနီမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးပြခဲ့ပါ။

၃။ ပါရာဇိက အာပတ်သင့်သောရဟန်း၏ သာသနာတော်မှ ဆုံးရှုံးရပုံကို ဥပမာနှင့်တကွ ရှင်းပြပြီးလျှင်၊ ပမာဏိကာ ကာရေတဗ္ဗာ-၌ သညာစိကာကဋ္ဌိ၏ အလျားအနံပမာဏကို လည်း တိကျစွာ ကောက်ပြခဲ့ပါ။

၄။ တောရဆောက်တည်သော အရှင်မြတ်များ မြို့ရွာအတွင်း၌ သက်နှံးထားခွင့်အဂါများကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပြီးလျှင်၊ ဂဏဘောဇဉ်ဘုဉ်းပေးသုံးဆောင်ကောင်း သော အခါများကိုလည်း အစဉ်မပျက်အောင် ရေတွက်ပြခဲ့ပါ။

၅။ အောက်ဖော်ပြပါ ရဟန်း/ရဟန်းမတို့အား သင့်သော အာပတ်တို့ကို သိက္ခာပုဒ်အမည် နှင့်ယှဉ်တွဲပြောဆိုပါ။

(က) ဆိုဆုံးမခက်သော ရဟန်း၊

(ခ) စိတ်ဆိုး၍ ပေးပြီးသောသက်နှံး ပြန်လုယူသော ရဟန်း၊

(ဂ) ရင်ဘတ်ကို ထု၍ ထု၍ ငိုကြွေးနေသော ရဟန်းမ၊

http://www.dhammadownload.com

(ဃ) ဝါတွင်းခ်ဋ် ဒေသစာရိလှည့်လည်သော ရဟန်းမ၊
(c) ကိုယ်ဝန်ရှိသော မိန်းမကို ပဋ္ဌင်းခံပေးသော ရဟန်းမ။

၆။ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ နေ ဟောန္တိ- ၌ ဝဇ္ဇနီယာ စ ပုဂ္ဂလာ-အရ ဝဇ္ဇနီယပုဂ္ဂိုလ်များကို ရေတွက်ပြု၍ ၎င်းပုဂ္ဂိုလ်တို့ကို သံဃာ၏ ဟတ္ထပါသ်မှ မကြဉ်ဘဲ ဥပုသ်ပြုပါက သင့်ရောက်နိုင်သော အပြစ်တို့ကိုလည်း ခွဲခြားပြေဆိုခဲ့ပါ။

၇။ ကာယသံသဂ္ဂ သိက္ခာပုဒ်၌ ဟတ္ထအရ၊ ဝေဏိအရ၊ အင်္ဂါအရတို့ကို အသီးသီးဖော်ပြပြီးလျှင်၊ ဒုဋ္ဌုလ္လပါစာသိက္ခာပုဒ်၌ သံဃာဒိသေသ်အာပတ်သင့်သော ဆဲရေးနည်း သုံးမျိုးတို့ကိုလည်း ရေးသားခဲ့ပါ။

၈။ ပထမဒုဋ္ဌဒေါသသိက္ခာပုဒ်လာ- အနုဒ္ဒေသေယျပါဠိနှင့်စပ်၍ သိအပ်သောစောဒနာလေးမျိုးတို့ကို အဓိပ္ပါယ်နှင့်တကွ ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

၁။ (အစေလကဝဂ် အခုံး သိက္ခာပုဒ်သုံးပုဒ်ကို ပါဠိရေးလေ)။

၂။ (ဥဿယတိဒိကာ သိက္ခာပုဒ်ကို အနက်ရေးလေ)။

၃။ (ချင်းပြည်နယ် နံပါတ် ၃- တွင်ရှုလေ)

ပမာဏ

အလျား -၁၂-ထွာ၊ **အနံ** - ၆-ထွာ။

၄၊ **၁။** ဥပဝသ - ပုရိမဝါကျတ်သူဖြစ်ခြင်း၊
၂။ ကတ္တိကပုဏ္ဏမ - တန်ဆောင်မုန်းလဖြစ်ခြင်း၊

http://www.dhammadownload.com

၃။ အာရည်က – လေးအပြန် ပါးရာရှိသော တောကျောင်းဖြစ်ခြင်း၊
၄။ သာသက်သမ္မတ သပ္ပဎ္ဍိတ္ဘယ– ယုံမှားဖွယ်ရှိ၏ ဟု သမုတ်အပ်ကုန်သော ဘေးရန်နှင့် တကွဖြစ်ခြင်း၊

အဓိသမယများ

၄.ဟနသမယ, စိတ်ရဒိန်နသမယ, စိတ်ရကာရသမယ, အဒ္ဓိနဂမနသမယ, နာထိဘိရဟန်သမယ, မဟာသမယ, သမဏဘဘတ္တသမယ။

၅။ (က) ဒုဗ္ဗစ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊
(ခ) စိတ်ရအစ္ဆိန္ဒန ။ နိဿဂ္ဂိပါစိတ်၊
(ဂ) ရောဒန ။ ပါစိတ်၊
(ဃ) အန္တောဝုဿ ။ ပါစိတ်။
(c) ဂဗ္ဘိနီ ။ ပါစိတ်အာပတ်။

၆။ **ဝဇ္ဇနီယပုဂ္ဂိုလ်များ**

၁။ လူ ၂။ ဘိက္ခုနီ ၃။ သိက္ခမာန် ၄။ သာမဏေယောကျား ၅။ သာမဏေမ ၆။ သိက္ခာချသူ ၇။ ပါရာဇိကကျသူ ၈။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ရဟန်း ၉။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သော ရဟန်း ၁၀။ ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သော ရဟန်း ၁၁။ ပဏ္ဍာပ် ၁၂။ ထေယျသံဝါသက ၁၃။ တိတ္ထိယပက္ကန္တက ၁၄။ တိရစ္ဆာန် ၁၅။ အမိသတ်သူ ၁၆။ အုဖသတ်သူ ၁၇။ ရဟန္တာကို သတ်သူ ၁၈။ ဘိက္ခုနီမကို ဖျက်ဆီးသူ ၁၉။ သံဃာသင်းခွဲသူ ၂၀။ ဘုရားကို ဒေါ်းစိမ်းတည်အောင်ပြုသူ ၂၁။ ဥဘတောဗျည်း။

သင့်ရောက်သောအပြစ်

ဥက္ခိတ္တကပုဂ္ဂိုလ် သုံးယောက်ကြောင့် ပါစိတ်၊
ကြွင်းသော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ကြောင့် ဒုက္ကဋ်။

http://www.dhammadownload.com

၇။ **တတ္ထ**– တတောင်ဆစ်မှ စ၍ လက်ဖျားတိုင်အောင် အရပ်၊
ဝေဏိ– ထုံးဖွဲ့သည်ဖြစ်စေ မထုံးဖွဲ့သည်ဖြစ်စေ ဆံပင်သက်သက်သည်လည်းကောင်း၊ ချည်, ပန်း, ကြိုး, ပုလဲသွယ်စသည်တို့ဖြင့် ရောသောဆံပင်သည်လည်း ,ကောင်း ဝေဏိ၊
အဂ်– ဟတ္ထ, ဝေဏိတို့မှ ကြွင်းသောတစ်ကိုယ်လုံးသည် အဂ် မည်၏။

ဆဲရေးနည်းသုံးမျိုး

၁။ သိခရဏိသိ – သင် အသားစွန် ထွက်သော အကောင်မ ဖြစ်၏၊
၂။ သမ္ဘိန္နာသိ – ဝစ္စမဂ် ပဿာဝမဂ် စပ်နေသော အကောင်မ ဖြစ်၏၊
၃။ ဥဘတောဗျဉ္ဇနာကာသိ – ဥဘတောဗျည်းမ ဖြစ်၏။

၈။ "သင်သည် မေထုန်အကျင့်ကို မှိုဝဲ၏" စသော နည်းဖြင့် အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုကိုပြု၍ စောဒနာခြင်းသည် **ဝတ္ထုသန္ဒဿနာစောဒနာ**၊
သင်သည် မေထုနမှ အာပတ်သို့ ရောက်၏ စသောနည်းဖြင့် အာပတ်ကို ပြု၍ စောဒနာခြင်းသည် **အာပတ္တိသန္ဒဿနာစောဒနာ**၊
" သင်နှင့်အတူ ဥပုသ်ပဝါရကာ သံဃကံ" မရှိဟူ၍ သံဝသကိုပယ်ပြီး စောဒနာခြင်းသည် **သံဝါသပဋိက္ခေပစောဒနာ**၊
ရှိခိုခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ ယပ်ခတ်ပေးခြင်း စသည်တို့ကို မပြုသောအားဖြင့် ပယ်၍စောဒနာခြင်းသည် **သာမီစိပဋိက္ခေပစောဒနာ**။

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)
ပထမလတ်တန်း။ ။ ဒွေမာတိကာသာသာ
၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၈–၃–၂၀၀၅)တနင်္လာနေ့

၁။ သာသနာတော်၏ အသက်သွေးကြောသဖွယ်ဖြစ်သော ဝိနည်းသိက္ခာပုဒ်တို့ကို ကဲ့ရဲ့သော ရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

http://www.dhammadownload.com

၂။ ပိုင်ရှင်ယောက်ျား ခွင့်မပြုသော သိက္ခာမာန်ကို ရဟန်းပြုပေးသော ဥပဇ္ဈာယ်ဆရာမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ ဗုဒ္ဓရဲ့သည် ဝိနည်းဝိုင်ပြစ်သည်အားလျော်စွာ (က) ဒုဗ္ဗစ္စရဟန်းဆိုးကို တွေ့မြင်သော် ဆုံးမပုံ ဆုံးမနည်း၊ (ခ) လွဲမှားသော အယူဝါဒကို မစွန့်လွှတ်သော သာမဏေအား တရားတော်နှင့် လျော်ညီစွာ အရေးယူပုံယူနည်းတို့ကို ပြည့်စုံစွာ ဖော်ပြပါ။

၄။ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်လိုသော ရဟန်း၏ ပြဿဒယ်ကိစ္စတို့ကို ဖော်ပြ၍ ရေသနုပ်သက်နိုး ချုပ်လိုသော ရဟန်းမအတွက် လိုက်နာရမည့် စည်းကမ်းတို့ကိုလည်း ဖော်ပြပါ။

၅။ ရဟန်းမများ (က) သွားရောက်၍ မကြည့်ရှုကောင်းသော အရာများနှင့် (ခ) ဝါမကပ်သင့်သော ကျောင်းတို့ကို ပြည့်စုံစွာ ဖော်ပြပါ။

၆။ ဖော်ပြပါ ရဟန်း, ရဟန်းမများအား သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ်ထောက်၍ ဖော်ပြပါ–

(က) အခြေအမြစ်မရှိသော ပါရာဇိက, သံဃာဒိသိသ်အာပတ်တို့ဖြင့် စွပ်စွဲခဲ့သော ရဟန်း၊

(ခ) သံဃိကလာဘ်ကို မိမိ, သူတပါးထံညွှတ်ခေသော ရဟန်း၊

(ဂ) လက်ပတ်နာရီပတ်သော ရဟန်းမ။

၇။ ဘေဒါနုဝတ္တကသိက္ခာပုဒ်၌ ''စတ္တာရော ဝါ'' ဟု မဟောဘဲ အဘယ့်ကြောင့် ''ဧကော ဝါ, ဒွေ ဝါ, တယော ဝါ'' ဟုသာ ဟောတောမူရသည်ကိုရှင်းပြ၍ နိဿဂ္ဂိယိုက်၍စွန့်ပြီး နောက် ပြန်လည်ရရှိသော်လည်း မသုံးစွဲကောင်းသော အခင်းတို့ကို ဖော်ပြခဲ့ပါ။

၈။ ကယနှင့် ဝိက္ကယ သဘောသွားခြားနားပုံကို ဖော်ပြ၍ အရည်ဝါသီ တောမှိုရဟန်းများ အတွက် ရှာတွင်း၌ သက်နိုးထားနိုင်ရာ အဂ်ါများကို ဖော်ပြပါ။

http://www.dhammadownload.com

၁၂။ ရန်ကုန်တိုင်း (အရှေ့)

ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

၁။ (ဝိလေခနသိက္ခာပုဒ်ကို ပါဠိရေးလေ)။

၂။ (အနနုညာတ သိက္ခာပုဒ်ကို အနက်ရေးလေ)။

၃။ (က) အရှင်သည် မိမိကိုယ်ကို မပြောဆိုထိုက်သူကို မပြုပါလင့်၊ အရှင်သည် မိမိကိုယ်ကို ပြောဆိုထိုက်သည်ကိုသာ ပြုပါ။ အရှင်လည်းပဲ ရဟန်းတို့ သိတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြင့် ပြောပါ။ ရဟန်းတို့သည်လည်း အရှင့်ကို သီးတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြင့် ပြောကြပါကုန်လတ္တံ့။

(ခ) ထိုသာမဏေကို ရဟန်းကောင်းတို့က ဗုဒ္ဓင် ဤသို့ မပြောပါလင့် မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ။ မြတ်စွာဘုရားသည် သင် ဗုဒ္ဓင်ပြောကြားသလို ဟောကြားခြင်းမဟုတ်ပါ။ ဗုဒ္ဓင်ကိုယ်တိုင် အန္တရာယ်ကင်းမြဲဖြစ်သည့် မေထုနဓမ္မတို့၏ အန္တရာယ်ပြုတတ်ပုံကို မြတ်စွာဘုရားသည် နည်းအမျိုးမျိုးဖြင့် ဟောထားပါသည်၊ ထိုမေထုန်အကျင့်တရားတို့ကို မှီဝဲသော ရဟန်းကို ထိုမေထုနဓမ္မတရားတို့ကပင် အန္တရာယ် တက်ယ်ပြုနိုင်ပါသည်၊ ဤသို့ ဤပုံ သုံးကြိမ်တိုင်အောင် ပြောဆိုသော်လည်း ထိုအယူကို မစွန့်သော သာမဏေအား ရဟန်းကောင်းတို့က ဤသို့ ပြောရမည်၊ ဗုဒ္ဓင်ကိုရင် ယနေ့မှစ၍ သင်သည် ထို ငါတို့ မြတ်စွာဘုရားကို ဆရာဟူ၍ မည္ဆန်ပြန့်တော့၊ သင်မှတစ်ပါး အခြားသာမဏေတို့ ရဟန်းတော်တို့နှင့်အတူ အိပ်ခွင့်ရသလို သင့်မှာ အိပ်ခွင့်မရှိတော့ပြီ၊ မမြတ်နိုးအပ်သော သာမဏေ သင်သည် ထွက်သွားပါလော့၊ တော်ရာ ချောင်ကြား ပျက်ပြားပါလော့ဟု ပြောဆို၍ အရေးယူရမည်။

၄။ (ပြုဗ္ဗယ်ကိစ္စများ တနသ်ာရီ နီပါတ် ၄-ရှုလေ)။

လိုက်နာရမည့် စည်းကမ်း

မြတ်စွာဘုရား အထွာတော်အားဖြင့် အလျား ၄-ထွာ၊ အနံ ၂-ထွာ ရေသနပ်ကို ပြုရမည်၊ ထိုအတိုင်းအရှည်ထက်ပိုလျှင် ဆေးဒဏ်ပါစိတ် သင့်၏။

http://www.myanmadownload.com

၅။ (က) မင်းဇ၏အိမ်၊ ပန်းချီဆေးရေးသော ဇရပ်၊ အရံ၊ ဥယျာဉ်၊ ရေကန်၊ တိုက်ခိုက်ရန် ထွက်သောစစ်တပ်၊ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း စသည်။

(ခ) ယူဇနာဝက်အတွင်း ရဟန်းမရှိသော ကျောင်း။

၆။ (က) ဒုဋ္ဌဒေါသသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊
အမူလကသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ခ) ပရိဏာတသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊
ပရိဏာမနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) ဣတ္ထာလင်္ကာရသိက္ခာပုဒ်ဖြင့် ပါစိတ်။

၇။ သံဃာအချင်းချင်း နိဂ္ဂဟကံမပြုကောင်းသောကြောင့် "ဧကော ဝါ ဒွေ ဝါ တယော ဝါ"ဟုသာ ဟောတော်မူသည်။

မသုံးစွဲကောင်းသော အခင်းပိုးချည်နှင့်ရောသောအခင်း, အမည်းသက်သက် သိုးမွေး အခင်း, အမည်းသက်သက် လေးပုံနှစ်ပုံထက် ပို၍ ပါဝင်သော အခင်း။

၈။ **ခြားနားပုံ**

ဤဝတ္ထုဖြင့် ဤဟာကို ပေးပါ၊ ဤဟာကို ယူပါ, လဲပါ, ဝယ်ပါ ဟုပြောဆိုပြီး သူတစ်ပါး၏ ကပ္ပိယဘဏ္ဍာကို ယူခြင်းသည် ကယ၊
မိမိ၏ ကပ္ပိယဘဏ္ဍာကို ပေးခြင်းသည် ဝိဂ္ဂယ၊ ဤသို့ ခြားနားပါသည်။
သက်နိုးထားနိုင်ရာ အဂ်ီ – (မွန်ပြည်နယ် နံပါတ် ၄–ရှ)။

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ရှမ်းပြည်နယ် (တောင်ပိုင်း)
ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ
၁၃ဖေ၆–ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက် (၄–၄–၂၀၀၅)တနလာနေ့

၁။ သိတင်းသုံးဖော် ရဟန်းတော်များက ဝိနည်းလမ်းကြောင်းဖြင့် ပြောဆိုဆုံးမသောအခါ ပြန်လည်ပြောဆိုတတ်သော ရဟန်းတော်အား အပြစ်ရပုံပြ သိက္ခာပုဒ်ကို အနက် ပေးပြပါ။

http://www.dhammadownload.com

၂။ အဌဝတ္ထုကာ သိက္ခာပုဒ်နှင့် လခွဲတစ်ကြိမ် တောင့်တရမည့် တရားနှစ်ပါးကို ပြဆိုသော သိက္ခာပုဒ်တို့ကို ကုန်စင်အောင် ပါဠိသက်သက်ရေးပြခဲ့ပါ။

၃။ ထင်ရှားရှိသော အာပတ်ကို ဒေသနာပြောကြားခြင်းကြောင့် ရရှိအပ်သော အကျိုးကို အထောက်သာဓကဖြင့် ရေးသားပြပြီးလျှင်၊ ဘိက္ခု နိဿဂ္ဂိယ်ပါစိတ်လာ ဘိက္ခုနီနှင့်စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့၏ အမည်များကို ဖော်ပြခဲ့ပါ။

၄။ (က) မိုးရေခံသက်နန်းကို ရှာမှီးရုံသာ ရှာမှီးအပ်သောကာလ၊ (ခ)မိုးရေခံသက်နန်းကို ချုပ်ဆိုးဝတ်ရုံအပ်သောကာလ၊ (ဂ) မိုးရေခံသက်နန်းကို မရှာမှီးအပ်သောကာလ၊ (ဃ) မိုးရေခံသက်နန်းကို ချုပ်ဆိုး၍ မဝတ်အပ်သောကာလတို့ကို တိကျမှန်ကန်စွာ ဖော်ပြ၍ အသက်နှစ်ဆယ်မပြည့်သေးသော ရဟန်းလောင်းကို ရဟန်းခံပေးရာ၌ ဥပဇ္ဈာယ် ဆရာနှင့် ကာရကသံဃာတို့ သင့်ရောက်နိုင်သည့် အာပတ်များကို ခွဲခြားရေးသားပြပါ။

၅။ ဘိက္ခုနီမများ ယောက်ျားနှင့် တစ်ယောက်ချင်း မနေအပ်, စကားမပြောအပ်သော အရပ်ဒေသများကို ရတ္တာနွဂကာရဝဂ်လာအတိုင်း ရေးပြပြီးလျှင်၊ ဝါကျတစ်ပြိုး ဘိက္ခုနီမများ ဆောင်ရွက်ရမည့် ဝတ္တရားများကိုလည်း သိက္ခာပုဒ်ထောက်၍ ဖြေဆိုပြခဲ့ပါ။

၆။ အောက်ပါပုဂ္ဂိုလ်တို့အား သင့်ရောက်သောအာပတ်ကို သိက္ခာပုဒ်နှင့်ယှဉ်တွဲ၍ ဖော်ပြပါ။
(က) ဘုန်းကံကြီးမားလို၍ ချာန်မရာဘဲ ရသည်-ဟု ပြောကြားသောရဟန်း၊
(ခ) ဆွေမျိုးမတော်သော ဘိက္ခုနီမထံမှ သက်နန်းကို ခံယူသောရဟန်း၊
(ဂ) ဇနီးမောင်နှံနှစ်ဦးသာရှိသော အိမ်တွင်းသို့ ဝင်ထိုင်သောရဟန်း၊
(ဃ) ညောင်စောင်းကုဋေတစ်ခုတည်း၌ နှစ်ယောက်အတူအိပ်သောရဟန်းမ၊
(င) လူမိန်းမတို့ကို နှိပ်ခိုင်းသောရဟန်းမ။



၇။ ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ဦးတို့တွင် တိတ္ထိတို့ကို မကြည်ဘဲ ဥပုသ်ပြုကောင်း/ မပြုကောင်း အကြောင်းပြ၍ ဖြေဆိုပြီးလျှင်၊ ရဟန်းတော်များ ပျက်စီးခြင်း ဝိပတ္တိ ၄-မျိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၈။ အဘယ်ရဟန်းမျိုးကို အနုဝတ္တကရဟန်းဟု ခေါ်ပါသနည်း? ဖြေဆိုရ၍ အဘယ်ဟပရမံ အတိရေကစိဝရံ-၌ အတိရေက အမိပ္ပါယ်ကိုလည်း ကခ်ီအလိုက္ခ ရှင်းလင်းဖြေဆိုပြပါ။

၁၃။ ရှမ်းပြည်နယ် (တောင်ပိုင်း) အဖြေ
ပထမလတ်တန်း ။ ဒွေမာတိကာဘာသာ

၁။ (သဟဓမ္မိကသိက္ခာပုဒ်ကို အနက်ရေးလေ)။

၂။ (အဌဝတ္ထုက သိက္ခာပုဒ်နှင့် အာရာမဝဂ် သြဝါဒုပသက်မန သိက္ခာပုဒ်တို့ကို ပါဠိရေးလေ)။

၃။ **ရရှိအပ်သောအကျိုး**

ဗျာန်, မဂ်, ဖိုလ် ရခြင်းငါ့ ချမ်းသာလွယ်ကူသောအကျိုးရှိပါသည်။

အထောက်သာဓက- အာဝိကတာ ဟိသ ဖာသု ဟောတိ။

သိက္ခာပုဒ်၏အမည်

ပုရာဏစိဝရသိက္ခာပဒ၊ စိဝရပဋိဂ္ဂဟဏသိက္ခာပဒ၊ ဌေကလောမဓောဝါပနသိက္ခာပဒ။

၄။ (က) နယုန်လပြည့်ကျော် ၁-ရက်မှ နယုန်လကွယ်အထိ ၁၅-ရက်၊
(ခ) ဝါဆိုလဆန်း ၁-ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ၄-လခွဲ၊
(ဂ) တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်မှ နယုန်လပြည့်အထိ ၇-လ၊
(ဃ) တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်မှ နယုန်လကွယ်အထိ ၇-လခွဲ။
ဥပဇ္ဈာယ်ဆရာသည် ပါစိတ်အာပတ်၊
ကာရက သံဃာတို့သည် ဒုက္ကဋ်အာပတ်။

၅။ **အရပ်ဒေသများ**

အရောင်အလင်းကင်းသော ညဉ့်မိုက်သောအရပ်၊ နံ့ရှ စသည်ဖြင့် ဖုံးလွှမ်းသောအရပ်၊ ဟင်းလင်းအပြင် လွင်ထိုးခေါ်ခင်အရပ်၊ ရထားသွားလောက် ထုတ်ချင်းပေါက်သောလမ်း၊ ထုတ်ချင်းမပေါက်သောလမ်း၊ လမ်းဆုံ၊ လမ်းခွ။

http://www.dhammadownload.com

ဆောင်ရွက်ရမည့် ဝတ္တရားများ

ခြောက်ယူဇနာ, ငါးယူဇနာ အရပ်သို့ သွားရခြင်း၊

အထောက်–စာရိုက နှ ပဏ္ဏမနုသိက္ခာပဒ၊

ဘိက္ခုညံယာ, ဘိက္ခုနီသံယာတို့၌ မြင်ခြင်း, ကြားခြင်း, ရှိရှာခြင်းဟူသော သုံးပါးသော အကြောင်းတို့ဖြင့် ဖိတ်ကြားခြင်း၊

အထောက်– အပဝါရဏာသိက္ခာပဒ။

၆။ (က) ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်ဖြင့် ပါရာဇိက၊

(ခ) စိဝရပဋိဂ္ဂဟာဏ ။ နိဿဂ္ဂိယပါစိတ်၊

(ဂ) သဘောဇန ။ ပါစိတ်၊

(ဃ) ဇောမဗ္ဘတ္တဝဋ္ဋန ။ ပါစိတ်၊

(င) ဂိဟိနိဉ္ဇမ္ဗုပန ။ ပါစိတ်၊

၇။ **ဥပုသ်ပြုကောင်း/မပြုကောင်း**

တိတ္ထိတို့ကို.ဟာဋ္ဌသဒ္ဒါဖြင့်ပင် ယူအပ်သောကြောင့် တိတ္ထိတို့ ဟတ္ထပါသ်အတွင်း၌ရှိလျှင် ဥပုသ်မပြုကောင်းပါ။

ဝိပတ္တိ ၄–မျိုး

၁။ သီလဝိပတ္တိ ၂။ အာစာရဝိပတ္တိ ၃။ ဒိဋ္ဌိဝိပတ္တိ ၄။ အာဇီဝဝိပတ္တိ။

၈။ သံဃာ့ဘောဒကရဟန်း၏ အမြင်, အယူ နှစ်သက်မှု လိုလားမှုကို ယူသောအားဖြင့် အတုလိုက်၍ ကျင့်သောရဟန်းကို အနုဝတ္တကရဟန်းဟု ခေါ်ပါသည်။

အတိရေကအဓိပ္ပါယ် – (ကချင်ပြည်နယ် နံပါတ် ၄–ရှုလေ)။

http://www.dhammadownload.com

၁၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ၅မ်းပြည်နယ် (မြောက်ပိုင်း)
ပထမလတ်တန်း ။ ဇွေမာတိကာဘာသာ
၁၃၆၆–ခုနှစ် ထပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၄–၄–၂၀၀၅) တနလာနေ့

၁။ အနုပညတ်ချက် အများဆုံးပါဝင်သော သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပါ။

၂။ ယုတ်မာသော အကျင့်ရှိသော ဘိက္ခုနီမတို့ကို အခြားဘိက္ခုနီမတန်းယောက်က အားပေး အားမြှောက်ပြုသော စကားတို့ကိုသာ အနက်မှန်စွာ ပေါ်ထုတ်ပါ။

၃။ ဖော်ပြပါရဟန်းနှင့် ရဟန်းမတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့် တကွ ဖော်ပြပါ။

(က) ဖောက်ပြန်သော ကာယသံသဂ္ဂရာဂပြင့် ဝိသဘာဂ အမျိုးသမီး အမျိုးသားတို့၏ ကိုယ်လက်နှီးနှောသုံးသပ်ခြင်းကို သာယာသောရဟန်းနှင့် ရဟန်းမ။

(ခ) စစ်ချီလာသောစစ်တပ်ကို ကြည့်ရှုရန် သွားသော ရဟန်းနှင့် သံဝုတီးဝိုင်းကပွဲကို ကြည့်ရှုရန်သွားသည့် ရဟန်းမ။

၄။ **မဟာပေသကာရသိက္ခာပုဒ်**–လာ (က) အာယတ (ခ) ဝိတ္ထတ (ဂ) အပ္ပိတ (ဃ) သုဝိတ (င) သုပ္ပဝါယိတ တို့၏ အဓိပ္ပါယ်အသီးသီးကို ရေးသားဖော်ပြပြီးလျှင်၊ ဘိက္ခုနီမများ လူထွက်လိုသည့်အခါ ဘိက္ခုတို့ကဲ့သို့ သိက္ခာချဖွယ် လို/မလို ပါဠိတော် သာဓကညွှန်ပြ၍ ဆုံးဖြတ်ချက်ချခဲ့ပါ။

၅။ **ဘိက္ခုနီ ဒုတိယိကဥယျာဇနသိက္ခာပုဒ်**–လာ **ရထိကာ, ဗျူတ, သဝဏ်ဌက** အမည်ရသော လမ်းများကို ဖော်ပြပြီးလျှင်၊ **ဘိက္ခုစာရိတ္တသိက္ခာပုဒ်**–လာ ပုရောဘတ္တ, ပစ္ဆာဘတ္တနှင့်၊ ဘိက္ခုနီ **အနာပုစ္ဆာပဏ္ဍမနသိက္ခာပုဒ်**နှင့်၊ **အနာပုစ္ဆာအဘိနိ–သီဒနသိက္ခာပုဒ် ၂–ပုဒ်**တို့ဆိုလာသော ပုရောဘတ္တ, ပစ္ဆာဘတ္တတို့၏ အထူးကိုလည်း ရေးပါ။

http://www.dhammadownload.com

၆။ မြင့်မြတ်သော ရဟန်းဘဝသို့ တက်ရောက်ရာ၌ ရဟန်းလောင်း၏ ပြည့်စုံမှု (ဝတ္ထုသမ္ပတ္တိ) နှင့် ထေယျာဝဟာရပဋိကာ (က) ထေယျာဝဟာရ (ခ)ပသယှာဝ-ဟာရ တို့၏ အဓိပ္ပါယ်ကိုလည်း ကခ်ီလာအတိုင်း ရေးပြပါ။

၇။ **အမူလကေန ပါရာဇိကေန အနုဒ္ဓံသေယျာ**၌ မူလအရနှင့် အမူလက၏ အဓိပ္ပါယ်ကို ရှင်းပြပြီးလျှင် **ဇာနံ ပဋိစ္ဆာဒေတိ**၌ အဂ်ီအချက်အလက် ဘယ်နှစ်ပါးနှင့် ပြည့်စုံမှ ဖုံးလွှမ်းရာရောက်ပါသနည်း? ၎င်းအဂ်ီလက္ခဏာတို့ကိုလည်း တိကျစွာဖြေဆိုခဲ့ပါ။

၈။ ဝိမိဝတ်ရုံသော သက်နံ့းကို' ဆယ်ရက်အတွင်း အဓိဋ္ဌာန်တင်ခြင်း စသည်မပြုမိ၍ **နိဿဂ္ဂိအာပတ်** သင့်ရာမှ စင်ကြယ်လိုသည့်အတွက် ပြုလုပ်ရမည့် အစီအစဉ်ကိုရေး၍ (က) **ရာဇဘောဂ** (ခ) **ဓေယျာဝစ္စတရ** (ဂ) **သံဃိတလာဘတို့**၏ အဓိပ္ပါယ်များကိုလည်း အဖွင့်နှင့်အညီ ရေးပြပါ။

၁၄။ ၅မ်းပြည်နယ် (မြောက်ပိုင်း) အမြေ
ပထမလတ်တန်း ။ ဒွေမာတိကာဘာသာ

၁။ (နဟာနသိက္ခာပုဒ်ကို ပါဠိရေးလေ)။

၂။ (ပါပသမာစာရဒုတိယသိက္ခာပုဒ်လာ-သံသဋ္ဌာဝ အယေ့ တုမ့ (ပ) သံဃော ဝဏ္ဏော တိ" တိအထိပါဠိကို အနက်ရေးလေ)။

၃။ (က) ရဟန်းအား သံဃာဒိသေသ် ကာသံသဂ္ဂသိက္ခာပုဒ်၊
ရဟန်းမအား ပါရာဇိက ဥဇ္ဇဂ္ဃိကာမဏ္ဍလိကာသိက္ခာပုဒ်၊
(ခ) ရဟန်းအား သုဒ္ဓပါစိတ် ဥယျုတ္တသေနာသိက္ခာပုဒ်၊
ရဟန်းမအား သုဒ္ဓပါစိတ် နစ္စဂီတသိက္ခာပုဒ်။

http://www.dhammadownload.com

၇။ (က) အလျှားရှည်သည်ကို ပြခြင်း၊ (ခ) အနုံပြန့်သည်ကို ပြခြင်း၊
(ဂ) တခဲနက်ထူသည်ကို ပြခြင်း၊ (ဃ) ကောင်းစွာရက်အပ်သည်ကို ပြခြင်း၊
(င) ကောင်းစွာခင်းအပ်သည်ကို ပြခြင်း၊
မလိုပါ။

ဘိက္ခုနိုဗ္ဗ သိက္ခာသာဇီဝသမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတ္တာ ဟုမဟောသောကြောင့် သိက္ခာချဖွယ်မလိုပါ။

၈။ ရထိက – ရထားသွားလောက် ထုတ်ချင်းပေါက်သည့် ခရီးလမ်း၊
ဗျူဟ – ထုတ်ချင်းမပေါက်သောလမ်း၊
သိင်္ဃာဋက – လမ်းဆုံ လမ်းမ လမ်းလေးခွ။

ဘိက္ခုစာရိတ္တသိက္ခာပုဒ်

ပုရေဘတ္တ – ဖိတ်အပ်သောဆွမ်းကို စားသည်မှ ရှေးအဖို့၊
ပစ္ဆာဘတ္တ – ဖိတ်အပ်သောဆွမ်းကို စားသည်မှ နောက်အဖို့၊

ဘိက္ခုနီ

ပုရေဘတ္တ – အရုဏ်တက်သည်မှ မွန်းတည့်ချိန်တိုင်အောင်၊
ပစ္ဆာဘတ္တ – မွန်းတည့်ချိန်မှ နေဝင်ချိန်တိုင်အောင်။

၆။ **ဝတ္ထုသမ္ဘတ္တိ**

၁။ အသက် ၂၀–ပြည့်သူ၊ ၂။ ပါရာဇိကမကျဘူးသူ၊
၃။ ပဏ္ဏာပ်စသော အဘဗ္ဗပုဂ္ဂိုလ် ၁၁–ယောက်မဟုတ်သူ။
(က) သူတစ်ပါး၏ အိမ်စပ်စသည်ကို ဖောက်ထွင်း၍ အမြင်မခံဘဲ မုန်းလျှို့ ကွယ်လျှို့ လုပ်၍ ခိုးခြင်းသည်လည်းကောင်း၊ မမှန်ကန်သော တောင်း, ခွက် ချိန်ခွင် ငွေပိုက်ဆံ စည်တို့ဖြင့် လှည့်ပတ်၍ ခိုးခြင်းသည်လည်းကောင်း၊ ထေယျာဝဟာရ ခိုးခြင်းမည်၏။
(ခ) ဏ္ဍာကို ဖျက်ဆီးတတ်သောဓားပြ လူဆိုးတို့ကဲ့သို့ နိုင်ထက်စီးနင်းပြု၍ ယူခြင်းမျိုးသည်လည်းကောင်း၊ ရသင့်ရထိုက်သော အခွန်အထုတ်ထက် ပို၍ယူသော အစိုးရအမှုထမ်းကဲ့သို့ ယူခြင်းမျိုးသည်လည်းကောင်း ပသယ္ယာဝဟာရ။

http://www.dhammadownload.com

၇။ **မူလအရ**– ဒိဋ္ဌမူလ, သုတမူလ, ပရိသက်ိတမူလ၊

အမူလကအဓိဋ္ဌိယ်

ထိုမြင်ခြင်း ကြားခြင်း ယုံမှားခြင်းဟူသော အကြောင်းအရင်း မူလမရှိခြင်းသည် အမူလကမည်သည်။

အဂ်ီဆယ်ပါးလုံးနှင့်ပြည့်စုံမှသာ ပုံးလွှမ်းရာရောက်သည်။

အဂ်ီလက္ခဏာ

၁။ အာပတ်သင့်ခြင်း၊	၂။ အာပတ်သင့်ရာမှ အမှတ်ရှိခြင်း၊
၃။ ပကတတ်ရဟန်းဖြစ်ခြင်း၊	၄။ ပကတတ်ရဟန်းဟု အမှတ်ရှိခြင်း၊
၅။ အန္တရာယ်မရှိခြင်း၊	၆။ အန္တရာယ်မရှိဟု အမှတ်ရှိခြင်း၊
၇။ ဒေသနာကြားခြင်းဌာ် စွမ်းနိုင်ခြင်း၊	၈။ စွမ်းနိုင်၏ဟု အမှတ်ရှိခြင်း၊
၉။ ပုံးထားလိုခြင်း၊	၁၀။ ပုံးထားခြင်း။

၈။ (၁) နိဿဂ္ဂိသက်နှိုးကို သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်ထံစွန့်ခြင်း၊

(၂) ထိုအာပတ်ကို ဒေသနာကြားခြင်း၊

(၃) စွန့်ရာ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်က စွန့်သောရဟန်းအား ထိုသက်နှိုးကို ပြန်ပေးခြင်း၊

(က) မင်း၏ အထံမှ ရအပ်သော စည်းစိမ်ရှိသော အမတ်ကို ရာဇဘောဂ္ဂ၊

(ခ) ရဟန်းတော်များ အတွက် အပ်စပ်အောင်ပြုပေးသူကို ဝေယျာဝစ္စကရ၊

(ဂ) သံဃာသို့ လှူအုံ့–ဟု ကိုယ်နှုတ်ပြင့် ညွှတ်ပြီး၍ ရသင့်ရထိုက်သော သက်နှိုးစသော ဝတ္ထုကို သံဃိကလာဘ။

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ၅မ်းပြည်နယ် (အရှေ့ပိုင်း)

ပထမလတ်တန်း ။ ဝိနယဘာသာ

၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၄–၄–၂၀၀၅) တနလာနေ့

၁။ မိမိကျောင်းအတွက် ဝေယျာဝစ္စဆောင်ရွက်နေသော ''ကပ္ပိယမ'' နှင့် ငြင်းခုံခိုက်ရန်ဖြစ်သော ရဟန်းမအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

http://www.dhammadownload.com

၂။ ငြင်းခုံခိုက်ရန်ဖြစ်နေသော ရဟန်းတို့၏ တိုင်ပင်စကားကို သွားရောက် ချောင်းမြောင်းနားဗထောင်သော ရဟန်းအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို အနက်ယောနောပါ။

၃။ ပထမအနိယတသိက္ခာပုဒ်၌သာ ပါရာဇိက အာပတ်ပါဝင်၍ နုတိယအနိယတသိက္ခာပုဒ်၌ ပါရာဇိကအာပတ် မပါဝင်ခြင်းအကြောင်းကို ပြေဆိုရ၍ ဘုရားရှင်၏ ရောဂါပြင်းကြောင်း ဆေးစွမ်းကောင်းတို့ကိုလည်း ပါဠိ, မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပါ။

၄။ ပစ်မထားဗကောင်းသော သံယိကပစ္စည်းများကို ဖော်ပြ၍ ''ပရမ္မရဘောဇဉ်''၏ အဓိပ္ပါယ်ကိုလည်း ကျမ်းရင်းလာအတိုင်း ပြေဆိုခဲ့ပါ။

၅။ အောက်ပါရဟန်းတို့အား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်သနည်း?အသီးသီး ပြေဆိုပြပါ။

(က) ဘုန်းကံကြီးမားလို၍ ချာန်မဂ်ဖိုလ်မရဘဲ ချာန်မဂ်ဖိုလ်ရ၏ဟု ပါ၀ကြွားပြောသော ရဟန်း၊

(ခ) ရဟန်းတစ်ပါးအား အမူလကပါရာဇိကဖြင့် စွပ်စွဲသောရဟန်း၊

(ဂ) ပိဝိရပြီးသော ချာန်မဂ်ဖိုလ်တရားကို လူသာမဏေအား ပြောသောရဟန်း၊

(ဃ) ရဟန်းတစ်ပါးအား အမူလကသံဃာဒိသေသ်ဖြင့် စွပ်စွဲသောရဟန်း၊

(င) အသားဟင်းကို ဆွမ်းဖြင့်ဖုံးအုပ်၍ စားသောရဟန်း။

၆။ ဦးရေခံ သက်နှံ, အမာလွှမ်း သက်နှံတို့၏ အဓိဋ္ဌာန်ပျက်ရာကာလကိုရေး၍၊ အဘယ်ပုဂ္ဂိုလ်မျိုးကို ''ဝေယျာဝစ္စကရ- ဝေယျာဝစ္စပြည့်''တဲ့ ခေါ်သည်ကိုလည်း ပြေဆိုပြပါ။

၇။ အညဘာဂိယသိက္ခာပုဒ်လာ ''ကိဗ္ဗိဒေသံ လေသမတ္တံ''၌ ဒေသနှင့်လေသ အဓိပ္ပါယ်တို့ကို ကံဝီလာအတိုင်း ရေးသား၍၊ အဘယ့်ကြောင့် ''အနိယတ''ဟု ခေါ်သည်ကိုလည်း ပြေဆိုပြပါ။

http://www.dhammadownload.com

၈။ ကထိနသိက္ခာပုဒ်လာ ကထိန်သက်နှံးလှူဒါန်းနိုင်သော ပုဂ္ဂိုလ်များကို ဖော်ပြ၍၊ ကထိန်ခင်းခြင်းကြောင့် ရနိုင်သော အကျိုးအာနိသင်များကိုလည်း ကဝီကျမ်းလာအတိုင်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြခဲ့ပါ။

၁၅။ ရပ်းပြည်နယ် (အရှေ့ဝိုင်း) အပြေ
ပထမလတ်တန်း ။ ဒွေမာတိကာဘာသာ

၁။ (ဘိက္ခုနိသံဃာဒိသေသ် ဥသယပါဒိကာသိက္ခာပုဒ်ကို ပါဠိရေးလေ)။

၂။ (သဟာဓမ္မိကဝဂ် – ဥပသုတိသိက္ခာပုဒ်ကို အနက်ရေးလေ)။

၃။ နေရာသည် နံရံစသည်ဖုံးလွှမ်းမှုမရှိ၍ မေထုန်အမှုပြုခြင်းငှါ မခန့်သောကြောင့် ဒုတိယ အနိယတဋ္ဌ ပါရာဇိကမပါဝင်ပါ။

ဆေးစွပ်းကောင်းများ

သပ္ပိ – ထောပတ်၊ နဝဏီတ–ဆီဦး၊ တေလ–ဆီ၊ မဓု–ပျားရည်၊ ဖာဏိတ – တင်လဲ။

၄။ ညောင်စောင်း, အင်းပျဉ်, ဘုံလျှို, ကပ်အခင်း, အိပ်ရာ, နေရာ တို့ဖြစ်သည်။

ပရမ္ပရဘောဇဉ်

ရှေးဖိတ်သောသူ၏ ဆွမ်းမှတပါး နောက်ဖိတ်သောသူ၏ဆွမ်းကို အစဉ်မဟုတ် စားခြင်းသည် ပရမ္ပရဘောဇဉ်။

၅။ (က) ဥတ္တရိမနုဿဓမ္မ–ဖြင့် ပါရာဇိက၊
(ခ) နှုန်ဒေါ်သဖြင့် သံဃာဒိသေသ်၊
(ဂ) ဘူတာရောစနဖြင့် သုဒ္ဓပါစိတ်၊
(ဃ) အမူလကဖြင့် သုဒ္ဓပါစိတ်၊
(c) သြဒနပဗ္ဗဇိတ္ထာဒနဖြင့် ဒုက္ကဋ်။

http://www.dhammadownload.com

၆။ မိုးရေခံသက်နှုံးသည် မိုးလေးလ ကုန်ရာကာလ၌ အဓိဋ္ဌာန်ပျက်သည်၊ အမာလွှမ်းသက်နှုံးသည် အနာဇြိမ်းအေးကင်းပျောက်သော် အဓိဋ္ဌာန်ပျက်သည်။

ဝေယျာဝစ္စကရ (ရှမ်းပြည်နယ်/မြောက်ပိုင်း ၈-၊(ခ) ရှ)

၇။ **အေသ** - ဤသူဟု ညွှန်ပြအပ် ပြောဆိုအပ်သောကြောင့် ဇာတိစသည်တို့တွင် တစ်ပါးပါးသည် အေသမည်၏။

လေသ - စကားအပြစ်ပြစ်သာ ပြောကပ်တတ်သောကြောင့် ဇာတိစသည်တို့တွင် တစ်ပါးပါးသည် လေသမည်၏။

အနိယတ ခေါ်ကြောင်း

ဝန်ခံသောအာပတ်, ဝန်ခံသောဝတ္ထု၏ အစွမ်းအားဖြင့် ဆုံးဖြတ်ထိုက်သောကြောင့် မပြသည့်အတွက် အနိယတဟုခေါ်သည်။

၈။ လူ, ရသေ့, ရဟန်းတို့တွင် မည်သူမဆို တရားနှင့်အညီ လှူဒါန်းနိုင်သည်။

ကထိန်အာနိသင် ငါးပါး

အနာမန္တစာရ - ထင်ရှားသောရဟန်းကို မပန်ကြားဘဲ ရွာတွင်းသွားနိုင်ခြင်း၊

အသမာဒါနစာရ - အဓိဋ္ဌာန်တင်အပ်သော သက်နှုံးကို အရေပ်တပါးမယူဘဲ သွားနိုင်ခြင်း၊

ယာဝဒတ္ထစီဝရ - အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ သက်နှုံးအများ အလိုရှိသလောက် ထားနိုင်ခြင်း၊

ဂဏဘောဇန - ရဟန်းလေးပါးနှင့် လေးပါးထက် ရဟန်းပေါင်းအား မအပ်သော ဝိညတ်ဖြင့်ပင့်ဖိတ်သောဘောဇဉ်များကို အတူတကွခံယူဘုဉ်းပေးနိုင်းခြင်း၊

ယောစတတ္ထစီဝရပ္ပါဒ - ကထိန်ခင်းရာ ကျောင်းတိုက်အတွင်းဖြစ်ပေါ်သမျှ သက်နှုံးအားလုံးသည် အာနိသင်ရသော ရဟန်းများနှင့်သာ သက်ဆိုင်ရခြင်း။

http://www.dhammadownload.com

၁၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ရုံးချုပ်ပြည်နယ် ပထမလတ်တန်း ။ ဝိနယဘာသာ

၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၄–၄–၂၀၀၅) တနလာနေ့

၁။ ဖော်ပြပါ သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပြပါ။
(က) မြတ်စွာဘုရားသက်နိုးတော် ပမာဏပြသိက္ခာပုဒ်၊
(ခ) ဘိက္ခုနီမများ ရေပြင့်သန့်စင်ရာ၌ အတိုင်းအရှည်ပမာဏပြသိက္ခာပုဒ်။

၂။ အောက်ပါ သိက္ခာပုဒ်တို့ကို အနက်မှန်မှန်ပေးပြပါ။
(က) ရဟန်းတော်များ လဲ ဝါကွမ်းဖြင့် မွှေ့ရာမပြုလုပ်ရန် ပညတ်ထားသော သိက္ခာပုဒ်၊
(ခ) အသက်နှစ်ဆယ်ပြည့်ပြီးသော်လည်း နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို မကျင့်ရသေးသော မိန်းမပျိုကို ရဟန်းခံမပေးရဟု ပညတ်ထားသော သိက္ခာပုဒ်။

၃။ အောက်ပါ ရဟန်း/မများသင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့် ဖော်ပြပါ။
(က) ဘိက္ခုနီမနှင့် တိုင်ပင်၍ ခရီးသွားသောရဟန်း၊
(ခ) ဝိနိစ္ဆယခုံရုံး၌ ဆန္ဒမပေးဘဲ နေရာမှ ထသွားသောရဟန်း၊
(ဂ) ထောပတ်နှင့်ဆီကို ဝယ်သောရဟန်းမ၊
(ဃ) တရားနှင့်လျှော်သော သက်နိုးဝေဖန်မှုကို တားမြစ်သောရဟန်းမ၊
(c) ဂိလာန မဟုတ်ဘဲ ထီးဆောင်းသောရဟန်းမ။

၄။ သံဃာဒိသေသ်အာပတ်ကုစားပုံ ကုစားနည်းတို့ကို ဘိက္ခု၊ ဘိက္ခုနီတို့ အားလျှော်စွာ စနစ်တကျ ပြေဆိုခဲ့ပါ။

၅။ ခိုးသူစသော ဘေးအန္တရာယ်ရှိသော တောကျောင်းနေ ရဟန်းတော်ထံသို့ ဒါယကာတို့ ဆွမ်းခံဘွယ်လာလှူလျှင် မသုံးဆောင်ကောင်းသော အခါရှိကဖော်ပြပြီး၊ ဘိက္ခုနီများ မကျန်းမာမှ တောင်းစားကောင်းသော ပစ္စည်းများကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၆။ ပါရာဇိကကျပြီးသော ရဟန်းသည် သံဃကံတို့၌ ဂဏပူရဏာ ပြစ်နိုင်/မပြစ်နိုင် အကြောင်း ပြပြေဆိုပြီးလျှင်၊ ပညတ်တော် ၉-ပါးကိုလည်း သိသာရုံမျှ ဖော်ပြပါ။

၇။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်လာ ဩဘာသနခေါ် မသူတော်တို့၏ စကားကိုလည်း မြန်မာ ဘာသာဖြင့် ဖော်ပြပြီးလျှင်၊ ဝိဟာရကာရသိက္ခာပုဒ်လာ မဟာလွကအဓိပ္ပါယ်ကိုလည်း ပြည့်စုံစွာ ရေးပြပါ။

၈။ ဥဒေါ်သိတသိက္ခာပုဒ်၌ အဘယ်သို့သော ရဟန်းမျိုးကို သမ္မတိရသောရဟန်းဟုခေါ်ပါ သနည်း? ဖြေဆို၍၊ မိုးရေခံသက်နန်းရှာမှီးကောင်းသော အချိန်တို့ကိုလည်း ကခ်ီလာအတိုင်း ဖော်ပြခဲ့ပါ။

၁၆။ ရခိုင်ပြည်နယ် (အပြေ)
ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

၁။ အောက်ပါ သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။
(က) နန္ဒသိက္ခာပုဒ်၊
(ခ) ဥဒကသုဒ္ဓိကသိက္ခာပုဒ်။

၂။ အောက်ပါ သိက္ခာပုဒ်တို့ကို အနက်ရေးလေ။
(က) တူလောနဒ္ဓသိက္ခာပုဒ်၊
(ခ) ဒုတိယကုမာရိဘူတသိက္ခာပုဒ်။

၃။ (က) သုဒ္ဓပါစိတ် ဩဝါဒဝဂ် သံဝိဓာနသိက္ခာပုဒ်၊
(ခ) သုဒ္ဓပါစိတ် ဆန္ဒိအဒတ္တာဂမနသိက္ခာပုဒ်။
(ဂ) နိဿဂ္ဂိယပါစိတ် ကယဝိက္ကယသိက္ခာပုဒ်၊
မှတ်ချက် - ဝိဝိမှာ ရှိသောထောပတ်နှင့် သူတစ်ပါးထံမှ ဆီကို လဲလှယ်ဝယ်ယူသည်ကို ရည်ရွယ်သည်၊

http://www.dhammadownload.com

ထောပတ်ကော ဆီကော နှစ်မျိုးလုံးကို ရှေ့, ရွှေ့ပြင့် ဝယ်လျှင်ကား ရှုပိယသံဝေါဟာရ သိက္ခာပုဒ်ပြင့် နိဿဂ္ဂိယပါစိတ်၊

(ဃ) ဘိက္ခုနီ နဂ္ဂဝဂ် သုဒ္ဓပါစိတ် ပဋိဇာဟနသိက္ခာပုဒ်၊

(c) ဘိက္ခုနီ သုဒ္ဓပါစိတ် ဆတ္တုပါဟနသိက္ခာပုဒ် ။

၇။ သံဃာဒိသေသ် တုစားပုံ

ဘိက္ခု – ၁။ ပုံးလွှမ်းသမျှ ရက်တို့ပတ်လုံး ပရိဝါသ်ဆောက်တည်ရမည်၊

၂။ ပရိဝါသ်ဆောက်တည်ပြီးက ၆–ရက်မာနတ်ကျင့်ရမည်၊

၃။ ၆–ရက်မာနတ်ကျင့်ပြီးက အယုတ်ဆုံးနှစ်ကျိပ်အရေတွက်ရှိသံဃာပြင့် သိမ်ထဲ၌ အဘ္ဘာန်သွင်းရမည်။

ဘိက္ခုနီ ၁။ ဥဘတောသံဃာတော်အထံ၌ ပက္ခမာနတ်ကျင့်ရမည်၊

၂။ မာနတ်ကျင့်ပြီးက အယုတ်ဆုံး နှစ်ကျိပ်အရေတွက်ရှိ ဘိက္ခုနီ သံဃာပြင့် သိမ်ထဲ၌ အဘ္ဘာန်သွင်းရမည်။

၅။ မသုံးဆောင်တောင်းသော အဝါ

အာရမ် ဥပစာသို့ မရောက်မီ ဘေးအန္တရာယ်မရှိမှန်း ကြိုတင်မပြောသော အဝါ။

တောင်းစားကောင်းသော ပစ္စည်းများ

ထောပတ်, ဆီ, ပျား, တင်လဲ, ငါး, အမဲ, နို့ရည်, နို့ခမ်း။

၆။ ပါရာဇိက ကျူးသောသူသည် သံဝါသသုံးမျိုးလုံးမရှိသောကြောင့် သံဃကံတို့၌ ဂဏဖူရဏာ မပြစ်နိုင်ပါ။

ပညတ် ၉–ပါး

၁။ မူလပညတ်၊ ၂။ အနုပညတ်၊ ၃။ အနုပ္ပန္နပညတ်၊ ၄။ သဗ္ဗတ္ထပညတ်၊ ၅။ ပဒေသပညတ်၊ ၆။ သာဓာရဏပညတ်၊ ၇။ အသာဓာရဏပညတ်၊ ၈။ ဧကတောပညတ်၊ ၉။ ဥဘတောပညတ်အားပြင့် ၉–ပါး။

http://www.dhammadownload.com

၇။ ၁။ ချိုးမွမ်းခြင်း၊ ၂။ ကဲ့ရဲခြင်း၊ ၃။ တောင်းခြင်း၊ ၄။ တောင့်တခြင်း၊ ၅။ မေးပြန်ခြင်း၊ ၆။ ရှေးရှုမေးခြင်း၊ ၇။ မေးအပ်သည်ဖြစ်၍ ပြောပြခြင်း၊ ၈။ မမေးအပ်ဘဲ သွန်သင်ခြင်း၊ ၉။ ဆဲရေးခြင်းအားဖြင့် မသူတော်၏ စကားကို သြဘာသနဟုခေါ်သည်။

မဟာလွှက အဓိပ္ပါယ်

ကျောင်းရှင်ဒါယကာရှိသဖြင့် သညာစိကာ.ကုဋိထက်မြင့်မြတ်သောကြောင့်လည်းကောင်း၊ ကျောင်းနေရာကို ညွှန်ပြစေ၍ ပမာဏလွန်အောင်ပြုကောင်းသောအားဖြင့် ပမာဏကြီးသောကြောင့်လည်းကောင်း မဟာလွှက ဟုခေါ်သည်။

၈။ သံဃာက ဂိလာန–ဟု သမုတ်သောရဟန်းသည် သမ္ဘတိရသောရဟန်းဟုခေါ်သည်။

အချိန်ကာလ

နယုန်လပြည့်ကျော် ၁–ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင်သောကာလ။

၁၇။ ပထမပြန်စာမေးပွဲကျင်းပရေးဇတိုအဖွဲ့ခွဲ (ရောဝတီတိုင်း)
ပထမလတ်တန်း ။ ဒွေမာတိကာဘာသာ
၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၈–၃–၂၀၀၅)တနလာနေ့

၁။ (က) သံဃိကကျောင်း၌ ဦးစားပေးသင့်သူဟုသိလျက် ဦးစွာထိုင်နှင့်သောရဟန်းကို နေရာမရ ဗယ်ထသွားစေလိုသောဆန္ဒဖြင့် တိုးဝှေ့းနေထိုင်သောရဟန်းအား အပြစ်ဖြစ်ပုံပြသိက္ခာပုဒ်နှင့် (ခ) ပါတိမောက်ပြနေစဉ် သိက္ခာပုဒ် ကြီးငယ်ကို ကဲ့ရဲပြစ်တင်ရှုတ်ချသောရဟန်းအား အပြစ်ဖြစ်ပုံပြ.သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးသားပါ။

၂။ ကာမရာဂ ထကြွသောင်းကျန်းသောယောဂျားဏ် ကိလေသာဖြင့် အမျိုးမျိုး သုံးသပ်နှစ်သိမ့်ပေးမှုကို သာယာသောရဟန်းမအား အပြစ်ဖြစ်ပုံပြသိက္ခာပုဒ်ပါဠိတော်ကို အနက်ယောဇနာပါ။

၃။ မိမိ၌ထင်ရှားမရှိသော ဈာန်မဂ်ဖိုလ်တရားတို့ကို ပြောဆိုပြီးမှ အပြစ်ကို ဝန်ခံခဲ့သော် အပြစ် လွတ်/မလွတ် ဝိနယပါဠိအထောက်ပြ ဆုံးဖြတ်ချက်ချ၍၊ အပြစ်ကျူးလွန်ပြီးနောက် သမုဒ္ဒာသနကံအဆုံး၌ အပြစ်ရသော သံဃာဒိသေသ် သိက္ခာပုဒ်အမည်တို့ကို ရေးပြပါ။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၇။ ယခုခေတ်၌ ဘိက္ခုနီများမရှိသောကြောင့် ကျင့်သုံးဖွယ်မလိုသော ဘိက္ခုသုဒ္ဓပါစိတ်လာ ဘိက္ခုနီတို့နှင့် စပ်၍ ပညတ်ထားသော သိက္ခာပုဒ်တို့ကို အမည်မျှ ရေးပြပါ။

၅။ (က)ရဟန်းမတို့၏ သက်နေ့ရှိမတက်အောင် လှည့်လည်ဝတ်ရှုရမည့် ကာလအပိုင်းအခြားနှင့် (ခ) ဘိက္ခုနီ အာသန္နိပရိဘုဥ္ဇနသိက္ခာပုဒ်၌ ''အာသန္နိနှင့် ပလ္လင်''တို့၏ အထူးကို ရေးသားဖြေဆိုပါ။

၆။ ဘိက္ခု ကမ္မပ္ပတ္တာ–၌ ကမ္မပ္ပတ္တာအဓိပ္ပါယ်ကို ကခ်ီကျမ်းနှင့်အညီ ရေးသားဖြေဆို၍ ဥဒကုက္ခေပသိမ်၏ တည်ရာအရပ်ကိုလည်း ပိုင်းခြားပြခဲ့ပါ။

၇။ လူသတ်မှု ကျူးလွန်ရာ၌ လူသတ်မှု အထမြောက်သော အင်္ဂါရပ်တို့ကို ကခ်ီလာသည့် အတိုင်းရေး၍၊ ကုလဒူသကသိက္ခာပုဒ်၌ ''ဂါမံ ဝါ နိဂမံ ဝါ''ဟုသာဆိုသောကြောင့် (နဂရ)မြို့၌ ကုလဒူသကအမှုပြုကောင်း/မပြုကောင်း အကြောင်းနှင့်တကွ ကခ်ီလာသည့် အတိုင်း ရေးပါ။

၈။ ပုရာဏစီဝရအဓိပ္ပါယ်ကို အဋ္ဌကထာလာသည့်အတိုင်း ရေး၍၊ အညာတကဝိညတ္တိသိက္ခာပုဒ်လာ ဂဟပတိ, ဂဟပတာနီတို့၏ အဓိပ္ပါယ်ကိုလည်း ကခ်ီလာသည့်အတိုင်း ရေးပါ။

၁၇။ ရောဇတိတိုင်း (အဖြေ)

ပထမလတ်တန်း။ ။ ဒွေမာတိကာသာသာ

၁။ (က) (ဘူတဂါမဝဂ် အနုပခဇ္ဇသိက္ခာပုဒ် ပါဠိရေးလေ)။
(ခ) (သဟဓမ္မိကဝဂ် ဝိလေခန သိက္ခာပုဒ် ပါဠိရေးလေ)။

၂။ (ဘိက္ခုနီပါရာဇိက ဥဒ္ဒေဿကုမဏ္ဍလိကာ သိက္ခာပုဒ် အနက်ရေးလေ။)
မှတ်ချက်–ပုစ္ဆာ၌ ကာမရာဂ–ဟုပါသော်လည်း ဥဒ္ဒေဿကုမဏ္ဍလိကာ–ကိုပင် ရည်ရွယ်မေးဟန် တူသည်။
အမှန်မှာ– ဥဒ္ဒေဿကုမဏ္ဍလိကာ–၌ ကာမရာဂမဟုတ် ကာယသံသဂ္ဂရာဂ ဖြစ်သည်။

http://www.dhammadownload.com

၃။ ပြောဆိုပြီးမှ ဝန်ခံသော်လည်း အပြစ်မှ မလွတ်ပါ။
အထောက်– အာပန္နော ဝိသုद्धိပေကျော်၌ အာပန္နော–သင့်ရောက်ပြီးသော–ဟု ဆိုသည်ကိုထောက်ပါ။
သိက္ခာပုဒ်အမည် – သံဃဘေဒ, ဘေဒါနုဝတ္တက, ဒုဋ္ဌစ, ကုလဒူသကသိက္ခာပဒ။

၄။ သြဝါဒသိက္ခာပဒ, အတ္ထဂ်တသိက္ခာပဒ, ဘိက္ခုနုပသယယသိက္ခာပဒ, အာမိသသိက္ခာပဒ, စိဝရဒါနသိက္ခာပဒ, စိဝရသိဗ္ဗနသိက္ခာပဒ, သံဝိဓာနသိက္ခာပဒ, နာဝါဘိရုဟနသိက္ခာပဒ, ပရိပါစိတသိက္ခာပဒ, ရဟောနိသဇ္ဇသိက္ခာပဒ။
မှတ်ချက်– ဝိကပ္ပနာသိက္ခာပုဒ်၌ ဘိက္ခုနီ ပါသော်လည်း ဘိက္ခုနီသာ ပဓာန မဟုတ်ပါ။

၅။ (က) ၅–ရက် ဖြစ်ပါသည်၊
(ခ) **အာသန္နီ**– လက်ရှစ်သစ်ထက် လွန်သောအရေရှိသော ညောင်းစောင်း အင်းပျဉ်း၊
(ဂ) **ပလ္လင်**– ခြေသေ့ သစ်ကျား စသော သားရဲရုပ်ရှိသော ပြောင်းရှေ့နိုင်သော ပလ္လင်။

၆။ ဥပေါသထကံနှင့် သင့်လျော်လျောက်ပတ်ကုန်သော အယုတ်ဆုံးလေးပါးသော ပကတတ်ရဟန်းတို့ တသိမ်တည်း၌ ဟတ္ထပါသ်ကို မစွန့်မူ၍ တည်ရှိခြင်း။

ဥဒကုက္ခေပသိမ်တည်ရာ အရပ်အပိုင်းခြား

မြစ်, သမုဒ္ဒရာ, ဇာတသအိုင်တို့၏အတွင်း မိုးမှန်မှန် ရွာသောအခါ မိုးလေးလ ရေလွှမ်းသော အရပ်၊ ပကတိလှိုင်းတက်ရာအရပ်အတွင်း ပတ်ပတ်လည် ထာမမဇ္ဈိမ ပုရိသ၏ ရေမြောက်ပက်ရာ ရေတက္ကအတွင်းအရပ်သည် ဥဒကုက္ခေပသိမ်တည်ရာအရပ် မည်၏။

၇။ **အဂ်ီရပ်**
၁။ လူဇာတ်ရှိသောသတ္တဝါ ဖြစ်ခြင်း၊ **၂**။ သတ္တဝါမှန်း သိခြင်း၊
၃။ သတ်လိုသော စိတ်ရှိခြင်း၊ **၄**။ လုံ့လအားစိုက်ခြင်း၊
၅။ ထိုလုံ့လကြောင့်သေခြင်း၊
နဂရလည်း ပေ၌ အတွင်းဝင်သောကြောင့် နဂရ၌ ကုလဒူသကအမှု မပြုကောင်းပါ။

http://www.dhammadownload.com

၈။ (ပဲခူးတိုင်း/အရှေ့ နံပါတ် ၈-ရှုလေ)။
ဂတပတိ-ရဟန်းတို့အထံ၌ ရှင်ရဟန်းပြုထားသူ မဟုတ်သော လူယောကျ်ား၊
ဂတပတာနီ-ဘိက္ခုနီမတို့အထံ၌ ရှင်ရဟန်းပြုထားသူ မဟုတ်သော လူအမျိုးသမီး။

၁၈။ ပထမပြန်အထူးအောင် ရွေးချယ်ရေးစာမေးပွဲ
ပထမလတ်တန်း ။ ဒွေမာတိကာသာသာ
၁၃၆၇-ခုနှစ် နယုန်လပြည့်တျော် (၁)ရက် (၂၂-၆-၂၀၀၅)စုဒ္ဓတူးနေ့

၁။ ဘိက္ခုနိပါတိမောက် သံဃာဒိသေသ် စောရိဝုဋ္ဌာပိကာသိက္ခာပုဒ်နှင့် သဠရိတ္တသိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးသားပါ။

၂။ ဘိက္ခုနီအာရာမဝဂ် ဂဏာပရိဘာသနသိက္ခာပုဒ်ကို "ဂဏံ ပရိဘာသေယျ"၌ 'ဂဏ'၏ အရကောက်ထင်စေလျက် အနက်ပေးပါ။

၃။ ဘိက္ခုနိသံဃာဒိသေသ်သိက္ခာပုဒ်တို့တွင် ပဌမာပတ္တိကာသိက္ခာပုဒ်အမည်တို့ကို ရေးသားပြီး၊ဘိက္ခုနီမတို့၏ 'သံဃာဒိသေသ်အာပတ်' ကုစားပုံကိုလည်း ပါဠိတော်လာအတိုင်း ပြေကြားပါ။

၄။ ဘောဇနဝဂ် ပဏီတဘောဇနသိက္ခာပုဒ်လာ ပဏီတဘောဇဉ်တို့ကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပြီး၊ သေခိယသိက္ခာပုဒ်တို့တွင် သာရပ္ပသိက္ခာပုဒ်တို့ကိုလည်း သင်္ချာမျှ ဖော်ပြပါ။

၅။ အောက်ပါရဟန်း, ရဟန်းမတို့၏ အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်အမည်တို့ကို ဆိုင်ရာဝဂ်တို့နှင့် ယှဉ်တွဲဖော်ပြပါ -
(က) သမ္မုတိမရဘဲ ရဟန်းမတို့ကို ဆုံးမသောရဟန်း၊
(ခ) ပုဂ္ဂလဓမ္မကို မရိုသေသောရဟန်း၊

http://www.dhammadownload.com

(ဂ) မိမိကိုယ်ကို ထု၍ ထု၍ ငိုကြွေးသောရဟန်းမ၊
(ဃ) လူမှုကိစ္စကို ပြုလုပ်သောရဟန်းမ၊
(c) မနာမဗျားဘဲ ဘိနပ်စီး, ထီးဆောင်းသောရဟန်းမ။

၆။ ပထမပါရာဇိကသိက္ခာပုဒ်၌ အနာပတ်တွင်ပုဂ္ဂိုလ်သရုပ်ကို ထုတ်ပြပြီး၊ အဒိန္နံ ထေယျသင်္ကာတံ၌ အဒိန္နနှင့်–အရကိုလည်း ကမ်ဗီနှင့်အညီ ကောက်ပြပါ။

၇။ သံဃာဒိသေသ် ကာသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာ, အတ္တကာမပါရိစရိယ သိက္ခာပုဒ်တို့၌လာသော 'မာတုဂါမ'၏အရကို အသီးအသီးကောက်ပြပြီး၊ ကာယသံသဂ္ဂသိက္ခာပုဒ်၏ အဂ်ီတို့ကို လည်း ထုတ်ဆောင်ပါ။

၈။ ဘေဒါနုဝတ္တကသိက္ခာပုဒ်၌ 'ဧကော ဝါ ဒွေ ဝါ တယော ဝါ'ဟု ဟောတော်မူရခြင်း အကြောင်း ကို ကမ်ဗီလာသည့်အတိုင်း ဖြေကြားပါ။

၁၈။ ပထမပြန်အထူးအောင် (အဖြေ)
ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

၁။ ထင်ရှားပြီ။

၂။ 'ဂဏ–အရကောက် ထင်စေလျက် အနက်ပေးပုံ –
ဂဏံ – ဘိက္ခုနိုသံဃာကို (ကြွင်းထင်ရှားပြီ)။

၃။ ၁။ ဥဿယဝါဒိကာ သိက္ခာပုဒ်၊ ၂။ စောရိဝုဋ္ဌာပိကာ သိက္ခာပုဒ်၊
၃။ ကေဝါမဟုရကမနသိက္ခာပုဒ်၊ ၄။ ဥက္ခိတ္တကသြသာရဏသိက္ခာပုဒ်၊
၅။ ဘောဇနပဋိဂ္ဂဟနပထမသိက္ခာပုဒ်၊ ၆။ ဘောဇနပဋိဂ္ဂဟနဒုတိယသိက္ခာပုဒ်၊
၇။ သဠေရိတ္ထသိက္ခာပုဒ်၊ ၈။ ဒုဋ္ဌဒေါသသိက္ခာပုဒ်၊
၉။ အညဘာဂိယသိက္ခာပုဒ်၊

သံဃာဒိသေသ် ကုစားပုံ (ရခိုင် နံပါတ် ၄–၇)

http://www.dhammadownload.com

၇။ သပ္ပိ–ထောပတ်၊ နဝနီတ– ဆီဦး၊
တေလ–ဆီ၊ မဓု– ပျား၊
ဖာဏိတ–တင်လဲ၊ မစ္ဆ– ငါး၊
မံသ– အမဲ၊ ခီရ– နွားရည်၊
ဒဓि– နွားခမ်း။
သာရုပ္ပ သိက္ခာပုဒ် – ၂၆–ပုဒ်။

၅။ (က) သြဝါဒသိက္ခာပုဒ်၊ သြဝါဒဝဂ်၊
(ခ) အနာဒရိယသိက္ခာပုဒ်၊ သုရာပါနဝဂ်၊
(ဂ) ရောဒနသိက္ခာပုဒ်၊ ရတ္တန္ဓကာရဝဂ်၊
(ဃ) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်၊ စိတ္တာဂါရဝဂ်၊
(c) ဆတ္တုပါဟနသိက္ခာပုဒ်၊ ဆတ္တုပါဟနဝဂ်။

၆။ **အနာပတ္တိပုဂ္ဂိုလ်သရုပ်**
၁။ မသိသောရဟန်း၊ ၂။ မသာယာသောရဟန်း၊ ၃။ ရူးသောရဟန်း၊
၄။ ဘီလူးအပူးခံရသောရဟန်း၊ ၅။ ဒုက္ခဝေဒနာပြင်းစွာ နှိပ်စက်ခံရသော်ရဟန်း၊
၆။ အာဒိကမ္မိကရဟန်း၊
အဒိန္နေ–အရ မိမိမှတစ်ပါး အခြားသော လူဇာတ်ရှိသူ၏ ဥစ္စာကို ယူရသည်။

၇။ **မာတုဂါမ–အရ** (မကွေး နံပါတ် ၇–၌)။

ကာယသံသဂ္ဂသိက္ခာပုဒ်၏ အဂ်ီ
၁။ လူမိန်းမဖြစ်ခြင်း၊ ၂။ မိန်းမဟု အမှတ်ရှိခြင်း၊
၃။ ကာယသံသဂ္ဂရာဂရှိခြင်း၊ ၄။ ထိုကာယသံသဂ္ဂရာဂဖြင့် လုံ့လပြုခြင်း၊
၅။ လက်ကို ကိုင်ခြင်း စသည်။

၈။ ဧကော ဝါ စသည်ဟောရကြောင်း (စစ်ကိုင်း နံပါတ် ၈–၊ ရန်ကုန် နံပါတ် ၇–၌)။

http://www.dhammadownload.com

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)

ပထမလတ်တန်း ။ ဓမ္မပဒဘာသာ

၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၄-၄-၂၀၀၅) တနလာနေ့

၁။ မကောင်းမှုအကျိုးမှ လွတ်သောအရပ်မရှိ-ဟုပြဆိုသော တယောဇနဝတ္ထုလာဂါထာကို ပါဠိဋီသက်သက်ရေးခဲ့ပါ။

၂။ သားသမီးမရနိုင်သော ဗောဓိမင်းသားအား ဆုံးမသည့် ပါဠိတော်ကို နိဿယပြန်ဆိုခဲ့ပါ။

၃။ လူတို့မမွေ့လျော်သော တောအရပ်၌ ရာဂကင်းသော ပုဂ္ဂိုလ်တို့ မွေ့လျော်နိုင်ခြင်း အကြောင်းကိုရေး၍၊ အသက်, သိက္ခာ,ဂုဏ်ပါကြီးသူတို့ကို ရိုသေစွာ ရှိခိုးသပြင့် တိုးပွားရရှိနိုင်သော အကျိုးလေးမျိုးတို့ကိုလည်း ရေးသားခဲ့ပါ။

၄။ ကုက္ကဋ္ဌမိတ္တမုဆိုး၏မယား သောတာပန်သည် ပါဏာတိပါတကံ ရှိနိုင်/မရှိနိုင် ပမာဏမေယျ နှိုးနှောပြု၍ ပြေပြီး၊ 'သူ့မကောင်းကြံ ကိုယ်သာခံ'ဟူသော စကားဖြစ်ပေါ်လာရာ ကောကသုနခလုဒ္ဒကဝတ္ထုပါဠိတော် အဓိပ္ပါယ်ကိုလည်း ပြေပြစ်စွာ ရေးသားပြပါ။

၅။ သေမင်း မနှိပ်စက်နိုင်သောအရပ် မရှိနိုင်ပုံကိုပြရာ (သုပ္ပဗုဒ္ဓသက္ကဝတ္ထုပါဠိတော်လာ) အရပ်သုံးမျိုးကို ရေး၍၊ ဥဒါနဝတ္ထုရှုရ၍ အောက်ပါတို့ကို ဖြေဆိုခဲ့ပါ-

(က) လက်သွားနှင့်တူသော တရား၊ (ခ) အိမ်နှင့်တူသော တရား၊

(ဂ) အခြင်ရနယ်နှင့်တူသော တရား၊ (ဃ) အိမ်အထွဋ်နှင့်တူသော တရား။

၆။ သြဝါဒနှင့် အနုသာသန အထူး ၃-မျိုးမှ နှစ်သက်ရာ ၂-မျိုးကို ရေး၍၊ ပါပမိတ္တ, ပုရိသာဓမတို့၏ ဆန့်ကျင်ဘက် ပုဂ္ဂိုလ်များကိုလည်း ညွှန်ပြခဲ့ပါ။

၇။ ပဏ္ဍိတသာမဏေဝတ္ထုလာ အောက်ပါ ဘုရားမေးခွန်းများကို သာရိပုတ္တရာကိုယ်စား ပြေကြားခဲ့ပါ။

(က) ချစ်သား သာရိပုတ္တရာ သင်အဘယ်ကို ရခဲ့သနည်း၊

http://www.dhammadownload.com

(ခ) အာဟာရဃည် အဘယ်ကို ဆောင်သနည်း၊
(ဂ) ဝေဒနာသည် အဘယ်ကို ဆောင်သနည်း၊
(ဃ) ရုပ်သည် အဘယ်ကို ဆောင်သနည်း။

၈။ ဒါရစိရိယသည် ယူဇနာ ၁၂၀-ခရီးကို မည်သူ၏ တန်ခိုးအာနုဘော်ကြောင့် တစ်ညဉ့်ချင်းပြင့် ရောက်နိုင်ပါသနည်း ?ပြောဆိုရ။ ဘောဂသမ္ဘဒါကိုသာရ၍ ပရိဝါရသမ္ဘဒါကို မရရှိသူ၏ ရှေးအကြောင်းကိုလည်း ရေးခဲ့ပါ။

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း။ ။ ဝမ္မပဒဘာသာ

၁။ ဂါထာ နံပါတ်- ၁၂၇။ (ဖ-ဒု- ၂၅)

၂။ ဂါထာ နံပါတ်- ၁၅၇။ (ဖ-ဒု- ၈၃)

၃။ ရာဂကင်းသော ပုဂ္ဂိုလ်တို့သည် ကာမကိုရှာမှီးသူတို့ မဟုတ်သောကြောင့် လူတို့မမှေ့လျော်ရာအရပ်၌ မှေ့လျော်ပါသည်။ (ဖ-ဒု- ၄၀၄)

တိုးပွားနိုင်သော အကျိုးလေးမျိုး

၁။ အာယု - အသက်ရှည်ခြင်း၊ ၂။ ဝဏ္ဏ - အဆင်းလှခြင်း၊
၃။ သုခ - ချမ်းသာကြီးခြင်း၊ ၄။ ဗလ- ခွန်အားကြီးခြင်းတို့ဖြစ်ပါသည်။(ဖ-ဗ- ၄၂၅)

၄။ လက်ဖဝါးပြင်၌ အနာမရှိလသော် အဆိပ်ကို ယူပါသော်လည်း အစဉ်ပူလောင်ခြင်းဟု မစွမ်းနိုင်သကဲ့သို့ ထို့အတူ အကုသိုလ်ဧတနာ မရှိသည်အပြစ်ကြောင့် ပါပကမ္မကို မပြုသောသူအား လေ-ဝသည်တို့ကို ဆောင်ယူပေးပါသော်လည်း ပါဏာတိပါတကံ မရှိနိုင်ပါ။ (ဖ-ဒု- ၁၅)

ပါဠိတော် အမိပ္ပါယ်

သေးငယ်သောမြူမှုန်ကို လေညာအရပ်သို့ပစ်အပ်သော် ပစ်သူသို့သာ ကပ်ရောက်

http://www.dhammadownload.com

သက္ခဲ့သို့ ဖိမိသူတစ်ပါးအား မဖျက်ဆီးတတ်သော အပြစ်ကင်းရှင်းသော ကိုလေသာအင်္ဂါမရှိသောရဟန္တာအား ပြစ်မှားသောလူမိုက်သို့ မကောင်းသောကံ, အကျိုးသည် ကပ်ရောက်၏။ (၆-၃-၂၂)

၅။ ၁။ ကောင်းကင်၊ ၂။ သမုဒ္ဒရာအလယ်၊ ၃။ တောင်တို့၏ အတွင်း။ (၆-၃-၂၉)
(က) တဏှာ၊ (ခ) ခန္ဓာ ၅-ပါး၊ (ဂ) ကိုလေသာ၊
(ဃ) အဝိဇ္ဇာ-တို့ဖြစ်ပါသည်။ (၆-၃-၈၀)

၆။ ၁။ မျက်မှောက်၌ ဆုံးမခြင်းသည် သြဝါဒ၊
မျက်ကွယ်၌ တဖန် သတင်းစကားဖြင့် ဆုံးမခြင်းသည် အနုသာသန၊
၂။ တစ်ကြိမ်ဆုံးမခြင်းသည် သြဝါဒ၊
အဖန်ဖန်သွန်သင်ခြင်းသည် အနုသာသန၊ (၆-ဝ- ၃၄၉)
ဆန့်ကျင်ဘက် ပုဂ္ဂိုလ်- ကလျာဏမိတ္တ, သပ္ပရိသတ်ဖြစ်ပါသည်။ (၆-ဝ- ၃၅ဝ)

၇။ (က) အာဟာရကို ရခဲ့ပါ၏၊
(ခ) အာဟာရသည် ဝေဒနာကို ဆောင်ပါ၏၊
(ဂ) ဝေဒနာသည် ရုပ်ကို ဆောင်ပါ၏၊
(ဃ) ရုပ်သည် ဖဿကို ဆောင်ပါ၏-ဟု လျှောက်ကြားပါသည်။ (၆-ဝ-၃၅ဝ)

၈။ ဒါရိစီရိယသည် ယူဇနာ ၁၂၀-ခရီးကို နတ်၏ တန်ခိုးအာနုဘော်ကြောင့် (ဝါ) ဘုရားရှင်၏ တန်ခိုးအာနုဘော်ကြောင့် တစ်ညဉ့်တည်းဖြင့် ရောက်ပါသည်၊ (၆-ဝ-၄၁ဝ)
ဖိမိသာယေးလူ၍ အခြားသူတို့အား ပေးလှူရန် မတိုက်တွန်းသူသည် ဖြစ်လေရာဘဝတိုင်းမှာ ဘောဂသမ္ပတ္တိ ကိုသာရ၍ ပရိဝါရသမ္ပတ္တိကို မရနိုင်ပါ။ (၆-ဝ- ၃၆ဝ)

http://www.dhammadownload.com

၂။ ပထမပြန်စာပေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)

ပထမလတ်တန်း ။ ဓမ္မပဒဘာသာ

၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၄–၄–၂၀၀၅) တနလာနေ့

၁။ ရထားထိန်းနှင့် ရတန်း, မြင်းနှင့် စက္ကူအစရှိသော ဥာဏ်ကြီးတို့ကို ပုံဆောင်ပြသော ဂါထာကို ရေးခဲ့ပါ။

၂။ အောက်ပါဂါထာကို မမှားအောင် အနက်ပေးပါ။

ဟသေ ဟသေ သဟသေနေ၊ ယော ယဇေထ သတံ သမံ။
ကေဠ.ဘာဝိတတ္တာနံ၊ မုဟုတ္တမပိ ပူဇယေ။
သာယေဝ ပူဇနာသေယျော၊ ယဉ္စေ ဝဿသတံ ဟုတံ။

၃။ မပြစ်မှားထိုက်သူတို့အား ပြစ်မှားသောသူ၌ ကျရောက်နိုင်သည့် ဒဏ်ဆယ်မျိုးတို့ကို ကျမ်းရင်းလာသည့်အတိုင်း ဖေါ်ပြပါ။

၄။ အဘယ်ကို ရှည်ရွယ်၍ မြတ်စွာဘုရားက "နာထံ လဘတိ ဒုလ္လဘံ"ဟု ဟောကြားရပါသနည်း? ဖြေဆိုရ၍၊ မျက်စိမမြင်ခြင်းကို "အန္ဓဘူတော"ဟု ဆိုပါသလော အဘယ်ကို အန္ဓဘူတော ဟု ဆိုပါသနည်း? ဖြေဆိုပါ။

၅။ အရဟန္တဝဂ် သာရိပုတ္တတ္ထေရဝတ္ထု၌ မြတ်စွာဘုရား ဟောကြားတော်မူသော ယောက္ခားမြတ်အဓိပ္ပါယ်ကို ရှင်းလင်းရေးသားပါ။

၆။ လူနတ်တို့ ချစ်မြတ်နိုး တောင့်တအပ်သော ရဟန်းကို မဟာကစ္စာယနမထေရ်ဝတ္ထုမှ ထုတ်နုတ် ညွှန်ပြပြီးလျှင်၊ ယံကိဉ္စိ ယိဋ္ဌံ ဟုတံဝ လောကေ–၌ ယိဋ္ဌနှင့် ဟုတ အဓိပ္ပါယ်ကိုလည်း ရေးပြပါ။

http://www.dhammadownload.com

၇။ ဖိဝိချမ်းသာရန် (က) သတ္တဝါတို့ကို သတ်ဖြတ်ညှင်းဆဲသော ပုဂ္ဂိုလ်၊ (ခ) သတ္တဝါတို့ကို မသတ်ဖြတ် မညှင်းဆဲသော ပုဂ္ဂိုလ်တို့အား နောင်ဘဝတို့၌ မည်ကဲ့သို့သော ထူးခြားချက်များဖြစ်ပေါ်လာနိုင်ပါသနည်း? သမ္မာဟုလကုမာရဝတ္ထုကို သာဓကပြု၍ ရှင်းလင်းပြေဆိုပြပါ။

၈။ မြေမှုတည်တံ့မှု မရှိသော စန္ဒာကိုယ်၏ သဘောများကို သိရိမာပြည့်တန်ဆာဝတ္ထုမှ ထုတ်နုတ်၍ ပြေဆိုပါ။

၂။ ကယားပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ဓမ္မပဒဘာသာ

၁။ ဂါထာ နံပါတ်- ၉၄။ (ဒု-၀- ၃၈၃)

၂။ ဂါထာ နံပါတ်- ၁၀၆။ (ဒု-၀- ၄၂၀)

၃။ **အဏ် ၁၀-မျိုး**

၁။ ကြမ်းတမ်းသော ဝေဒနာဖြစ်ခြင်း၊
၂။ ခန္ဓာကိုယ် ပျက်စီးခြင်း၊
၃။ စိတ်ပြန့်လွင့်ခြင်း၊
၄။ မဟုတ်မမှန် စွပ်စွဲခံရခြင်း၊
၅။ လောင်မီး မိုးကြိုးကျခြင်း၊
၆။ ခွဲစွာဆုံးရှုံးခြင်း၊
၇။ ပြင်းထန်သော အနာဖြစ်ခြင်း၊
၈။ မင်းပြစ်, မင်းဒဏ်သင့်ခြင်း၊
၉။ ဆွေမျိုးပျက်စီးခြင်း၊
၁၀။ သေလျှင် ငရဲကျရောက်ခြင်း-တို့ ဖြစ်ပါသည်။ (ဒု-၃-၄၄)

၄။ အရဟတ္တဖိုလ်ကို ရည်ရွယ်၍ မြတ်စွာဘုရားသည် "နာထံ လဘတိ ဒုလ္လဘံ"ဟု ဟောကြားသည်။ (ဒု-၃- ၉၅)
မျက်စိမမြင်ခြင်းကို "အန္ဓဘူတော"ဟု မဆိုပါ။ ပညာမျက်စိမရှိခြင်းကို "အန္ဓဘူတော"ဟု ဆိုပါသည်။ (ဒု-၃- ၁၁၄)

http://www.dhammadownload.com

၅။ **ယောဂျားမြတ် အဓိပ္ပါယ်**– ဖိမိသိအပ်သော ဂုဏ်ကို သူတစ်ပါးတို့ ပြောစကားပြင့် မယုံကြည်ခြင်း၊ သခါရတရားတို့ မပြုပြင်မစီရင်အပ်သောနိဗ္ဗာန်ကို သိခြင်း၊ သံသရာဝဋ် စည်းရိုးကို ဖြတ်ပြီးခြင်း၊ ကုသိုလ်အကုသိုလ်ကံဟူသော မျိုးစေ့၏ ကုန်ခမ်း ပြီးသည်၏ အဖြစ်ကြောင့် ဖြစ်တတ်သောအခွင့်အလမ်းကို ပယ်သတ်အပ်ပြီးခြင်း၊ မဂ် ၄-ပါးတို့ပြင့် ထွေအန်းပြီးသောအာသာ၊ ရှိခြင်း တို့နှင့်ပြည့်စုံသောသူသည်ယောဂျားမြတ်ဖြစ်သည်။

(ဒု-၀-၃၉ပ)

၆။ ရထားထိန်းသည် ကောင်းစွာဆုံးမအပ်သော မြင်းကဲ့သို့ ဣန္ဒြေတို့သည် ငြိမ်သက်တည်ကြည်ခြင်းသို့ ရောက်ကုန်သော ပယ်အပ်ပြီးသော မာနရှိသော အာသဝမရှိသော ရဟန်းကို လူနတ်တို့ ချစ်ခင်မြတ်နိုး တောင့်တကြပါသည်။ (ဒု-၀- ၃၈၇)

၇။ (က) သတ်ဖြတ်ညှင်းဆဲသောပုဂ္ဂိုလ်သည် တမလွန်ဘဝ၌ လူချမ်းသာ, နတ်ချမ်းသာ, ပရမတ်ဖြစ်သော နိဗ္ဗာန်ချမ်းသာတို့ကို မရနိုင်ပါ။

(ခ) မသတ်ဖြတ် မညှင်းဆဲသောပုဂ္ဂိုလ်သည် တမလွန်ဘဝ၌ လူချမ်းသာ, နတ်ချမ်းသာ, ပရမတ်ဖြစ်သော နိဗ္ဗာန်ချမ်းသာတို့ကို ရနိုင်သည် ဤသို့ ထူးသည်။ (ဒု-၃- ၃၃)

၈။ **မြမူ တည်တံ့မှုမရှိသော ခန္ဓာကိုယ်၏ သဘောတရားများ** –

အဝတ်တန်ဆာ ပန်းချီတ်စသည်တို့ပြင့် ပြုအပ်သော ဆန်းကြယ်မှုရှိခြင်း၊ ကိုးပေါက်သော အနာဝတို့၏အစွမ်းပြင့် အိုင်းအမာပြစ်၍ ပြစ်ခြင်း၊ သုံးရာသောအရိုးတို့ပြင့် ဝိုက်ထောင်အပ်ခြင်း၊ အလုံးစုံသော ကာလဟတ်လုံး ဣရိယာပုတ်တို့ပြင့် ဆောင်အပ်သည်၏ အဖြစ်ကြောင့် အမြဲနာကျင်ခြင်း၊ များစွာသော လူအပေါင်းတို့သည် အမျိုးမျိုးအဖုံဖုံကြံစည်အပ်ခြင်း၊ တည်တံ့ခိုင်မြဲမှုမရှိခြင်း၊ စင်စစ်အားပြင့် ကွဲခြင်း၊ ဖရိ ဖရဲပြစ်ခြင်း၊ ပျက်စီးခြင်းဟူသော သဘောတရားများ ဖြစ်ပါသည်။ (ဒု-၃- ၆၇)

http://www.dhammadownload.com

၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ကရင်ပြည်နယ်
ပထမလတ်တန်း။ ။ ဓမ္မပဒဘာသာ
၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက် (၄–၄–၂၀၀၅)တနင်္လာနေ့

၁။ တိုင်းအလှမယ်လေး ရူပနန္ဒာထေရီ–ကို အကြောင်းပြု၍ ဟောကြားအပ်သော " သုညတာကမ္မဋ္ဌာန်းပြဂါထာ"ကို ပါဠိသက်သက်ရေးသားပါ။

၂။ အသံကောင်း အဆိုတော် နာမည်ကျော်များ သီဆိုသွားခဲ့သော သီချင်းပုဒ်ပေါင်း အရာများစွာထက် နာယူသူတို့၏ ရင်တွင်းအပူကို အေးမြစေနိုင်သော တရားတစ်ပုဒ်ကသာ မြတ်လှ, တန်ဖိုးရှိလှ၏ ဟူသော ဂါထာကို အနက်ရေးခဲ့ပါ။

၃။ အကျိုးလိုလားသော စိတ်ထားပြင့် နှိပ်ကွပ်ဆုံးမလာသူကို မည်သည့်အရာကို ပြောပြ သကဲ့သို့ မှတ်ယူဆည်းကပ်သင့်ပုံနှင့် ဆည်းကပ်သင့်ရန်ရှိသော အကျိုးများကိုလည်း ရာဝတ္ထုရဝတ္ထုလာ ဘုရားဟောဒေသနာရှုလျှက် ဖြေဆိုခဲ့ပါ။

၄။ ကမ္ဘာ့လူသားများကို ဦးတည်ချက် အတန်းအစားအားဖြင့် ခွဲခြားတင်ပြ၍ ယင်းတို့တွင် မည်သည့် အတန်းစားက ပိုမိုများသည်ကိုလည်း ပဏ္ဏာသဝဂ် ဓမ္မသဝနတ္ထုလာ ဗုဒ္ဓ၏ အဆိုအမိန့်များနှင့် အညီ ဖြေဆိုခဲ့ပါ။

၅။ မိမိအပေါ် အနိုင်ရခြင်းနှင့် သူတစ်ပါးအပေါ် အနိုင်ရခြင်းတို့တွင် ဘယ်ဟာက ကောင်း မြတ်သည်ကို ဖော်ပြ၍ တန်ခိုးရှင်နတ်များသော်မှ ရှုံးအောင် မတတ်နိုင်သူကိုလည်း သဟာသဝဂ် အနတ္ထပုစ္ဆ က ဗြာဟ္မဏဝတ္ထုလာ ဒေသနာတော်နှင့်အညီ ဖြေဆိုခဲ့ပါ။

၆။ မဟာကပ္ပိန်တွေ့ရဝတ္ထုတွင် သူကြွယ်မှူးကတော် ပညာရှင်အမျိုးသမီးလေးသည် ကဿပ–ဘုရားရှင်အား မည်သည့်အရာတို့ဖြင့် ပူဇော်၍ မည်သို့ဆုတောင်းခဲ့ပါးသနည်း? အမျိုးသမီး တို့အတွက် အတုယူဖွယ်ရာ ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၇။ သာဝတ္ထိပြိုင်သူ ဥပုသ်သည် အမျိုးသမီးအသီးသီးတို့၏ "ဥပုသ်စောင့် ရည်ရွယ်ချက်" တို့ကို ဒဏ္ဍာဝဂ် ဥပေါသထိကဂ္ဂတ္ထိနိဝတ္ထုမှ ကောက်နှုတ်တင်ပြခဲ့ပါ။

၈။ သောတာပန် ဆွမ်းဒါယိကာမလေး သိရိမာ၏ နေအိမ်၌ နေ့စဉ်ဝတ်တည်အပ်သော ဘတ်အမည်, ဘတ်၏တန်ဖိုးနှင့် ဆွမ်းဒကာမလေးအား ချစ်ခင်စွဲလမ်းမိသော ရဟန်းရအပ်သော တရားထူးတို့ကို ပြည့်စုံစွာဖော်ပြခဲ့ပါ။

၃။ တရင်ပြည်နယ် (အရှေ့)

ပထမလတ်တန်း ။ ဓမ္မပဒဘာသာ

၁။ ယထာ ဣဒံ တထာ တေံ-စသော ဂါထာကို ပါဠိရေးလေ။ (ဓ-၃-၆၄)

၂။ ယော စ ဂါထာ သတံ ဘာသေ-စသောဂါထာကို အနက်ရေးလေ။ (ဓ-၀- ၄၁၇)

၃။ မြတ်ထားအပ်သော ရတနာအိုးကို ပြောကြားသူကဲ့သို့ ဖိမိပေါ်အကျိုးမျှော်၍ အပြစ်ကိုကြည့်ရှုတတ်သောဆရာကို တွေ့ကြုံပြားအုံ၊ ချိန်းရောက်နိုပ်ကွပ်၍ဆုံးမတတ်သော မြော်ဇပညာရှိသောထိုဆရာကို ဆည်းကပ်သင့်၏၊ ထို့သို့ဆည်းကပ်သဖြင့် တိုးတက်ကြီးပွားခြင်းပြစ်၍၊ ဆုတ်ယုတ်ခြင်းမပြစ်နိုင်ပါ။ (ဓ-၀- ၃၇၇)

၄။ လူတန်းစား ၂-မျိုး

၁။ နိဗ္ဗာန်ဟူသော တစ်ဘက်ကမ်းသို့ ကူးသွားသော လူတန်းစား၊

၂။ သက္ကာယဒိဋ္ဌိဟူသော ဤဘက်ကမ်းသို့ ကူးသွားသော လူတန်းစား၊

သက္ကာယဒိဋ္ဌိဟူသော ဤဘက်ကမ်းသို့ ကူးသွားသော လူတန်းစားက များပါသည်။

(ဓ-၀- ၃၇၉)

http://www.dhammadownload.com

၅။ ဝိမိုက္ခယ်ကို အောင်နိုင်ခြင်းသည်သာ ကောင်းမြတ်သည်။

တန်ခိုးရှင်များက ရှုံးအောင် မတတ်နိုင်သူ

ဝိမိုက္ခယ်ကို ဆုံးမအပ်ပြီးသော ကိုယ်နှုတ်စိတ်တို့ဖြင့် စောင့်စည်းအပ်သော အကျင့်ကို အမြဲကျင့်လေ့ရှိသော ယောဂျားဖြစ်သည်။ (၄-၀- ၈၅၃)

၆။ သူကြွယ်မှူးကတော်သည် အနော်ဇာပန်းအဆင်းနှင့်တူသော တစ်ထောင်တန်အဝတ်နှင့်တကွ အနော်ဇာပန်းခြင်းတို့ဖြင့် ဘုရားအား ပူဇော်၍ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ အနော်ဇာပန်းအဆင်းနှင့်တူသော ကိုယ်လည်း ဖြစ်ရလို၏။ အနော်ဇာဟူသော အမည်လည်း ဖြစ်ရလို၏ဟု ဆုတောင်းသည်။ (၄-၀- ၃၅၃)

၇။ **ဥပုသ်စောင့်ရည်ရွယ်ချက်-**

အသက်ကြီးသောအုပ်စုသည်-နတ်ချမ်းသာကို တောင့်တ၍ စောင့်၏ဟုလည်းကောင်း၊ အလယ်လတ်အုပ်စုသည်-မယားငယ်မရှိနိုင်စေခြင်းငှါ စောင့်၏ဟုလည်းကောင်း၊ အရွယ်ငယ်သောအုပ်စုသည် သားဦးရခြင်းငှါ စောင့်၏ဟုလည်းကောင်း၊ လုံမပျိုအုပ်စုသည် ငယ်ရွယ်စဉ်အခါ အိမ်ထောင်ကျခြင်းငှါ စောင့်၏ဟုလည်းကောင်း ဖြေကြသည်။

(၄-၃- ၃၅)

၈။ **ဘတ်အမည်** - အဌကဘတ်၊
ဘတ်၏တန်ဖိုး - တစ်ဆယ့်ခြောက် အသပြာ၊
တရားထူး - သောတာပတ္တိဖိုလ်။ (၄-၃-၆၇၊ ၆၉)

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဝတိုအဖွဲ့ခွဲ စစ်တိုင်းတိုင်း ပုထမလတ်တန်း။ ။ ဝမ္မဝဒဘာသာ

ဘုဂ်ဖြစ်-ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၈-၃-၂၀၀၅)တနလာနေ့

၁။ လူနတ်တို့ဆရာ ဘုရားမြတ်စွာသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ဝိဘတို့၏ အမွေ ငွေအသပြာတစ်ရာကို အမှီပြု၍ သာသနာတော်၌ မမ္မေ. လျော် တမျှော်မျှော်ဖြစ်နေရှာသော ရဟန်းငယ်တပါးကို အကြောင်းပြု၍ ဟောတော်မူ

http://www.dhammadownload.com

အပ်သော ဗုဒ္ဓဝဂ် အနာဘိရတာဘိက္ခုဝတ္ထုလာ– ဂါထာတို့ကို ပါဠိသက်သက်ရေးပါ။

၂။ ''နန္ဒာ– ဤခန္ဓာကိုယ်သည် အနှစ်သာရ အနည်းအငယ်မျှ မရှိ၊ သုံးရာသော အရိုးတို့သည် စိုက်ထောင်၍ ဤအရိုးတည်းဟူသော မြို့ကို ပြုအပ်၏''ဟု စကားအဆက်အစပ်ပြု၍ ဟောကြားတော်မူအပ်သော ဇရာဝဂ်, ဇနပဒကလျာဏီ ရူပနန္ဒာထေရီဝတ္ထုလာ ဂါထာကို မှန်ကန်စွာ အနက်ယောဇနာပါ။

၃။ အရဟန္တဝဂ်, မဟာကစ္စာယနတ္ထေရဝတ္ထုလာ ဒေသနာဂါထာကို ရှုလျက် လူနတ်ဦးခိုက် ချစ်မြတ်နိုးထိုက်သော ပုဂ္ဂိုလ်၏ အဂါရပ်တို့ကို ပြည့်စုံအောင် ဖော်ပြပါ။

၄။ ''သူ့မကောင်းကြံ ကိုယ့်ဘေးဒဏ်ထိ''ဟူသော ဆိုရိုးစကား ဖြစ်ပေါ်လာသည်ကို ပြဆိုသော ပါပဝဂ်, ကောကသုနခလုဒ္ဒကဝတ္ထုလာ ဒေသနာဂါထာ၏ ဆိုလိုရင်း သဘော အဓိပ္ပါယ်ကို ပေါ်လွင်အောင် ဖော်ပြပါ။

၅။ အနာထပိဏ်သူဌေးကြီး၏ သား သောတာပတ္တိဖိုလ်၌တည်သော ကာလသတို့သားကို အကြောင်းပြု၍ သောတာပန်ပုဂ္ဂိုလ်တို့အား ဘုရားရှင်သည် အဘယ်သို့ ချီးမွမ်း မိန့်ဆိုတော်မူပါသနည်း? လောကဝဂ်, အနာထပိဏ္ဍိကပုတ္တကာလဝတ္ထုလာ ဒေသနာဂါထာကို ရှုလျက် ဖော်ညွှန်းပြပါ။

၆။ ပဏ္ဍိတဝဂ်, ကာဏမာတာဝတ္ထုလာ ''ယထာပိရဟဒေ ဂမ္ဘီရော'' စသော ဂါထာဝယ် ''ဂမ္ဘီရ ရဟဒ''ရှစ်သောင်းလေးထောင် အစောက်နက်သော မဟာသမုဒ္ဒရာ၏ တုန်လှုပ်ရာဌာန/ မတုန်လှုပ်ရာဌာနတို့ကို အဌကထာကျမ်းလာအတိုင်း မှတ်သားဖွယ်ရာ ဖော်ညွှန်းပြပါ။

၇။ ဒဏ္ဍဝဂ်, ဒုတိယဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထုလာ ဂါထာဝယ် ''သဗ္ဗေသံ ဒိဝိတံ ဝိယံ'' ပါ၌၌ ''သဗ္ဗ''အရတွင် မပါဝင်သော ပုဂ္ဂိုလ်ကို အကြောင်းတကွ ဖော်ထုတ်ပြပါ။

http://www.dhammadownload.com

၈။ ''သုခေါ် ဗုဒ္ဓါနမုပ္ပါဒေါ်၊ သုခါ သဒ္ဓမ္မဒေသနာ''ဟူသော ဒေသနာတော်အရ (က) ဗုဒ္ဓရှင်တော်တို့၏ ပွင့်ပေါ်ခြင်းကြောင့် ချမ်းသာခြင်းအကြောင်း၊ (ခ) သူတော်ကောင်းတရားကို ဟောကြားခြင်းကြောင့် ချမ်းသာခြင်းအကြောင်းများကို အဌကထာကျမ်းလာအတိုင်း အသီးအသီး ဖော်ညွှန်းပြပါ။

၅။ စစ်ကိုင်းတိုင်း (အရှေ့)
ပထမလတ်တန်း။ ။ ဝမ္မပဒဘာသာ

၁။ ယာဝတာ စန္ဒိမသူရိယာ– ဂဿောဂါထာတို့ကို ပါဠိရေးလေ။ (ဓာ ၃-၁၅၆)

၂။ ဂါထာ နံပါတ်– ၁၅၀။ (ဓာ ၃-၆၄)

၃။ **နတ်လူဦးဆိုက် ပူတော်ထိုက်သူ** (ကယား နံပါတ် ၆–ရှ)။

၄။ **ဂါထာ အဓိပ္ပါယ်–** (ကချင် နံပါတ် ၄–ရှ)။

၅။ တစ်မြေပြင်လုံးအစိုးရသော ဧကရာဇ်မင်းထက်လည်းကောင်း, နတ်ပြည် ဗြဟ္မာပြည် စည်းစိမ်ထက်လည်းကောင်း သောတာပတ္တိဖိုလ်သည် မြတ်၏ ဟု ချီးမွမ်း၍ ဆိုသည်။ (ဓ–၃– ၁၂၄)

၆။ သမုဒ္ဒရာ၏အောက် လေးသောင်းသည် ငါးတို့ကြောင့် တုန်လှုပ်၏၊ အထက် လေးသောင်းသည် လေကြောင့်တုန်လှုပ်၏၊ အလယ်လေးထောင်သည် မတုန်မလှုပ် တည်သည်။ (ဓ–၀– ၃၇၅)

၇။ အသက်ရှင်ခြင်း၌လည်းကောင်း သေခြင်း၌လည်းကောင်း လစ်လျူရှုသောကြောင့် အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်မပါဝင်ပါ။ (ဓ–၃– ၃၂)

http://www.dhammadownload.com

၈။ (က) ဘုရားပွင့်မှသာ လူများစွာတို့ သံသရာခရီးခဲကို ကူးနိုင်သောကြောင့် ဘုရားပွင့်ခြင်းကြောင့် ချမ်းသာသည်၊

(ခ) ဇာတိစသောသဘောရှိသောသတ္တဝါတို့သည် သူတော်ကောင်းတရားကို အကြောင်းပြု၍သာ ဇာတိစသည်မှ လွတ်နိုင်သောကြောင့် သူတော်ကောင်းတရားဟောကြားခြင်းသည် ချမ်းသာကြောင်းဖြစ်သည်။ (ဒု-ဒု- ၁၆၂)

၆၊ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ တနင်္သာရီတိုင်း ပထမလတ်တန်း ၊ ဓမ္မပဒဘာသာ

၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက် (၄-၄-၂၀၀၅)တနင်္လာနေ့

၁။ ဗုဒ္ဓဝင်လာ ဖခင်သေခါနီးအခါက ပေးထားခဲ့သော ငွေတစ်ရာဖြင့် လူထွက်ရန်ကြံစည်သော ရဟန်းတစ်ပါးအား အကြောင်းပြု၍ ဟောကြားတော်မူသည့် ဓမ္မပဒဂါထာတို့ကို ပါဠိရေးပြခဲ့ပါ။

၂။ အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို "သီလဝါ, ပညဝါ, ဓမ္မိက" ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်း? ယင်းပြဿနာကို ဖြေဆိုပြသည့် ဗုဒ္ဓမြတ်စွာ၏ ဓမ္မပဒပါဠိတော်ကို အနက်ဖေးပြပါ။

၃။ (က) နတ်လူအများ ချစ်မြတ်နိုးကုန်သော ပုဂ္ဂိုလ်၊

(ခ) စင်စစ်ယောက်ျားမြတ်ပုဂ္ဂိုလ်-တို့ကို ဓမ္မပဒပါဠိတော်, အရဟန္တဝဂ်မှ ရှာဖွေတင်ပြပါ။

၄။ သတ္တဝါတို့၏ အသက်ကို ပို့ဆောင်မောင်းနှင့်သတ်ဖြတ်နေသော တရားများကို ဥပေါသထိကဏ္ဍတ္ထိနံ ဝတ္ထုအလိုက္ခ ဥပမာနှင့်တကွ ရေးပြ၍၊ သုန္ဒတိဒိုလ်ချုပ်ကြီးအား အကြောင်းပြု၍ ဟောတော်မူသည့် ဘုရားရှင်၏ ဓမ္မပဒဒေသနာကိုလည်း အများနားလည်အောင် ရေးပြပါ။

၅။ ပညာမဲ့သူအား ဖျက်ဆီးတတ်သောတရားကို ဥပမာနှင့်တကွ မဟာကာလဥပါသကာဝတ္ထုနှင့်အညီ ရေး၍၊ သံဃသောဒပရိသတ္တနဝတ္ထုလာ "ပြုလွယ်သောအမှုနှင့် အလွန်ပြုနိုင်ခဲ့သောအမှု"တို့ကို ခွဲခြားပြပါ။

http://www.dhammadownload.com

၆။ မဟာကပ္ပိနမင်းကြီး, အနောဇာမိဗုဒ္ဓရားတို့နှင့် အခြေအရံပရိသတ်တို့ ရတနာသုံးပါးကို အာရုံပြုကာ မြင်းပြင့်ပြတ်ကူးသော မြစ်သုံးစင်းကို အတိုင်းအတာပမာဏနှင့်တကွ ဓမ္မပဒ အဋ္ဌကထာလာအတိုင်း ဖော်ပြ၍ ရဟန္တာပြစ်ပြီး၍ မဟာကပ္ပိနမထေရ်ကျူးရင့်သော ဥဒါန်းစကားကိုလည်း ရေးပြပါ။

၇။ ''အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ''၌ (က)ဒုန္ဒုဘိုလ်၊ (ခ) ကေန္တဒုန္ဒုဘိုလ်တို့ကို ဖော်ရေးပြ၍ ဆွမ်းခံကြွခါနီး၌ တရားစစ်သူကြီး အရှင်သာရိပုတ္တရာပြုကျင့်ခဲ့သော နေ့စဉ်ဝတ္တရားများ ကိုလည်း ပဏ္ဍိတသာမဏေရဝတ္ထုနှင့်အညီ ရေးပြပါ။

ဂ။

၈။ (က) တောင်္ခ.မပျော်သူ၊ (ခ) တောင်္ခ ပျော်သူ-တို့ကို ပမာ+ပမေထင်စေလျက် အညတရ ဣရိယာပထဝတ္ထုမှ ရေးပြ၍ 'ကေ ဓမ္မပဒံ သေယျော'၌ ''ဓမ္မပဒ''အရကို ကောက်ပြခဲ့ပါ။

၆။ တနေသ်ာရီတိုင်း (အဖြေ)

ပထမလတ်တန်း။ ။ ဓမ္မပဒဘာသာ

၁။ ယာဝတာ စန္ဒိမသူရိယာ ပရိဟရန္တိ-စသော ဂါထာတို့ကို ရေးလေ။ (၆-၃-၁၅)

၂။ ဂါထာ နံပါတ် -၈၄။ (၆-၀-၃၇)

၃။ (က) ကယာနပြည်နယ် နံပါတ် ၆-တွင် ရှုလေ။
(ခ) ကယာနပြည်နယ် နံပါတ် ၅-တွင် ရှုလေ။

၄။ နွားကျောင်းသားသည် နွားအပေါင်းကို စားကျက်သို့ မောင်းနှင်နေသကဲ့သို့ သတ္တဝါတို့၏ အသက်ကို ဇရာနှင့် မစ္စု-က မရဏထံ ပို့ဆောင်သတ်ပြတ်နေပါသည်။ (၆-၃- ၃၅)

သန္တတိအား တောသောတရား

အဝတ်တန်ဆာတို့ဖြင့် တန်ဆာဆင်ထားအပ်သော်လည်း ကိုယ်နှုတ်စိတ်တို့ဖြင့်ညီ

http://www.dhammadownload.com

ညွတ်သော အကျင့်ကိုကျင့်သော ရာဂစသည်ငြိမ်းသော ဣန္ဒြေတို့ကိုဆုံးမပြီးသော မင်္ဂ လေးပါးဖြင့်မြဲသော မြတ်သောအကျင့်ကို ကျင့်သော သတ္တဝါတို့၌ နှိပ်စက်ခြင်းဒဏ်ကို မပြုသောသူသည် အပပြုအပ်ပြီးသော မကောင်းမှုရှိသောကြောင့် ဗြာဟ္မဏမည်၏၊ ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသောကြောင့် သမဏလည်းမည်၏၊ ဖျက်ဆီးအပ်ပြီးသော မကောင်းမှုရှိ သောကြောင့် ဘိက္ခုမည်၏။ (၄-၃-၅၂)

၅။ ဝရဇိန်သည် မိမိပြစ်ရာဟုဆိုအပ်သော ပတ္တမြားကျောက်ကို စား၍ အပိုင်းပိုင်း ဖြစ်အောင် ပြု၍ မသုံးဆောင်အပ်သည်ကို ပြုသကဲ့သို့ မိမိပြုအပ်သော မကောင်းမှုကံ သည် ပညာမရှိသော ပုဂ္ဂိုလ်ကို ဖျက်ဆီးတတ်ပါသည်။ (၄-၃-၉၆)

ပြုလွယ်သော အမှုကား – အပြစ်နှင့်တကွဖြစ်သော အပါယ်၌ ဖြစ်စေတတ်သော မကောင်းမှုဖြစ်ပါသည်၊

အလွန်ပြုနိုင်ခဲသော အမှုကား – အပြစ်မရှိသော သုဂတိသို့ ရောက်စေတတ်သော ကောင်းမှုကံဖြစ်ပါသည်။ (၄-၃-၉၉)

၆။ ၁။ **အပရဏ္ဏာမြတ် ပမာဏ** – အနက်အားဖြင့် တစ်ဂါဝုတ်၊ အကျယ်အားဖြင့် – နှစ်ဂါဝုတ်၊
၂။ **နိုလတိတိနီမြတ် ပမာဏ** – အနက်အားဖြင့်– အကျယ်အားဖြင့် ယူဇနာဝက်၊
၃။ **စန္ဒဘာဂါမြတ် ပမာဏ** – အနက်အားဖြင့် – အကျယ်အားဖြင့် တစ်ယူဇနာ။
(၄-၀-၃၅၅)

ဥဒါန်းစကား ''အဟောသုခံ အဟောသုခံ''ဟူ၍ ဖြစ်ပါသည်။ (၄-၀-၃၅၆)

၇။ (က) ပညာရှိပုဂ္ဂိုလ်သည် သောတာပတ္တိမဂ် အစရှိသည်တို့ကို ဖြစ်ဖေသောကြောင့် ဒုက္ခပုဂ္ဂိုလ်မည်၏၊
(ခ) အရဟတ္တဖိုလ်သို့ ရောက်သောသူတို့သည် ကေန္ဒ ဒုက္ခပုဂ္ဂိုလ်မည်၏။ (၄-၀-၃၅၁)

ဓနုစဉ်ဝတ္ထုရားများ

ရဟန်းသံဃာ ရှာတွင်းသို့ ဆွမ်းခံဝင်လသော် မထေရ်သည် အလုံးစုံသော ကျောင်း တို့သို့ လှည့်လည်လျှက် တံမြက်စည်း မလှည်းရသေးသော နေရာကို တံမြက်စည်းလှည်း

http://www.dhammadownload.com

၍ အချည်းအနှီးဖြစ်သော အိုးခွက်တို့၌ သောက်ရေ သုံးရေတို့ကို ထည့်၍ မကောင်းသဖြင့် ထားအပ်ကုန်သော ညောင်ဓောင်း အင်းပျဉ်တို့ကို သိုမှီးသိမ်းဆည်း၍ ''သာသနာပ တိတ္ထိတို့သည် အချည်းအနှီးသော ကျောင်းတို့ကို မြင်၍ ရဟန်းကြီးဂေါတမ၏ တပည့်တို့၏ နေရာတို့ကို ကြည့်ကြကုန်လောဟု ကဲ့ရဲ့ခြင်းငှါ မရပါစေလင့်''ဟု ကြံ၍ အလုံးစုံကို သုတ်သင်ရှင်းလင်းပါသည်။ (ဋ-၀- ၃၆၇)

၈။ (က) ရွာ၌ဖြစ်သော ယင်ကောင်တို့ကဲ့သို့ ကာမဂုဏ်ကို ရှာဖွေသော လူအပေါင်းသည် တောဘ၌ မပျော်သူမည်၏၊

(ခ) ပန်းဝတ်ရည်သုံး ပျားပိတုန်းတို့ကဲ့သို့ ရာဂကင်းကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် တောဘ၌ ပျော်သူမည်၏။ (ဋ-၀- ၄၀၄)

ဓမ္မပဒ-အရ

၁။ အနဘိဇ္ဈာ၊ ၂။ အဗျာပါဒ၊ ၃။ သမ္မာသတိ၊ ၄။ သမ္မာသမာဓိ။ (ဋ-၀- ၄၁၇)

ရး ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း(အနောက်ပိုင်း)

ပထမလက်တန်း ။ ဓမ္မပဒဘာသာ

၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၀-၃-၂၀၀၅) တနင်္လာနေ့

၁။ အောက်ဖော်ပြပါ ဂါထာများကို ပါဠိသက်သက်ရေးပြပါ။

(က) မိမိကြောင့်ဖြစ်သော မကောင်းမှုကံ၏ မိမိဖြစ်ရာ ပညာမဲ့သူကို ဗျက်ဆီး၏-ဟု မိန့်ဆိုပုံပြဂါထာ၊

(ခ) လူမိုက်များသည် အလှူဒါနကို မရှိးမွမ်း-ပညာရှိများသာ အလှူဒါနကို ဝမ်းမြောက်နိုင်၏-ဟု မိန့်ဆိုပုံပြဂါထာ။

၂။ အလှမာန်ကျစေရန် ဇနပဒကလျာဏီရူပနန္ဒာထေရီမအား ဘုရားရှင်ဆုံးမဟောကြားအပ်သော ဂါထာကို ထည့်သင့်သောပါဠိများ ပြည့်စုံစွာထည့်လျက် အနက်မှန်စွာ ပေးခဲ့ပါ။

http://www.dhammadownload.com

၃။ စေတနာမပါရှိဘဲ ပြုသောသူများအားမကောင်းမှုကံ ရှိနိုင်/မရှိနိုင်ကို ဥပမာပြုင့် ရှင်းလင်းပြေဆိုရ၏။ ဒဏ္ဍာဝဂ်ကို သုံးသပ်လျက် မည်ကဲ့သို့ နေထိုင်သောသူသည် ချုပ်ချယ်မှုမရှိ နိဗ္ဗာန်သို့ရောက်နိုင်သည်ကိုလည်း ဥပမာပြုင့် ရှင်းလင်းပြေဆိုခဲ့ပါ။

၄။ သူပိုက်တို့ အရှယ်လွန်သောအိမ်ခါ်၌ ကြံမိုင်ရ၍သာ နေကြရကုန်၏-ဟု မိန့်ဆိုရခြင်း အကြောင်းကို ဥပမာနှင့်တကွ ပြေဆိုရ၏။ သူတစ်ပါးကို ဆုံးမလိုသောပုဂ္ဂိုလ်အား ဘုရားရှင် မည်သို့မိန့်ဆိုထားသည်ကိုလည်း ပြည့်စုံစွာပြေဆိုခဲ့ပါ။

၅။ မမြတ်သောကိုးကွယ်ဆည်းကပ်ခြင်းတို့ကို ဖော်ပြ၍၊ မြတ်သောရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် ရရှိခံစားအပ်သော အကျိုးများကိုလည်း ဖော်ပြပါ။

၆။ အပြစ်ဖော်ပြ၍ အဆုံးအမပေးရာ၌ အရှင်ရာဓမထေရ်ကို အတုယူလျက် အဆုံးအမခံရသူများအနေဖြင့် လိုက်နာရမည့် ကျင့်ဝတ်များကို ဖော်ပြပြီး၊ အဘယ်သို့ ဆုံးမသောသူသည် ''နိုဂ္ဂယှဝါဒီ''ပုဂ္ဂိုလ်မည်သည်ကိုလည်း ဖော်ပြခဲ့ပါ။

၇။ ယေ ပရိညာတဘောဇနာ-၌ ရဟန္တာအရှင်မြတ်တို့၏ သုံးပါးသော ပရိညာတို့ဖြင့် ဝိုင်းခြား၍သိလျက် ခဲဖွယ်ဘောဇဉ် သုံးဆောင်ပုံကို ပေါ်လွင်ထင်ရှားအောင် ပြေဆိုခဲ့ပါ။

၈။ ကိသာဂေါတမီအား သူ့သားအတွက် ဘုရားရှင်မိန့်ဆိုသော သေသောသူအသက်ရှင်စေနိုင်သည့် ဆေးနည်းကို ဖော်ပြပြီး၊ ရဟန်းမိန်းမအဖြစ်ရောက်၍ ဥပုသ်အိမ်၌ ဆီးမီးကျိုထွန်း၍နေစဉ် ငြိမ်းအေးမှု နိဗ္ဗာန်အာရုံမြင်ပုံကိုလည်း ဥပမာန- ဥပမေယျ ထင်စွာပြလျက်ဖော်ပြခဲ့ပါ။

၇။ ပဲခူးတိုင်း(အနောက်ပိုင်း) အဖြေ

ပထမလတ်တန်း ။ မမ္မပဒဘာသာ

၁။ (က) ဂါထာ နံပါတ်- ၁၆၁။ (ဌ-ဒု- ၉၆) (ခ) ဂါထာ နံပါတ်- ၁၇၇။ (ဌ-ဒု- ၁၂၂)

http://www.dhammadownload.com

၂။ ဂါထာ နိုပါတ်- ၁၅၀။ (ဖ-ဒု- ၇၄)

၃။ မရှိနိုင်ပါ-

ဥပမာသော်ကား- လက်၌ အနာမရှိသောသူသည် အဆိပ်ကို ကိုင်သော်လည်းလောင်မြိုက်ခြင်းငှါ မတွယ်နိုင်သကဲ့သို့တည်း။ (ဖ-ဒု- ၁၁)

ကြေးခွက်ပြတ်သော အနားရေးကဲ့သို့ မိမိကိုယ်ကို အကယ်၍ မတုန်လှုပ်စေပြားအံ့ ထိုသို့ နေထိုင်သူသည် နိဗ္ဗာန်သို့ ရောက်နိုင်၏။ (ဖ-ဒု- ၃၇)

၄။ လူမိုက်တို့သည် ငယ်ရွယ်သောအခါ၌ မြတ်သောအကျင့်ကို မကျင့်သုံးမူ၍လည်းကောင်း ဥစ္စာကိုမရမူ၍လည်းကောင်း၊ အရွယ်လွန်သောအခါ၌ ကြံမှိုင်ကြရကုန်၏။

ဥပမာသော်ကား- ကုန်ပြီးသော ငါးရိုသော အိုင်ငယ်၌ ကြိုးကြာအိုကဲ့သို့ ကြံမှိုင်ကြရ၏၊ လေးမှလွတ်အပ်သော မြားတို့သည် ခြတို့၏အစာပြစ်ကုန်သကဲ့သို့ ရှေးဟောင်းပြစ်ကုန်သော အာရုံတို့ကို အောက်မေ့လျက် တသသပူဆွေးကြကုန်၏။ (ဖ-ဒု- ၈၃)

သူတစ်ပါးကို ဆုံးမလိုသောပုဂ္ဂိုလ်သည်-

ရှေးဦးစွာမိမိကိုယ်ကို သင့်လျော်ပတ်သောဂုဏ်၌ သွင်းရာ၏၊ ထိုမှနောက်၌ သူတစ်ပါးကို ဆုံးမရာ၏။ (ဖ-ဒု- ၉၀)

၅။ **မမြတ်သောကိုးကွယ်ဆည်းကပ်ခြင်းများ-**

တောင်ကိုလည်းကောင်း၊ တောကိုလည်းကောင်း၊ အာရာမ်, သုစ်ပင်, စေတီ တို့ကို ဆည်းကပ်ခြင်းတို့ပြစ်သည်။ (ဖ-ဒု- ၁၅၉)

မြတ်သောရတနာသုံးပါး၌ဆည်းကပ်ရကျိုး

သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် မြင်ခြင်း၊ ဘေးရန်ကင်းခြင်း၊ မွန်မြတ်ခြင်း၊ ဝဋ်ဒုက္ခအားလုံးမှလွတ်ခြင်း-တို့ပြစ်သည်။ (ဖ-ဒု- ၁၅၉)

၆။ **လိုက်နာရမည့်ကျင့်ဝတ်များ**

(၁) ကောင်းစွာဆုံးမလွယ်သူပြစ်ခြင်း၊

(၂) အပြစ်ကိုပြ၍ ဆုံးမပါသော်လဲ အမျက်မထွက်သူပြစ်ခြင်း၊

(၃) ဆုံးမသောသူကို ရှေ့အိုးကို ပြသောသူကဲ့သို့ မှတ်ရခြင်း၊ (ဖ-ပ- ၃၄၇)

http://www.dhammadownload.com

"နိဂ္ဂယှဝါဒီ"

ထိုသို့သောအပြစ်ကို မြင်၍ အပြစ်အားလျော်စွာ ခြိမ်းခြောက်လျက်,နှိမ့်ချလျက်, အပြစ်ပေးမှုကို ပြုလျက်, ကျောင်းမှနှင်ထုတ်လျက် ကျင့်၏။ ထိုပုဂ္ဂိုလ်သည် နိဂ္ဂယှဝါဒီ မည်၏။ (ဖ-ဒု- ၃၄၅)

၇။ **ယေ ပရိညာတာသောဇနာ**

ယာဝုစသည်ကို ယာဝုစသည်ဖြင့် သိခြင်းတည်းဟူသော "ဉာတ" ပရိညာ၊ အာဟာရ၌ စက်ဆုပ်ဖွယ် အမှတ်သညာရှိလျက် သောဇဉ်ကိုပိုင်းခြား၍ သိခြင်းတည်းဟူသော "တီရဏ" ပရိညာ၊ ပြုအပ်သော ကဗဠိကာရအာဟာရ၌ ဆန္ဒရာဂကို ပယ်ခြင်း၌ သိခြင်းတည်းဟူသော "ပဟာန" ပရိညာ၊ ဤပရိညာ သုံးပါးတို့ဖြင့် သုံးဆောင်ခြင်းသည် ယေ ပရိညာတသောဇနာ ဖြစ်၏။ (ဖ-ဝ- ၃၈၆)

၈။ **ဆေးနည်း**

သားသျှီး စသော့တစုံတခုယောက်သောသူ မသေသောအိမ်၌ မုန်ညှင်းစေ့ တစ်လက်ခုပ်မျှ ယူခဲ့ရန်ဖြစ်သည်။ (နာ-ဝ-၄၄၄)

နိဗ္ဗာန်အာရုံမြင်ပုံ

ဤဆီမီးသည် ဖြစ်လဲဖြစ်ကုန် ပျက်လဲပျက်ကုန်သကဲ့သို့

ဤအတူ ဤသတ္တဝါတို့သည် ဖြစ်လဲဖြစ် ချုပ်လဲချုပ်ကုန်၏၊ နိဗ္ဗာန်သို့ ရောက်သူသာလျင် မထင်ရှားကုန်-ဟု မြင်သည်။ (ဖ-ဝ-၄၄၅)

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း (အရှေ့ပိုင်း)

ပထမလတ်တန်း။ ။ ဓမ္မပဒဘာသာ

၁၃ဖေ-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက် (၄-၄-၂၀၀၅)တနလာနေ့

၁။ သက်တော်ရှိ သက်တော်မဲ့ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့အား ပူဇော်သော သူတို့ အတွက် အကျိုးကြီးပုံကိုပြဆိုသော ဒေသနာ (ဂါထာ) တော်တို့ကို ပါဠိသက်သက်ရေးပါ။

http://www.dhammadownload.com

၂။ (က) အဆုံးအမပေးလာသူကို ရှေ့အိုးပြသူကဲ့သို့ မှတ်အပ်ကြောင်း ဟောကြားသော ဂါထာ၊

(ခ) ဆုံးမသူကို သူတော်ကောင်းတို့ နှစ်သက်၍ သူယုတ်မာတို့ မနှစ်သက်ကြောင်း ဟောကြားသော ဂါထာတို့ကို အနက်ယောဇနာပါ။

၃။ တစ်ကြိမ်တစ်ခါ ပြုလုပ်မိပြီးနောက် ထပ်ကာထပ်ကာ မပြုသင့်သောအရာ ထပ်ကာထပ်ကာ ပြုသင့်သောအရာတို့ကို အကြောင်းနှင့်တကွ ဖော်ဆောင်ပြပါ။

၄။ ''မည်သူ့ကိုမျှ ကြမ်းကြုတ်သော စကားကို မပြောဆိုနှင့်''ဟု ဟောတော်မူရာဝယ် ကြမ်းကြုတ်သော စကားကို ပြောဆိုခြင်း မပြောဆိုခြင်းတို့၏ ကောင်းကျိုး ဆိုးပြစ်များကို ဥပမာတင်၍ ရေးသား ဖြေဆိုပါ။

၅။ အဘယ်ကြောင့် ငါးမရှိသော ရေအိုင်၌ ကြိုးကြာအိုကဲ့သို့ ကြံမှိုင်ရတတ်သနည်း? ဖြေဆို၍ သူတစ်ပါးကို ဆုံးမသော ပညာရှိသည် ရှေးဦးစွာ မည်သို့ ပြင်ဆင်ထားရမည်နည်း? ဖြေဆိုပါ။

၆။ သံကိစ္စသာမဏေ၏ သံကိစ္စမှည့်ခေါ်ရပုံကို ရှင်းပြ၍ ကုက္ကုဋ္ဌမိတ္တမုဆိုး၏ ဇနီးသည် သောတာပန် ဖြစ်လျက် မုဆိုးကြီးအား လေးများတို့ကို ယူပေးခြင်းကြောင့် ''သောတာ-ပန် အသက်သတ်သည်''ဟု ဆိုနိုင်သလော ရှင်းလင်းဖြေဆိုပါ။

၇။ ဘတ္တာဘတိကတ်၏ ဒါနအမှုသည် အဘယ်တို့နှင့် ပြည့်စုံခြင်းကြောင့် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ကြီးစွာသော စည်းစိမ်ချမ်းသာသို့ ရောက်ရသနည်း? ပြည့်စုံအောင် ဖြေဆိုပါ။

၈။ အပြမပြတ် တံမြက်လှည်းနေသော ရဟန်းတစ်ပါးအား အရှင်ရေဝတမထေရ်က မည်သို့ ဆုံးမပြုပါဒ ပေးပါသနည်း? ဖြေဆို၍ အဂ္ဂလိမာလသည် ရှေးဦးစွာ လူသတ်သမားဖြစ်လျက် နောက်တွင် ရဟန္တာအရှင်မြတ်ဖြစ်ပြီး ပရိနိဗ္ဗာန်ပြည်သွားရာ ပဓာနကျသော အကြောင်းတရားများကို ထုတ်ပြပါ။

http://www.dhammadownload.com

၁။ ပဲခူးတိုင်း (အရှေ့ပိုင်း) အရှေ့
ပထမလတ်တန်း။ ။ ဝမ္မပဒဘာသာ

၁။ တေ တာဒိသေ ပုဂ္ဂလေ–စသော ဂါထာ၊
တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ–စသော ဂါထာတို့ကို ပါဠိရေးလေ။ (ဋ–၃–၁၆၃၊ ၁၆၄)

၂။ (က) ဂါထာ နံပါတ်–၇၆။ (ဋ–၁–၃၄၇)
(ခ) ဂါထာ နံပါတ်–၇၇။ (ဋ–၁–၃၄၉)

၃။ မကောင်းမှု၏ တိုးပွါးခြင်းသည် ဆင်းရဲကြောင်း ဖြစ်သောကြောင့် မကောင်းမှု အကုသိုလ်ကို တစ်ကြိမ်တစ်ခါ ပြုပြီးသော်လည်း ထပ်ကာထပ်ကာ မပြုသင့်။ (ဋ–၃–၄)
ကောင်းမှု၏ တိုးပွားခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်သောကြောင့် ကောင်းမှုတစ်ကြိမ်တစ်ခါပြုလုပ်ပြီးသော်လည်း ထိုကောင်းမှုဌာန်စသက်မှုတို့ ဖြစ်စေ၍ ထပ်ကာထပ်ကာ ပြုလုပ်ရမည်။ (ဋ–၃– ၇)

၄။ ကြမ်းတမ်းသောစကားကို ပြောဆိုလျှင် အပြောခံရသူတို့သည် မိမိကို ကြမ်းတမ်းစွာ ပြန်၍ ပြောဆိုခြင်း၊ ဆင်းရဲခြင်း၊ အတုံ့အလှည့်ပြစ်သောဒုက္ခတို့သည် မိမိထံသို့ ထိရောက်လာခြင်းတို့ဖြစ်ကုန်၏။ အနားအရေးပြတ်အပ်ပြီးသော ကြေးခွက်သည် လက်, ခြေတို့ဖြင့် ထိခတ်လသော် အသံမပြုကဲ့သို့ မိမိကိုယ်ကို အကယ်၍ မတုန်လှုပ်စေအံ့ နိဗ္ဗာန်သို့ ရောက်နိုင်ရာ၏၊ သူ့ထက်ဗါနိုင် ယှဉ်ပြိုင်ဘို့ရာ ပြင်းစွာအားထုတ်ခြင်းလည်းမရှိတော့။
(ဋ–၃–၃၇)

၅။ ငယ်ရွယ်စဉ်အခါ ဥစ္စာကို မရှာခြင်းကြောင့်လည်းကောင်း၊ မြတ်သော အကျင့်ကို မကျင့်သုံးခဲ့ခြင်းကြောင့်လည်းကောင်း ငါးမရှိသော ရေအိုင်၌ ကြိုးကြာအိုကဲ့သို့ ကြံမှိုင်ရသည်၊
(ဋ–၃– ၈၃)

ပြင်ဆင်ထားပုံ – (ပဲခူးတိုင်း/ အနောက်ပိုင်း နံပါတ် ၄–၅)။

http://www.dhammadownload.com

၆။ သူငယ်၏ မျက်စိအစွန်းကို တံစူးငါးပြင့် ထိုးခွဲအပ်မိသည်၏အပြစ်ကြောင့် ထိုသူငယ်ကို သံကိစ္စ ဟူ၍ခေါ်ပါသည်။ (ဌ-ဝ -၄၂၆)

ဤလေးများကို ယူ၍ ဤမုဆိုးသည် ပါဏာတိပါတအမှုကို ပြုစေဟူသောစိတ်သည် ထိုဇနီးသည်မှာ မရှိ၊ လက်ဝါးပြင်၌ အနာမရှိအံ့၊ ထိုလဲက်ပြင့် အဆိပ်ကိုခံယူသော်လည်း အဆိပ်မသင့်သကဲ့သို့ ပါဏာတိပါတအကုသလစေတနာ၏ မရှိခြင်းကြောင့် သောတာပန်သည် အသက်သတ်သည်မဆိုနိုင်။ (ဌ-ဒု -၁၅)

၇။ (၁) ဝတ္ထုသမ္ပဒါ- နိရောဓသမာပတ်ဝင်စားနိုင်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်ဟူသော ဝိတ္ထုနှင့် ပြည့်စုံခြင်း။

(၂) ပစ္စယသမ္ပဒါ- လှုပ်ရှယ်ဝတ္ထု၏ တရားသဖြင့် ဖြစ်ခြင်းဟူသော ပစ္စယ၏ ပြည့်စုံခြင်း။

(၃) ဒါနု၏ ရှေ့နောက်ဟူသော သုံးပါးသော်ကာလတို့၌ စေတနာ၏ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်အပြစ်ဟူသော စေတနာသမ္ပဒါ စေတနာနှင့် ပြည့်စုံခြင်း။

(၄) အလှူခံပုဂ္ဂိုလ်သည် သဗာဝတ်မှထခဲ့ခြင်းဟူသော ဂုဏာတိရေကသမ္ပဒါတို့နှင့် ပြည့်စုံခြင်းကြောင့် မျက်မှောက်သောကိုယ်၏ အပြစ်၌ ကြီးစွာသော စည်းစိမ်ချမ်းသာသို့ ရောက်ရပါသည်။ (ဌ-ဒု -၅၉)

၈။ **ဆုံးမညြတ်ပါအပေးစုံ-**

ငါ့ရှင် ရဟန်းမည်သည် အချိန်ရှိတိုင်း တံမြက်စီးလှည်းခြင်းဖြင့် လှည့်လည်ရန်မသင့်၊ နံနက်စောစော၌သာလျင် တံမြက်စီးလှည်း၍ ဆွမ်းခံလှည့်လည်ပြီး ဆွမ်းခံလှည့်လည်ရာမှ ပြန်လာလျင် ညဉ့်သန်းစင်ရာ နေ့သန်းစင်ရာ နေ့ရာတို့၌ နေ့လျက် ၃၂-ပါးသော အခြင်းအရာရှိသော ကမ္မဋ္ဌာန်းကို သရဇ္ဈာယ်၍ အတွင်းဘာ၌ ကုန်ခြင်း ပျက်ခြင်းကို ဖြစ်စေ၍ ဝိပဿနာပွားရမည်၊ ညနေမှ ထ၍ တံမြက်စည်းမလှည်းမူ၍ မိမိ၏(အတွက်) အခွင့်ကို သင့်၏။ (ဌ-ဒု -၁၀၉)

ပဓာနကျသော အကြောင်းတရားများ

(၁) မိတ်ဆွေကောင်းဟူသော အကြောင်းအထောက်အပံ့ကို ရခဲ့ခြင်း၊

(၂) မမေ့မလျော့ခဲ့ခြင်း ကိုဖြစ်ပါသည်။ (ဌ-ဒု -၁၁၀)

http://www.dhammadownload.com

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)

ပထမလတ်တန်း ။ ဓမ္မပဒဘာသာ

၁၃၆၆-ခုနှစ် တပေါ်ဖိုးလပြည့်ကျော် (၄)ရက် (၂၈-၃-၂၀၀၅) တနင်္လာနေ့

၁။ လိမ္မာသောမြင်းကို နှပူနာထား၍ ပြည့်စုံသင့်သောတရားများကို ပြည့်စုံအောင် ကျင့်သုံးပွားများလျှင် အကျိုးတရားများပြားနိုင်ကြောင်း ဟောကြားထားသည့်ဂါထာကို ပင့်ဆိုရေးခဲ့ပါ။

၂။ နတ်တို့ချစ်ခင်မြတ်နိုးကြောင်း ဂုဏ်ရည်များကို ဟောကြားတော်မူထားသည့်ဂါထာကို အနက်ပေးခဲ့ပါ။

၃။ ပညာရှိသူတော်ကောင်းတို့၏ သဘောထားကို သက်ဆိုင်ရာဂါထာအရ ဖော်ပြခဲ့ပါ။

၄။ ကြမ်းတမ်းသော စကားကို ဆိုခြင်း/မဆိုခြင်း အကျိုးအပြစ်တို့ကို ဥပမာနှင့်တကွ သက်ဆိုင်ရာ ဂါထာများအရ တင်ပြခဲ့ပါ။

၅။ မိမိကိုယ်တိုင် ဆုံးမခြင်း, သူတစ်ပါးကို ဆုံးမခြင်းနှင့်ပတ်သက်၍ သိမှတ်ကျင့်သုံးဖွယ်ရာ အပြာပြာတို့ကို သက်ဆိုင်ရာ ဒေသနာနှစ်ပုဒ်အရ ဖော်ပြခဲ့ပါ။

၆။ ''နိုင်ငယ္ယာဒိ မေဓာဝိ''၌ နိုင်ငယ္ယာဒိဖြစ်သူ/မဖြစ်သူတို့ကို ခွဲခြားပြ၍ နိုင်ငယ္ယာဒိမဖြစ်သူသည် သာသနာတော်၌ မည်သည့်အမှုကို ပြုနေသည်နှင့် တူကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

၇။ (က) ပဏ္ဍိတသာမဏေကို အဘယ့်ကြောင့် ပဏ္ဍိတဟု မှည့်ခေါ်ကြသနည်း၊
(ခ) အရှင်သာရိပုတ္တရာ၏ နှမတော်သုံးဦးအမည်ကို ဖော်ပြပါ။
(ဂ) ကဿပဘုရားရှင် သာသနာတော်နောက်ပိုင်း တောင်ထိပ်ပေါ်တက်၍ တရားအားထုတ်ခဲ့ကြသော ရဟန်းတော်များအနက် ဂါတမဘုရားရှင်လက်ထက်၌ ထင်ရှားလာသော ပုဂ္ဂိုလ်ငါးဦး၏ အမည်ကို ဖော်ပြပါ။

http://www.dhammadownload.com

၈။ "ဖိမိကိုယ်ကို စောင့်ရှောက်ရမည်" ဆိုရာ၌ မှန်ကန်သော စောင့်ရှောက်နည်း/ မမှန်ကန်သော စောင့်ရှောက်နည်းတို့ကို လူဝတ်ကြောင်, ရှင်,ရဟန်းအလိုက် ခွဲခြားပြခဲ့ပါ။

၉။ မကွေးတိုင်း (အဖြေ)

ပထမလတ်တန်း ။ ဝေဠုပဒဿာသာ

၁။ ဂါထာ နံပါတ် ၁၄၄။ (ဌ-၃- ၅၄)။

၂။ ဂါထာ နံပါတ် ၉၄။ (ဌ-၀-၃၈၃)။

၃။ **ပညာရှိသူတော်ကောင်းတို့၏ သဘောထား –**

ပညာရှိသူတော်ကောင်းတို့သည် ခန္ဓာငါးပါး အစရှိကုန်သော အလုံးစုံသောတရားတို့၌ အရဟတ္တမဂ်ဉာဏ်တော်ဖြင့် ဆန္ဒရာဂကို ပယ်စွန့်တော်မူကြကုန်၏၊ ဝတ္ထုကာမ,ကိလေသာကာမ-ဟူသော အကြောင်းကြောင့် ဖိမိတို့ ကိုယ်တိုင်လည်း မလျှပ်ပေါ်ကြကုန်၊ သူတစ်ပါးကိုလည်း မလျှပ်ပေါ်ကြစေကုန်၊ သုခ ဒုက္ခအစရှိသော လောကဓံ ၈-ပါးတရားတို့နှင့် ကြုံတွေ့ခံစားရသော အခါ၌လည်း နှစ်သက်ခြင်း မျက်နှာမသာယာခြင်း ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ အစွမ်းအားဖြင့် အမျိုးမျိုးသော အချင်းအရာကို မပြကြကုန်၊ (ဌ-၀-၃၇၇)

၄။ **ကြမ်းတမ်းသောစကားကို ဆိုခြင်း/မဆိုခြင်း အကျိုးအပြစ် –**

(ပဲခူးတိုင်း/အရှေ့ပိုင်း နံပါတ် ၄-ကိုရှုလေ။)

၅။ **သူတစ်ပါးကို ဆုံးမခြင်း** – (ပဲခူးတိုင်း/အရှေ့ပိုင်း နံပါတ် ၅-ကိုရှုလေ။)

"ပဌမယာမ် အစရှိသည်တို့၌ စကြီသွားအပ်၏" ဟုဆို၍ သူတစ်ပါးကို ဆုံးမသော ရဟန်းသည် ဖိမိကိုယ်ကို စကြီသွားခြင်း စသည်တို့ကို ဆောက်တည်ပါမှ ကောင်းစွာ ဆုံးမသည် မည်၏ဟူသော သိမှတ်ဖွယ်ရာ အဖြာဖြာတို့ဖြစ်ပါသည်။ (ဌ-၃-၉၁)

http://www.dhammadownload.com

၆။ **နိဂ္ဂယျာဒိဒြစ်သူ** (ပဲခူး/အနောက် နံပါတ် ၆-ရှု)

အချို့သောသူသည် သ,ဒ္ဓိဝိဟာရိက စသည်တို့၏ မလျှောက်ပတ်သည်ကိုလည်း ကောင်း၊ ချွတ်ချော်မှုကိုလည်းကောင်း မြင်လျှင် "ဤသူသည် ငါ့မျက်နှာသစ်ရေ စသည်တို့ပြင့် ရိုသေစွာ ပြုလုပ်ကျွေး၏။ ထိုသူကို အကယ်၍ ပြောဆိုသည်ရှိသော် ငါ့ကို မပြုစု မလုပ်ကျွေးတော့လတ္တံ့။ ဤသို့ မပြုစု မလုပ်ကျွေးသည်ရှိသော် ငါ့အတွက် ဆုတ်ယုတ်လိမ့်မည်"ဟု စဉ်းစား၍ မပြောဆိုသော သူသည် နိဂ္ဂယျာဒိ မဖြစ်သူမည်၏။ နိဂ္ဂယျာဒိ မဖြစ်သူသည် သာသနာတော်၌ အမှိုက်ပစ်သူနှင့်တူပါသည်။ (ဌ -၀-၃၄၅)

၇။ (က) ပဏ္ဍိတသာမဏေ၏ ပဋိသန္ဓေနေသောအခါမှစ၍ အိမ်၌ ထုံထိုင်းဖျင်းအ၍ ခံတွင်းမှ လျှာကျသော အာရည်တံတွေးရှိသောသူတို့သည် ပညာရှိဖြစ်ကုန်သောကြောင့် ပဏ္ဍိတဟု မှည့်ခေါ်ကြပါသည်။ (ဌ -၀-၃၆၇)

(ခ) ၁။ စာလာ ၂။ ဥပစာလာ ၃။ သီသူပစာလာတို့ဖြစ်ပါသည်။ (ဌ -၀-၃၉၆)

(ဂ) ၁။ ပုက္ကုသာတိရာဇာ၊ ၂။ ကုမာရကဿပ၊ ၃။ ဒါရုစီရိယ၊ ၄။ ဒဠ္ဍမလ္လပုတ္တ ၊ ၅။သဘိယပရိဗိုဇ်တို့ဖြစ်ပါသည်။ (ဌ -၀-၄၁၀)

၈။ **မမှန်ကန်သောစောင့်ရှောက်နည်း**

လူဖြစ်သောသူသည် ပိမိကိုယ်ကို စောင့်ရှောက်အံ့ဟု ရည်ရွယ်၍ ပြာသာဒ်အထက်ကောင်းစွာ ပိတ်ဆည်းအပ်သော တိုက်ခန်းသို့ဝင်၍ ပြည့်စုံသော အစောင့်အရှောက်ရှိလျက်နေသော်လည်း မမှန်မကန်သော စောင့်ရှောက်နည်းမည်၏။

ရဟန်းဖြစ်သောသူသည် ကောင်းစွာပိတ်ဆည်းအပ်သော တံခါးပေါက်လေးသောက်ပြတင်းရှိသော လှိုဏ်၌ နေပါသော်လည်း မမှန်ကန်သော စောင့်ရှောက်နည်းမည်၏။ (ဌ -၃-၈၅)

မှန်ကန်သောစောင့်ရှောက်နည်း

လူဖြစ်သောသူသည် စွမ်းနိုင်သလောက် ဒါနသီလအစရှိကုန်သော ကောင်းမှုတို့ကို ပြုလျှက် စောင့်ရှောက်ခြင်းသည် မှန်ကန်သော စောင့်ရှောက်နည်းမည်၏။ ရဟန်းဖြစ်သော သူသည် ဝတ်ကြီး ဝတ်ငယ်ပြုခြင်း၊ ပရိယတ္တိကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းတို့၌ အားထုတ်ခြင်းအို့ ရောက်ခြင်းသည် မှန်ကန်သော စောက်ရှောက်နည်း မည်၏။

http://www.dhammadownload.com

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမလတ်တန်း။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ
၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၀–၄–၂၀၀၅) တနင်္လာနေ့

၁။ (က)အပြစ်ပြဆုံးမသူကို ရှေ့အိုးညွှန်ပြသူကဲ့သို့ မှတ်ယူရမည်–ဟုပြဆိုသောဂါထာနှင့်
(ခ) ပညာရှိတို့သည် သုခ,ဒုက္ခလောကဓံတရားတို့နှင့် ကြုံတွေ့သော်လည်း နှစ်သက်, ဝမ်းနည်းသော အမူအရာ မပြစ်–ဟုပြဆိုသောဂါထာတို့ကို ပါဠိရေးပါ။

၂။ (က) ပစ္စည်းလေးပါးနှင့် ဒကာ ဒကာမတို့အပေါ် ငြိုကပ်တွယ်တာမှု ကင်းသူကို ပြဆိုသောဂါထာနှင့်
(ခ) ဣန္ဒြေယသံဝရသီလရှိသူကို နတ်,လူတို့ ချစ်ခင်မြတ်နိုးဏ–ဟု ပြဆိုသောဂါထာတို့ကိုအနက်ပေးပါ။

၃။ မည်သည့်အဂါရပ်များနှင့် ပြည့်စုံသူကို "ဥတ္တမပုရိသ" ဘွဲ့တံဆိပ် ကပ်ထိုက်ပါသနည်း? အရဟာန္တဝက် သာရိပုတ္တာတ္ထေရဝတ္ထုလာအတိုင်း ဖေါ်ပြခဲ့ပါ။

၄။ ယခုစာပြေရှင်၏ ခန္ဓာကိုယ်အတွင်းဘောတည်းဟူသောမြို့ကြီး စည်ပင်ပြန့်ပွားအောင် တည်ရှိနေကြသောတရားတို့ကို ဇနပဒကလျာဏီဝတ္ထုလာအတိုင်းဖေါ်ပြ၍ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းသို့ ရောက်သောအရာဝတ္ထုတို့ကိုလည်း အသိပညာရှင် တစ်ယောက် ဖြစ်ရလေအောင် မလ္လိကာဒေဝီဝတ္ထုမှ ထုတ်နုတ်ရေးသားပြပါ။

၅။ အစမထင် သံသရာတစ်ခွင်၏ ရှည်ကြာမှု မလိုလားသောပုဂ္ဂိုလ်တို့ကို လောကဝင်လာအတိုင်း ရေး၍ သောတာပတ္တိဖိုလ်တည်းဟူသောစည်းစိမ်သည် အဘယ်စည်းစိမ်တို့ထက် သာလွန် မွန်မြတ်ပါသနည်း?အနာထပိဏ္ဍိကပုတ္တကာလဝတ္ထုလာအတိုင်း ပြေဆိုပါ။

၆။ ကုသိုလ်ကောင်းမှု အစုစုကို အမြဲမပြတ်ပွားဆည်းပူးခြင်းသည် (သုခေါ်)ချမ်းသာ၏–ဟုဘုရားရှင်အဘယ်ကြောင့် ဟောထားပါသနည်း? လာဇဒေဝီတာဝတ္ထုကို မှီးလျက် ပြေဆိုရ၍ လောကဋ္ဌမပြစ်မှားအပ်သောသူတို့ကိုလည်း ကောကသုနခလုဒ္ဒကဝတ္ထု

http://www.dhammadownload.com

ရ။ သီလမရှိသောပုဂ္ဂိုလ်တို့ကို ဒေဝဒတ္တာဝတ္ထုအရ ပေါ်ပြ၍၊ မိမိကိုမှီ၍ ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာရသည် အဘယ်ပုဂ္ဂိုလ်များကို သတ်ဖြတ်တတ်ပါသနည်း? ဥပမာနှင့်တကွ ဖြေဆိုပြပါ။

ဃ။ ဩဝါဒပါတိမောက် ပြတော်မူကြသော ဘုရားရှင်တို့၏ အမည်နှင့်အကြောင်းအရေအတွက်တို့ကို အသီးအသီး တွဲစပ်ပြီးလျှင်၊ ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာ၏-ဟု ဆိုထိုက်ပုံကိုလည်း ရေးသားခဲ့ပါ။

၁၀။ မန္တလေးတိုင်း (အရှေ့)

ပထမလတ်တန်း။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁။ (က) ဂါထာ နံပါတ် ၇၆။ (ဌ -၀-၃၄၇)
(ခ) ဂါထာ နံပါတ် ၈၁။ (ဌ -၀-၃၅၂)

၂။ (က). ဂါထာ နံပါတ် ၉၁။ (ဌ -၀-၃၈၅)
(ခ) ဂါထာ နံပါတ် ၉၄။ (ဌ -၀-၃၈၉)

၃။ ၁။ မိမိသိပြီးသောဂုဏ်ကို သူတစ်ပါးအပြောဖြင့် မယုံခြင်း၊
၂။ နိဗ္ဗာန်ကိုသိခြင်း၊
၃။ သံသရာအဆက်စပ်ကို ဖျက်ပြီးခြင်း၊
၄။ ကံတရားတို့၏ ဖြစ်ခွင့်ကို ပယ်သတ်ပြီးခြင်း၊
၅။ မင်ဖြင့် ထွေးအန်ပြီးသော အာသာရှိခြင်း ဟူသော ဂုဏ်အင်္ဂါတို့ဖြင့် ပြည့်စုံသူကို ဥတ္တမပုရိသဘွဲ့ ကပ်ထိုက်သည်။ (ဌ -၀-၃၃၆)

၄။ အရိုးပေါင်း ၃၀၀၊ အကြော၊ အသား၊ အသွေး၊ အရည်ပြားတို့နှင့် မာန မကွာဟူသော ဒေါ်သတို့ဖြစ်သည်။ (ဌ -၃-၅၄)
အုဆန်းတကြယ် တန်ဆာဆင်ထားသော မင်းဝီးရထားတို့သည်လည်းကောင်း၊ ခန္ဓာကိုယ်သည်လည်းကောင်း၊ ဆွေးမြေ့အိုမင်းရသည်။ (ဌ -၃-၅၅)

http://www.dhammadownload.com

၅။ ယုတ်ညံ့သော ကာမဂုဏ်ပါးပါးတရားကို မမှီဝဲသူ၊ မေ့လျော့ပေါ့ဆ နေထိုင်ရကြောင်း မကောင်းသောအကုသိုလ်နှင့် အတူမနေသူ၊မှားယွင်းသောမိုက်ဆာအယူကို မမှီဝဲသူတို့ သည် သံသရာ ရှည်ကြာမှု မလိုလားသူတို့ ဖြစ်ကြသည်။ (ဌ-၃၊ ၁၀၅၊ ၈၊ ၁-၁၆)

သောတာပတ္တိဖိုလ် စည်းစိမ်- (စစ်ကိုင်းတိုင်း နံပါတ် ၅-၇)

၆။ ကောင်းမှုသည် ဤလောက တမလွန်လောကဌ ချမ်းသာကို ဆောင်တတ်သောကြောင့် (သုစ) ချမ်းသာ၏ဟု ဟောသည်၊ (ဌ -၃-၅)

မပြစ်မှားအပ်သူများ

မိမိသူတစ်ပါးအား မဖျက်ဆီးသူ၊ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်သူ၊ ကိုယ်ကိုယ်အင်္ဂါ မရှိသူ၊ ရဟန္တာပုဂ္ဂိုလ်-တို့ဖြစ်သည်။ (ဌ -၃-၂၂)

၇။ **သီလမရှိသူ**

မွေးဖွားသည်မှစ၍ အကုသလကမ္မပထ ၁၀-ပါး ပြုလုပ်သောလူ၊ ရဟန်းပြုရာ အခါမှစ၍ ဂရုကအာပတ်သို့ ရောက်သော ရဟန်းတို့ဖြစ်သည်။ (ဌ -၃-၉၇)

သဏ္ဌာန်

မိမိကို မှီ၍ဖြစ်သော လာဘ်သက္ကာရသည် စက်ဆုပ်အပ်သော ယုတ်မာသောသူအား ပြန်၍ သတ်တတ်သည်၊ ဥပမာ - ငှက်ပျောသီး၊ ဝါးသီး၊ ကျူသီး၊ အသတိုရ်မြင်းမ ကိုယ်ဝန် တို့သည် မိမိမှိုရာကို ပြန်၍ သတ်တတ်သကဲ့သို့ဖြစ်သည်။ (ဌ -၃-၁၀၀)

၈။ ဝိပဿီ - ၇-နှစ် တစ်ကြိမ်၊
သိခီ, ဝေဿဘူ - ၆-နှစ် တစ်ကြိမ်၊
ကကုသန်, ကောဏာဂုမ် - နှစ်စဉ်နှစ်တိုင်း၊
ကဿပ - ၆-လ တစ်ကြိမ်၊ (ဌ -၃-၁၅၃)

ချမ်းသာ၏ တုဆိုထိုက်ပုံ

ညီညွတ်သူတို့အား ဘုရားစကား သင်ကြားခြင်း၊ ဓုတင်ကျင့်ခြင်း၊ ရဟန်းတရား အားထုတ်ခြင်းတို့ကို ပြုစွမ်းနိုင်သောကြောင့် ချမ်းသာ၏ဟု ဆိုထိုက်သည်။(ဌ -၃-၁၆၂)

http://www.dhammadownload.com

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမလတ်တန်း။ ။ ဓမ္မဝေဒနာသာ
၁၃၆၆-ခုနှစ် တပေါင်းလပြည့်တျော် (၄)ရက် (၂၈-၃-၂၀၀၅)တနင်္လာနေ့

၁။ ဝတ်စားတန်ဆာ ဒါ့အရာတင် အလင်္ကာရ ဆင်ကာသသော်လည်း တစ်မျိုးဟိတ်ပြု ဘိကျွေ့ခေါ်ဆိုနိုင်ကြောင်းကို ပြဆိုသော ဒဏ္ဍာဝဂ်လာ ဂါထာပါဠိတော်ကို ရေးသားပါ။

၂။ လူသားတို့သည် ကိုးကွယ်ရာ အလွဲအမှားတို့ကို အမျိုးမျိုးအဖုံဖုံ ကိုးကွယ်ကြပုံပြ ဗုဒ္ဓဝဂ်လာ ဂါထာတစ်ပုဒ်ကိုသာ အနက်ယောဇနာပြပါ။

၃။ သီလရှိသူ ပညာရှိသူ တရားရှိသူ ဖြစ်ရာသော အကြောင်းတရားများကို ပဏ္ဍိတဝဂ်လာ အဝိုင်း မှန်ကန်စွာရေးသားပြပါ။

၄။ ဒဏ္ဍာဝဂ်လာ- ဒဏ်ဆယ်ပါးတို့ကို အစဉ်ကျန မှန်ကန်စွာ ရေးသားပြပါ။

၅။ ဗုဒ္ဓဝဂ် လာ- ချမ်းသာကြောင်းတရားလေးပါးတို့ကို ရေးသား၍ ဤမျှအကျိုးရှိ၏ဟု၊ မရေတွက်နိုင်လောက်အောင် အကျိုးကြီးမားသော ကောင်းမှုကိုလည်း သိသာရုံမျှ ရေးသားပြပါ။

၆။ "သြဝေယျာနုသာသေယျ" ပါဠိတော်၌ သြဝဒတိ မည်ပုံ, အနုသာသတိ မည်ပုံ အလုံးစုံကို အဋ္ဌကထာလာသည်နှင့်အညီ ရေးသားပြပါ။

၇။ အနုရုဒ္ဓတ္ထေရ ဝတ္ထုလာ- အရှင် အနုရုဒ္ဓမထေရ်၏ ပံသုကူလ သင်္ကန်းချုပ်ရာ၌ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်, အရှင်မဟာကဿပ, အရှင်အာနန္ဒာတို့ကူညီကြပုံ, အလုံးစုံကို အသိုးသိုးရေးပြပါ။

http://www.dhammadownload.com

၈။ ဝိသာခါ ကျောင်းအမကြီးက အရွယ်လေးမျိုး အုပ်စုလေးစု ဥပုသ်သည်အမျိုးသမီးများကို အဘယ်အကျိုးလိုလို့ ဥပုသ်စောင့်သုံးကြပါသနည်း?ဟု – မေးစစ်ရာအခါ၌ ထိုအမျိုးသမီးလေးအုပ်စုတို့ ပြေးဆိုကြပုံ အသီးသီးကို ရေးသားပြပါ။

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမလတ်တန်း ။ ဝမ္မပဒဘာသာ

၁။ ဂါထာ နံပါတ် ၁၄၂။ (ဒု -ဒု-၅၂)

၂။ ဂါထာ နံပါတ် ၁၈၈။ (ဒု -ဒု-၁၅၉)

၃။ **သီလရှိသူစသည် ဖြစ်ကြောင်းများ**

မိမိဟူသောအကြောင်းကြောင့် မကောင်းမှုကို မပြုခြင်း၊
သူတစ်ပါးဟူသောအကြောင်းကြောင့် မကောင်းမှုကို မပြုခြင်း၊
သားသမီးကို အလိုမရှိခြင်း၊
ဥစ္စာကို အလိုမရှိခြင်း၊
တိုင်းနိုင်ငံကို အလိုမရှိခြင်း၊
မတရားသော မိမိ၏ပြည်စုံမှုကို အလိုမရှိခြင်းတို့ဖြစ်ပါသည်။ (ဒု -၀-၃၇၁)

၄။ **အဏ် ၁၀–ပါး** (ကယား နံပါတ် ၃–၅)

၅။ **ချမ်းသာကြောင်းတရား ၄–ပါး**

(၁) ဘုရားပွင့်ခြင်း၊ (၂) သူတော်ကောင်းတရားဟောကြားခြင်း၊
(၃) သံဃာညီညွတ်ခြင်း၊ (၄) ညီညွတ်စွာပြုလုပ်ကျင့်ကြံခြင်း။ (ဒု -ဒု-၁၆၂)

မရေတွက်နိုင်သောကောင်းမှု

ဘုရားစသောပုဂ္ဂိုလ်တို့အား သုံးပါးသောမြတ်နိုးခြင်းဖြင့် ပူဇော်သော ကောင်းမှုဖြစ်သည်။
(ဒု -ဒု-၁၆၄)

http://www.dhammadownload.com

၆။ **ဩဝဒတိ–** တစ်ကြိမ်တစ်ခါ ဆုံးမခြင်း၊ အကြောင်းပေါ်က ဆုံးမခြင်း၊ မျက်မှောက် ဆုံးမခြင်း။

အနုသာသတိ– အထပ်ထပ်အခါခါ ဆုံးမခြင်း၊ အကြောင်းမပေါ်ခင် သွန်သင်ခြင်း၊ မျက်ကွယ်၌ သွန်သင်ခြင်း။ (ဌ –၀–၃၄၇)

၇။ ပုံသူကူသက်နီးကို ချူပ်ခြင်းဟု အရှင်မဟာကဿပသည် ဆိုခဲ့ထိုင်း၏၊ အရှင်သာရိပုတ္တရာသည် အလယ်၌ထိုင်း၏၊ အရှင်အာနန္ဒာသည် အဖျားစွန်းဌ၌ထိုင်း၏၊ အရှင်မောဂ္ဂလာန်သည် အလိုရှိရာကို ဆောင်ယူပေး၏၊ မြတ်စွာဘုရားသည် အပ်ချည်တပ်၏။ (ဌ –၀–၃၈၇၊ ၃၈၈)

၈။ **ဥပုသ်စောင့် ရယ်ရွယ်ချက်–** (ကရင် နံပါတ် ၇–၇)

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)
ပထမလတ်တန်း။ ။ ဓမ္မပဒဘာသာ
၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၈–၃–၂၀၀၅)တနလာနေ့

၁။ ပစ္စည်းနှင့်စပ် အရပ်ရပ်၌ မကပ်ငြိလို တောင်းဆုပေးခဲ့သော အရှင်မဟာကဿပမထေရ်ကို ရည်ညွှန်း၍ ဟောတော်မူထားသော ဂါထာနှင့် ကြိုးကျယ်များပြား အကုသိုလ်တရားကို အရဟတ္တမဂ် မည်ရခေါ်ဆို ထိုကုသိုလ်က ပိတ်ဆို့တားမြစ်နိုင်ပုံပြ ဂါထာကို ပါဠိရေးခဲ့ပါ။

၂။ ''ကိုယ်ပြုသည့်ကံ၊ ကိုယ်ထံပြန်၊ ပဲ့တင်သံမလွဲ တထပ်ထဲ'' ဟူသော လောကဆိုရိုးနှင့် အညီ အရိယာဝုဋ္ဌလ်အား ပြစ်မှားစော်ကားသူ၏ အထံသို့ မကောင်းကျိုး တန်ပြန်သက်ရောက်ပုံပြ ဒေဿနာတော်ကို ဥပမာ,ဥပမေယျ ပေါ်လွင်အောင် အနှိုက်ပေးပြပါ။

၃။ သြကာ အနောကမာဂမ္ဘ–၌ အဘယ်ကို သြက, အနောကခေါ်သည်ဟု ဖော်ပြ၍၊ ပညာမဲ့သူအား ဗျက်ဆီးတတ်သော အရာကိုလည်း ဥပမာနှင့်တကွ မဟာကာလဥပါသက ဝတ္ထုမှ ကောက်နုတ်တင်ပြပါ။

http://www.dhammadownload.com

၇။ ကြောင်း, ကျိုးသိမြင် ပညာရှင်သည် ပိမိကိုယ်ကို မိမိ ဆုံးမထိုက်ပုံကို ပဏ္ဍာသာမကော ရဝတ္ထုမှ ထုတ်နုတ်၍ ဥပမာဖြင့် ထင်ရှားအောင်ပြပါ။

၅။ ငယ်ရွယ်ကျန်းမာ နုပျိုစဉ်အခါ၌ အကျင့်စီးပွား ဤ ၂-ပါးတို့ကို မကျင့်မရှာ အချိန်ပြုန်း ကာနေသူတို့ နောက်ခါကာလ နောင်တရတတ်ပုံတို့ကို ဇရာဝဂ်လာ ဥပမာစာသားဖြင့် ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

၆။ အရှင်သီဝလိမထေရ် လာဘ်လာဘပေါများခြင်းအကြောင်းနှင့် အရှင်မောဂ္ဂလာန်မထေရ် အား ဘုရားရှင်ကိုယ်စား တန်ခိုးပြရန် လျှောက်ထားတောင်းပန်သူ စာရင်းကိုလည်း ပြုစုတင်ပြပါ။

၇။ ''အပ္ပသာဒါ ဒုခါ ကာမာ''ဟု ဘုရားရှင် ဟောတော်မူရခြင်း၏ အကြောင်းနှင့် ဝဋ်ဒုက္ခ၌ အကျိုးဝင်သော သုခတို့ကို ဓမ္မပဒအဋ္ဌကထာလာအတိုင်း ဖော်ပြခဲ့ပါ။

၈။ ကသိုပဘုရားရှင်၏ သုဝဏ္ဏဇေတိယဝတ္ထုလာ သက်တော်ထင်ရှားရှိသော ဘုရားရှင်, ဥဒ္ဒိသ ဘုရားရှင်တို့ကို ပူဇော်မှု၌ ''စိတ်ထားတတ်မူ အကျိုးတူပုံပြ'' အေသနာတော်ကို မြန်မာစကားပြေပြင့် ဖော်ပြ၍ ''ပူဇာရဟော ပူဇယတော''၌ အဘယ်ကို ပူဇော်သည်ဟု ခေါ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

၁၂။ ရန်ကုန်တိုင်း (အဖြေ)

ပထမလတ်တန်း။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ နံပါတ် ၉၁။ (၆-၀-၃၈၅)
ဂါထာ နံပါတ် ၁၇၃။ (၆-၃-၁၁၁)

၂။ ဂါထာ နံပါတ် ၁၂၅။ (၆-၃-၂၂)

http://www.dhammadownload.com

၃။ **ဩကာ**– တွယ်တာရာဟူသော အာလယ(တဏှာ)။
အနောက– တဏှာမရှိရာနိဗ္ဗာန်။ (ဋ္ဌ -၀-၃၃၁)
ဗျက်ဆီးတတ်သော အရာ– (တနသ်ာရိ နံပါတ် ၅-၌)

၄။ **မိမိကိုယ်ကို ဆုံးမထိုက်ပုံ**–
ရေကိုဆောင်သူ ရေမြောင်းဖောက်သူတို့သည် ရေကိုလိုရာအရပ်သို့ ဆောင်နိုင်ကြကုန်၏။ မြားလုပ်သမားတို့သည် ကောက်သောမြားကို ဖြောင့်အောင်ညွှတ်စေနိုင်ကြကုန်၏။ လက်သမားတို့သည် သစ်သားကို ဖြောင့်အောင်ကောက်အောင် ညွှတ်စေနိုင်ကြကုန်၏။ ပညာရှိတို့သည် သောတာပတ္တိမဂ် စသည်တို့ကို ဖြစ်စေလျက် မိမိကိုယ်ကို ဆုံးမထိုက်သည်။ (ဋ္ဌ -၀-၃၇၃)

၅။ **နောင်တရတတ်ပုံ**– (ပဲခူးတိုင်း အနောက် နံပါတ် ၄-၌)။

၆။ **လာဘ်လာဘပေါ်များခြင်းအကြောင်း**
ဝိပဿဿီမြတ်စွာဘုရားအား စိုင်စွတ်သောပျားရည် နို့ဓမ်းကို ရောနှောလျက် ဘုရားအမှူးရှိ,သော သံဃာအားလှူဒါန်းခဲ့ဘူးသောကောင်းမှုကြောင့် လာဘ်လာဘပေါ်များသည်၊ (ဋ္ဌ -၀-၄၀၂)

လျှောက်ထားတောင်းပန်သူ စာရင်း
ဃရဏီမည်သော အနာဂါမ် ဥပါသိကာမ၊ စူဠအနာထပိဏ်မည်သော အနာဂါမ် ဥပါသိကာ၊ စိရာမည်သော ရ-နှစ်အရွယ် သာမဏေမ၊ စုန္ဒမည်သော ရ-နှစ်အရွယ် သာမဏေ၊ ဥပ္ပလဝဏ်ထေရီမ-တို့ဖြစ်ပါသည်။ (ဋ္ဌ -၃-၁၃၆၊ ၁၃၇)
မှတ်ချက်။ ။တန်ခိုးပြရန် လျှောက်ထားတောင်းပန်သူစာရင်းဟူသော မေးခွန်းအရ ဒေဝေါရောဟဏဝတ္ထုကို ရည်ရွယ်၍ မေးဟန်တူသည်၊ ထိုဝတ္ထု၌ တုရားရှင်အား လျှောက်ထားခြင်းသာဖြစ်သည်၊ အရှင်မဟာမောဂ္ဂလာန်အား လျှောက်ထားခြင်းမဟုတ်ထို့ကြောင့် ဤအဖြေ၌ ဘုရားရှင်အား လျှောက်ထားတောင်းပန်သူစာရင်းကိုသာ ဖြေဆိုပါသည်။

http://www.dhammadownload.com

၇။ **တောတော်မူရခြင်းအကြောင်း**

အိပ်မက်နှင့်တူသည်ဖြစ်၍ နည်းသောသုခရှိသောကြောင့်လည်းကောင်း ဒုက္ခအစုစသည်တို့တွင် ရောက်လာသောဒုက္ခ၏ များသောဒုက္ခရှိသော်ကြောင့်လည်းကောင်း အပ္ပသာဒါ ဒုဓါ ကာမာ- ဟုဟောသည်။ (၆ -ဒု-၁၅၆)

ဝင်ရိုးတွင်၌ အကျိုးဝင်သော သုခများ

ကာမဂုဏ်၌ဖြစ်သော သုခ၊ မင်းအဖြစ်၌ဖြစ်သော သုခ (မင်းအဖြစ်ဟူသော သုခ)၊ သလေးဆဆန်၌ သားပြွမ်းကျို၍ စားရခြင်းစသည်၌ သာယာသော သုခ-တို့ဖြစ်ပါသည်။ (၆-ဒု-၁၆၂)

၈။ သက်တော်ထင်ရှားမြတ်စွာဘုရား၌လည်းကောင်း ပရိနိဗ္ဗာန်စံသွားမြတ်ဘုရား၌လည်းကောင်း စိတ်သည်တူမျှသည်ရှိသော် အကျိုးသည် တူမျှသည်၊ မှန်၏ စိတ်ကိုကောင်းစွာ ထားခြင်းဟူသော အကြောင်းကြောင့် သတ္တဝါတို့သည် သုဂတိသို့ လားကြရကုန်၏။ (၆ -ဒု-၁၆၄)

ပူဇော်သည်တု ခေါ်ဆိုပုံ

လက်အုပ်ချီရှိခိုးခြင်း စသည်တို့ဖြင့်လည်းကောင်း ပစ္စည်းလေးပါးတို့ဖြင့်လည်းကောင်း ပူဇော်ခြင်းကို ပူဇော်သည်ဟု ခေါ်သည်။ (၆ -ဒု-၁၆၃)

၁၃။ ဝထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ရှမ်းပြည်နယ် (တောင်ပိုင်း)
ပထမလတ်တန်း။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ
၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက် (၄-၄-၂၀၀၅)တနင်္လာနေ့

၁။ အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူများကို အစဉ်မြတ်နိုး ကော်ရော်ပူဇော် ရှိခိုးမှုကြောင့် အကျိုးတရားလေးပါး တိုးပွားရရှိနိုင်ပုံကို ဖော်ပြသော အာယုဝဍ္ဎနကုမာရဝတ္ထုလာ ဓမ္မပဒ ဒေသနာဂါထာကို ပါဠိသက်သက်ရေးပြခဲ့ပါ။

၂။ "မြို့ရွာနှင့်တော၊ တောင်ပေါ်နှင့် မြေပြန့်-မည်သည့်အရပ်၌ ဖြစ်စေ ရဟန္တာအရှင်မြတ်များ သီတင်းသုံးနေထိုင်လျှက် ထိုအရပ်ဒေသသည် မွေ့လျော်နှစ်သက်ဘွယ် ကောင်း၏"

http://www.dhammadownload.com

ဟူသော အဓိပ္ပါယ်ပါရှိသည့် ဓမ္မပဒဂါထာကို မှန်ကန်စွာ အနက်ယောဇနာပြုပါ။

၃။ ဓမ္မိကဖြစ်သော 'သီလဝန္တ, ပညာဝန္တာပုဂ္ဂလ'ဟု ခေါ်ဆိုနိုင်ရန် ပြည့်စုံရမည့် အကြောင်း အင်္ဂါများကို ဓမ္မိကတ္ထေရဝတ္ထုဖြင့် ဟောတော်မူအပ်သော ဂါထာပါဠိလာရှိသည့်အတိုင်း ဆိုလိုရင်းအနက် မပျက်ကွက်စေဘဲ ပြည့်စုံစွာ ရေးသားတင်ပြပါ။

၄။ သုခေါ် ပုညဿ ဥစ္စယော-ဟူသော ဒေသနာအရ ကောင်းမှုကုသိုလ်တိုးပွားအောင် ကြံဆောင်ရမည့်နည်းလမ်းကို ညွှန်ပြပြီးလျှင်၊ မိမိကို ဥပမာထား၍ သူတစ်ဘက်သားကို ညှင်းဆဲပုတ်ခတ် မသတ်ဖြတ်သင့်ဟု နှလုံးသွင်းကာ ကိုယ်ချင်းစာတရား ထားရမည့် အကြောင်းအချက်အလက်များကို ဝတ္ထုနှစ်ခုပေါင်းစုကာ ရေးသားပြပါ။

၅။ နှားကျောင်းသားသည် နှင်တံဖြင့် နှားအပေါ်ကို စားကျက်သို့ မောင်းနှင်ထိုးဆောင်သကဲ့သို့ ထို့အတူ သတ္တဝါတို့၏အသက်ကို သေခြင်းတရားထံ မောင်းနှင်ပို့ဆောင်တတ်သော အာယုကျောင်းသား တရားနှစ်ပါးကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် ဖြေဖြ၍၊ အသား, အသွေး, အကြောတို့ဖြင့် လိမ်းကျံတည်ဆောက်ထားသော အရိုးမြို့တော်ကြီးအတွင်း၌ သိမ်းဆည်းသိုလှောင်ထားသော ဘဏ္ဍာများကို ဂါထာလာအတိုင်း ဖော်ပြခဲ့ပါ။

၆။ သာသနာရေး၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသော ''သြဝါဒနှင့် အနုသာသန'' ဟူသော စကားနှစ်ခွန်း၏ မတူကွဲပြား အဓိပ္ပါယ်ခြားနားပုံ နည်းအပုံပုံကို စုံလင်စွာ ဖွင့်ပြပြီးလျှင်၊ ခိုးသူလင်သား လှည့်ပြားခေါ်ဆောင်လာသော ကောင်ချောက်ကမ်းပါးထိပ်၌ သေမင်းနှင့် စစ်ခင်းနေရချိန် (ကုက္ကာလကေသီ) သူဌေးသမီး၏ လျှပ်တစ်ပြက် ဉာဏ်စွမ်းရည်ပြစ်သော ''ပညာဟူသည်'' အစချီသည့် ဒဿနတစ်ခုကို ပြုစုတင်ပြခဲ့ပါ။

၇။ ဇနပဒကလျာဏီမင်းသမီး၏ ရှေးဦးအရင် ရဟန်းပြည်ကြားကြသော ဆွေမျိုးတစ်သိုက်၏ နာမည်များကို ဖော်ထုတ်ပြ၍ သာဝနာတော်၌ သူမ၏ ထင်ရှားသောနာမည်ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပြပါ။

http://www.dhammadownload.com

၈။ ဂါထာအသီးသီးတို့၌ လာသော ဖောက်ပါမမှတို့၏ တရားကိုယ်သရုပ်ကို အဋ္ဌကထာနှင့် အညီ အကျဉ်းချုပ်ထုတ်ပြပါ။

(က) ကဏ္ဍမမ္မာ (ခ) သုက္ကမမ္မ၊ (ဂ) ဒေဝမမ္မ၊ (ဃ)ဟိနမမ္မ၊ (c) ဇေမမ္မ။

၁၃။ ရှမ်းပြည်နယ် (တောင်ပိုင်း) အမြေ
ပထမလတ်တန်း။ ။ ဓမ္မပဒါ၌အဋ္ဌကထာဘာသာ

၁။ ဂါထာ နံပါတ် ၁၀၉။ (ဌ-၀- ၄၂၅)

၂။ ဂါထာ နံပါတ် ၉၈။ (ဌ-၀- ၄၃၀)

၃။ **အဂါမျှား** – (မွန် နံပါတ် ၃–၅)။

၄။ **ကြံဆောင်ရန် နည်းလမ်း**

ကုသိုလ်ကောင်းမှုကို ပြုသောသူသည် "ငါသည် ကုသိုလ်ကို တစ်ကြိမ်ပြုအပ်ပြီ၊ ဤမျှသော ကုသိုလ်ဖြင့် တော်ပြီ"ဟု မှတောင့်ရဲစေမူ၍ ထိုကုသိုလ်ကို အဖန်ဖန် အထပ်ထပ် ပြုလုပ်ရမည်၊ ထိုကုသိုလ်ကို မပြုရာအခါ၌လည်း ကုသိုလ်၌ဖြစ်သော အလိုဆန္ဒကို ပြုရမည်၊ (ဌ-၃-၅)

အချက်လက်များ

၁။ အလုံးစုံသော သတ္တဝါမှန်သမျှ ဒုက္ခတပ်ခြင်းမှ ကြောက်ကုန်၏။

၂။ အလုံးစုံသော သတ္တဝါမှန်သမျှ သေခြင်းတရားမှ ကြောက်ကြကုန်၏၊

၃။ အလုံးစုံသော သတ္တဝါမှန်သမျှ မိမိအသက်ကို ချစ်မြတ်နိုးကြကုန်၏– ဟူသော အချက် အလက်များဖြစ်ပါသည်။ (ဌ-၃- ၃၁၊ ၃၂)

၅။ **အာယု ကျော်ငြားသားတရားနှစ်ပါးကား**

၁။ ဇရာ–အိုခြင်းတရား။ ၂။ မစ္စု–သေခြင်းတရား ၂–ပါးဖြစ်ပါသည်။ (ဌ-၃-၃၈)

http://www.dhammadownload.com

သိုလျှောင်ထားသော ဘဏ္ဍာများ

၁။ အိုခြင်းလက္ခဏာရှိသော ဇရာဘဏ္ဍာ၊

၂။ သေခြင်းလက္ခဏာရှိသော မစ္စုဘဏ္ဍာ၊

၃။ အရပ်အမောင်းတို့ဖြင့် ပြည့်စုံမှုကြောင့် ထောင်လွှားခြင်းလက္ခဏာရှိသော မာနဘဏ္ဍာ၊

၄။ သူကျေးဇူးကို ဖျောက်တတ်သော လက္ခဏာရှိသော မက္ခဘဏ္ဍာတို့ဖြစ်ပါသည်။

(ဌ-ဒု- ၇၅)

၆။ **ဩဝါဒနှင့် အနုသာသန** (မွန် နံပါတ် ၆-၌)

ဒသနတစ်ခု- ပညာဟူသည် ချက်စားဖို့ပြုထားသည်မဟုတ်၊ စိမ်ခန့်ခဲခြင်း အကျိုးငါ်သာ ပြုထားသည်' ဟူသော ဒသနဖြစ်ပါသည်။ (ဌ-ဒု-၄၅၅)

၇။ **နာမည်များ**

၁။ သိဒ္ဓတ္တာမင်းသား၊ ၂။ ရာဟုလာမင်းသား၊

၃။ နန္ဒမင်းသား၊ ၄။ မိထွေးဟော ဂေါ်တမီ တို့ဖြစ်ပါသည်။

သာသနာ၌ သူမ၏ထင်ရှားသော နာမည်- ရှုပနန္ဒာ၊

အကြောင်း- လွန်ကဲသော အဆင်းရှိသောကြောင့်။ (ဌ-ဒု-၇၂)

၈။ (က) ကာယဒုစရိုက်အစရှိသော အကုသိုလ်တရား၊

(ခ) ကာယသုစရိုက်အစရှိသော ကုသိုလ်တရား၊ (ဌ-ပ-၃၈၀)

(ဂ) တိရိ ဩတ္တပ္ပနှင့် ပြည့်စုံ၍ စင်ကြယ်သောတရား၊ (ဌ-ဒု-၄၅)

(ဃ) ကာမဂုဏ်တရား ၅-ပါး၊ (ဌ-ဒု-၁၀၅)

(င) သစ္စာတရား၊ (ဌ-ဒု-၁၀၃)

http://www.dhammadownload.com

ပထမလတ်တန်း ပဉ္ဇာ+ အမြေစုံ

၁၄၊ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ရှမ်းပြည်နယ် (မြောက်ပိုင်း)

ပထမလတ်တန်း ၊ ဝမ္မပဒပါဠိအဌကထာဘာသာ

၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက် (၄–၄–၂၀၀၅)တနလာနေ့

၁။ ဖောက်ပါ အမှတ်ပြတို့အရ ပါဠိများကိုရေးခဲ့ပါ။

(က) အသက် သိက္ခာ ဂုဏ်စသည် ကြီးမြတ်သူတို့အား ရိုသေလေးစားရှိခိုးသဖြင့် ရရှိအပ်သော အကျိုးပြု ပါဠိတော်ဂါထာ၊

(ခ) လောကအားလုံးကို အစိုးရသော မှင်းစည်းစိမ်ချမ်းသာထက် သောတာပတ္တိဖိုလ် ချမ်းသာက မွန်မြတ်ဏ်ဟု ပြဆိုသော ပါဠိတော်ဂါထာ။

၂။ ရေကပတ္တ နဂါးမင်းကြီးအား ဘုရားရှင်ဟောတော်မူအပ်သော ဒုလ္လတတရားငါးပါးပြ ပါဠိတော်ဂါထာကို အနက်မှန်အောင်ရေးခဲ့ပါ။

၃။ အရဟန္တဝဂ်လာ မွေ့လျော်ဖွယ်ကောင်းသည့် မြေအရပ်ကို ညွှန်ပြ၍ မြတ်သောစကား နှင့် မြတ်သောဂါထာဖွဲ့ဟူသည် မည်သည့်စကားမျိုး, မည်သည့်ဂါထာဖွဲ့မျိုး, ဖြစ်သည်ကို လည်း သဟာသဝဂ် ဖော်ပြခဲ့ပါ။

၄။ အောက်ပါ အမှတ်ပြတို့၏ အရများကိုလည်း ရေးပြခဲ့ပါ။

(က) အသက်ဇီဝိတိန္ဒြေကို မောင်းနှင်သည့်တရားများ၊

(ခ) အိုခြင်း, ဆွေးမြေ့ခြင်းသို့ ရောက်ကြသည့် အရာဝတ္ထုများ၊

(ဂ) အိုခြင်း, ဆွေးမြေ့ခြင်းသို့ မရောက်သော တရားဓမ္မများ။

၅။ ဤလောကဌ ကြီးပွားချမ်းသာအောင် မမိုဝဲအပ်ဘဲ ရှောင်ကြဉ်ရမည့်တရားကို ဖော်ပြ၍ ဗုဒ္ဓဝဂ်လာ ချမ်းသာလေးပါးတို့ကိုလည်း ရေးပြခဲ့ပါ။

၆။ ပါပမိတ္တပုဂ္ဂိုလ်နှင့် ပုရိသာမေပုဂ္ဂိုလ်တို့ဟူသည် မည်ကဲ့သို့ အကျင့်ရှိသော ပုဂ္ဂိုလ်များ ဖြစ်သည်ကို ရှင်းပြ၍ ဘုရားပွင့်တော်မူပြီဟု ကြားရကာမျှဖြင့် လွန်စွာနှစ်သက်၍ သတိမေ့သွားသောမင်းနှင့် မင်းမိဖုရားအမည်, ဖွားရာအရပ်ဇာတိမြို့တော်တို့ကို အသီးသီးရေးခဲ့ပါ။

http://www.dhammadownload.com

၇။ ကဲ့ရဲ့ချီးမွမ်းခြင်းဟူသော လောကဓံမုန်တိုင်းကြောင့် မည်သို့မျှ တုန်လှုပ်ခြင်းမရှိသူကို ဖော်ပြ၍ ၄ာ်နှင့်တူစွာ ရဟန္တာအရှင်မြတ်များ၏ လွတ်လပ်စွာ လှည့်လည်နိုင်ပုံကိုလည်း ဥပမာ ဥပမေယျ ယှဉ်စပ်လျက် ထင်ရှားအောင် ပြေဆိုခဲ့ပါ။

၈။ အရာရာ၌ အမျိုးသားများသာ ပညာရှိသည်မဟုတ်၊ အမျိုးသမီးများသည်လည်း ဉာဏ်ပညာရှိ၏ဟု ကုဏ္ဍလကေသီ အမျိုးသမီးချောလေးအား စောရပါတနတ်မင်းကြီး ချီးမွမ်းပြောဆိုရခြင်းအကြောင်းကို အဌကထာလာအတိုင်း စာပန်းချီ ရေးဖွဲ့ပြခဲ့ပါ။

၁၄။ ရှမ်းပြည်နယ် (မြောက်ပိုင်း) အဖြေ

ပထမလတ်တန်း။ ။ ဓမ္မပဒပါဠိအဌကထာဘာသာ

သ။ (က)-ဂါထာ နံပါတ် ၁၀၉။ (ဌ-၀-၄၂)

(ခ) ဂါထာ နံပါတ် ၁၇၈။ (ဌ-၃-၁၂၄)

၂။ ဂါထာ နံပါတ် ၁၈၂။ (ဌ-၃-၁၅၂)

မှတ်ချက်– ဒုလ္လဘတရား ၅-ပါးမဟုတ် ၄-ပါးသာဖြစ်သည်။

၃။ **မွေ့လျော်ဖွယ်ကောင်းသောအရပ်**

ရဟန္တာအရှင်မြတ်နေထိုင်သော ရွာ, တော, မြေပြန့်, တောင်ကုန်း မည်သည်နေရာမဆို မွေ့လျော်ဖွယ် ကောင်းပေသည်။ (ဌ- ၀-၄၀၈)

မြတ်သောစကားနှင့် ဂါထာဖွဲ့

ကြားနာရလျင် ရာဂစသည် ငြိမ်းအေးစေနိုင်သော စကား, ဂါထာဖွဲ့တစ်ပုဒ်ဖြစ်သည်။

(ဌ-၀-၄၀၈၊ ၄၁၂)

၄။ (က) ဇရာနှင့် မရဏ၊ (ဌ-၃-၁၈)

(ခ) ရတနာတို့ဖြင့် ဆန်းကြယ်သော မင်းစီးရထားနှင့် ခန္ဓာကိုယ်၊ (ဌ-၃-၇၇)

(ဂ) လောကုတ္တရာတရား ၉-ပါး။ (ဌ-၃-၇၇)

http://www.dhammadownload.com

၅။ **ရှောင်ရမည့်တရား–** ကာမဂုဏ် ၅–ပါး, ပဃာဒ, မိစ္ဆာဒိဋ္ဌိ–တို့ဖြစ်သည်။(ဌ–၃–၁၀၅)
ချမ်းသာ ၄–ပါး (မွန် နံပါတ် ၅–ရှု။)

၆။ **ပါပမိတ္တာပုဂ္ဂိုလ်–** ကာယဒုစရိုက်အစရှိသော အကုသိုလ်ကံ၌ အလွန်မွေ့လျော်သူ၊
ဝုဏ္ဏာဝမပုဂ္ဂိုလ်– ခြိုစပ်ဖောက်ခြင်းစသည်၌လည်းကောင်း, ၂–ပါးသော အနေသန စသောအပြားဒ၌လည်းကောင်း, အကြောင်းမဟုတ်သောအရာ၌ ယှဉ်တတ်သော ပုဂ္ဂိုလ်။
(ဌ– ၀–၃၅၀)

မင်း– မဟာကပ္ပိနမင်း။
မိဇရား– အနောဇာဒေဝီ,
ဇာတိမြို့– မဟာကပ္ပိနသည်– ကုက္ကုဋဝတီမြို့
အနောဇာသည်– မဒ္ဒတိုင်း သာဂလမြို့။ (ဌ–၀–၃၅၃)

၇။ **မတုန်လှုပ်သူ–** ပဏ္ဍိတပုဂ္ဂိုလ်၊ (ဌ–၀–၃၇၂)
ဟသ်ာဌက်သည် ရှိ,ညွန်အိုင်ကို မတွယ်မတာ စွန့်ပစ်ခွာ၍ လိုရာသို့ ပျံသွားနိုင်သကဲ့သို့ သတိရှိသော ရဟန္တာသည်လည်း နေရာဌာနတိုင်းကို စွန့်ခွာ၍ ရာန်ဝိပဿနာတို့ဖြင့် မွေ့လျော်စွာ ကြွသွားနိုင်ကြသည်။ (ဌ–၀–၃၈၅)

၈။ ရာဇဂြိဟ်မြို့သူ သူဌေးသမီးတစ်ယောက်သည် အရွယ်ရောက်သောအခါ ကွပ်မျက်ခံရမည့် ခိုးသူကြီးကို ကြိုက်၍ ရွေးယူကာ အတူနေကြ၏၊ တစ်နေ့သော် ခိုးသူကြီးသည် ဗလိနတ်စာပူဇော်မည် ဟူသော ဥပါယ်တမျှင်ဖြင့် ကမ်းပါးပြတ်ကြီးမှတွန်းချရန် သူဌေးသမီးကို ခေါ်လာလေ၏၊ သူဌေးသမီးသည် အံကြောင်းစုံသိရ၍ "နောက်ဆုံးအနေဖြင့် ရှိခိုးခွင့် ပေးပါ" ဟုပြောပြီး ပွေ့ဖက်ဟန်ဆောင်ကာ ချောက်ထဲသို့ ပွတ်ချလိုက်လေသည်၊ ထိုအချင်းအရာကို မြင်သောကြောင့် စောရပါတနတ်မင်းသည် ချီးမွမ်းစကားကို ဆိုပါသည်။ (ဌ–၀–၄၃၅)

http://www.dhammadownload.com

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ရှမ်းပြည်နယ် (အရှေ့ပိုင်း)
ပထမလတ်တန်း ။ ဓမ္မပဒဘာသာ
၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၄-၄-၂၀၀၅) တနလင်္ဂနေ့

၁။ ''တရားမြိုက်ရေး, တစ်စက်ပေမင့်, သောက်လေသူအား, အပူပြိုမ်းပျောက်, ချမ်းသာရောက်၏''ဟူ၍ တရားတော်၏ အစွမ်းသတ္တိကို ဖွဲ့ဆိုထားသော ဂါထာကို ပါဠိသက်သက်ရေးသားပါ။

၂။ ဝိသိ၏ လှပကျော့ရှင်းသော ရုပ်အဆင်း၌ သာယာနှစ်သက်နေသော ဇနပဒကလျာဏီအား ''ရုပ်ရည် အဆင်း, လှပခြင်းကား။ ပျက်ယွင်းနောက်ဆုံးရှိချေ၏''ဟူ၍ ဗုဒ္ဓဆုံးမတော်မူခဲ့သည့် မှတ်သားစဖွယ်ဂါထာကို အနက်ယောဇနာပြပါ။

၃။ ''သတိမမူ ဂူမမြင်၊ သတိမူက မြူပါစုံ''ဟူဘိသက္ခဲသို့ ပဏ္ဍိတသာမဏေယ်သည် အဘယ်အရာတို့ကို မြင်၍ ကိလေသာမြူမှုန်များ ကင်းစင်သွားရသည်ကို ကြံစည်သုံးသတ် ရှုမှတ်ခြင်းနှင့်တကွ ပါဠိတော်လာအတိုင်း ရှင်းလင်းဖြေဆိုခဲ့ပါ။

၄။ နှစ်သိန်းလေးသောင်းအထိရှိသော ဣန္ဒြိယမြောက်မြားခြင်း မွေ့လျော်မွတ်ကောင်းသော အရပ်ဌာနကို တိကျစွာဖော်ပြ၍ အရှင်မဟာကဿပကို ပေါက်ပေါက်လှသော လယ်-စောင့်သတို့သမီး၏ လားရောက်ရာ ဘဝကိုလည်း ခံစားမှုနှင့်တကွ ပြဆိုခဲ့ပါ။

၅။ ''သောတာပန်ပုဂ္ဂိုလ် အကုသိုလ်ပြုသလော''ဟူသော ပြဿနာကို ကုက္ကုဋမိတ္တနေသာဒ ဝတ္ထုလာအတိုင်း ဥပမာနှင့်တကွ ရှင်းပြ၍ ဗုဒ္ဓမေးသပြင့် ဖြေဆိုသော ရက်ကန်းသည်မလေး၏ အပြေလေးချက်ကိုလည်း ပါဠိတော်လာအတိုင်း မြန်မာစကားပြေပြင့် တင်ပြပါ။

၆။ ဝိသာခါ၏ယိကာမကြီး မေးသပြင့် ဖြေဆိုကြသော ဥပုသ်သည်ပါးရာ၏''ဥပုသ်စောင့်ခြင်း ရည်ရွယ်ချက်''များကို အရွယ်လေးမျိုးခွဲခြား၍ အသီးသီးဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ ဗုဒ္ဓတို့ နှစ်သက်သော "ဗုဒ္ဓပူဇာပြုနည်း"ကို အတွေ့အတွေ့မထေရ်ဝတ္ထုလာအတိုင်း လိုရင်းမျှ ဖော်ပြ၍ ဘုရား, ကျောင်း, ပရိဝုဏ်အတွင်း, နေ့စဉ်တံမြက်လှည်းနေရုံမျှဖြင့် ရဟန်းကိစ္စ မပြီးနိုင်ကြောင်း ရေဝတမထေရ်၏ အဆုံးအမကို အဋ္ဌကထာလာအတိုင်း တင်ပြခဲ့ပါ။

၈။ ဗုဒ္ဓ၏ ခြေတော်ရာနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာအတွင်းဌ ဝါဒအမျိုးမျိုးရှိကြရာတွင် ဓမ္မပဒ အဋ္ဌကထာ ဗုဒ္ဓဝဂ်လာ ခြေတော်ရာထင်ပုံ, မထင်ပုံဖွင့်ဆိုချက်ကို အမှီပြု၍ မှတ်သားဖွယ်ရာ ရေးသားပြပါ။

၁၅။ ရှမ်းပြည်နယ် (အရှေ့ဝိုင်း) အပြေ
ပထမလတ်တန်း ။ ဓမ္မပဒဘာသာ

၁။ ဂါထာ နံပါတ် ၁၀၂။ (ဓာ -၀-၄၁၇)

၂။ ဂါထာ နံပါတ် ၁၅၀၊ (ဓာ -၃-၆၄)

၃။ ရေကိုဆောင်သူတို့သည် ရေကိုလိုရာသို့ ဆောင်ကြသည်ကိုလည်းကောင်း၊ မြားလုပ်သမားတို့သည် ကောက်သောမြားကိုဖြောင့်အောင်ညွှတ်စေကြသည်ကိုလည်းကောင်း၊ လက်သမားတို့သည် သစ်သားကိုဖြောင့်အောင်ကောက်အောင် ညွှတ်စေကြသည်ကိုလည်းကောင်း မြင်၍ "ဤသူတို့သည် စိတ်မရှိသောအရာကိုပင် မိမိအလိုတိုင် ဖြစ်စေနိုင်ကုန်၏ စိတ်ရှိသော၎သည် မိမိစိတ်ကို အလိုအတိုင်းဖြစ်စေ၍ ရဟန်းတရားကို ပြည့်ပြင်းပါ အဘယ်ကြောင့် မစွမ်းနိုင်အံ့နည်း"ဟု ကြံစည်၍ ကိလေသာမြေများ ကင်းစင်သွားရသည်။ (ဌ-၀-၃၆၅)

၄။ ဤကမ္ဘာမြေကြီး၌ မွေ့လျော်ဖွယ်ကောင်းသော ရွာ၌ဖြစ်စေ တောရ၌ဖြစ်စေ မြေပြန့်အရပ်၌ ဖြစ်စေ တောင်ပေါ်အရပ်၌ ဖြစ်စေ ရဟန္တာတို့၏ နေရာအရပ်သည် နှစ်သိန်းလေးသောင်းအထိရှိသော ဤကမ္ဘာမြေကြီး၌ မွေ့လျော်ဖွယ်ကောင်းသော အရပ်သည် ဖြစ်၏။ (ဌ-၀-၇၁၁)

http://www.dhammadownload.com

တာဝတိံသာဘုံ၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ ခြံရံအပ်သော နတ်သမီးတစ်ထောင်တို့၏ အလယ်၌ဖြစ်၏။ (ဌ-ဒု-၅)

၅။ လက်၌အနာမရှိသည်ဖြစ်အံ့ အနာမရှိသောလက်ဖြင့် အဆိပ်ကိုခံတင်လသော် အဆိပ်သည် အနာမရှိသောလက်သို့ (လက်၌အဆိပ်မသင့်သကဲ့သို့) အကုသလစေတနာ၏ မရှိခြင်းကြောင့် မကောင်းမှုကို ပြုလုပ်သော်လည်း မကောင်းမှုသည် မရှိနိုင်(သောတာပန်ပုဂ္ဂိုလ်သည် အကုသိုလ်ပြုရာမရောက်)။ (ဌ-ဒု-၂၀)

ရက်ကန်းသည်မလေး၏ အဖြေ ၄-ချက်

(၁) မြတ်စွာဘုရား ဘယ်အရပ်မှလာခဲ့သည် မသိပါ။

(၂) ဘယ်အရပ်ကို သွားရမည်လည်း မသိပါ။

(၃) မသိမဟုတ် သိပါ၏။

(၄) သိသည်မဟုတ် မသိပါ။ (ဌ-ဒု-သဒ)

၆။ **ဥပုသ်စောင့်ရယ်ရှယ်ချက်**– (ကရင် နံပါတ် ၇-၇)

၇။ ပန်းစသည်တို့ဖြင့် ပူဇော်သူတို့သည် ဗုဒ္ဓဘုရားကို ပူဇော်ရာမရောက်ကုန် လောကုတ္တရာတရားကိုးပါးအားလျော်သော သမထဝိပဿနာအကျင့်ကို ကျင့်မှသာလျင် ဗုဒ္ဓဘုရားကို ပူဇော်ရာရောက်ကုန်၏။ (ဌ-ဒု-သ၂)

ရေဝတမထေရ်၏ အဆုံးအမ (ပဲခူး/အရှေ့ နံပါတ် ၈-၇)

၈။ **ဗုဒ္ဓ၏ခြေတော်ရာမည်သည်** ဤမည်သောသူ မြင်စေသတည်းဟု အဓိဋ္ဌာန်၍ နင်းရာအရပ်၌သာလျင် ထင်၏၊ ကြွင်းသောနေရာ၌ ထိုခြေတော်ရာကို မြင်သူမရှိနိုင်။ (ဌ-ဒု-၁၂၆)

http://www.dhammadownload.com

၁၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ရခိုင်ပြည်နယ်
ပထမလက်တမ်း။ ။ ဓမ္မပဒဘာသာ
၁၃၆၆–ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၄–၄–၂၀၀၅) တနင်္လာနေ့

၁။ ဒေါက်ဖော်ပြပါ ဂါထာတို့ကို ပါဠိသက်သက်ရေးပြပါ။

(က) စစ်မြေပြင်၌ တစ်သန်းသော ရန်သူကိုအောင်မြင်သူထက် ကိုယ်တွင်းကိလေသာရန်ကို အောင်နိုင်သူသာ အမြတ်ဆုံးဖြစ်ပုံပြဂါထာ၊

(ခ) ရေကပတ္တနဂါးမင်းကြီးအား ဗုဒ္ဓဟောကြားတော်ခဲ့သော ရခဲခြင်းတရားလေးပါး ပြဂါထာ။

၂။ ပဏ္ဍိတဝဂ် ပဏ္ဍိတသာမဏေရဝတ္ထုလာ ရေမြောင်း, မြားသမား, လေးသမားတို့ကို ဥပမာပြလျက် ဟောကြားတော်မူသော ဂါထာပါဠိကို မှန်ကန်စွာ အနက်ရေးပြပါ။

၃။ မပြစ်မှားထိုက်သောပုဂ္ဂိုလ်တို့အား ပြစ်မှားလွန်ကျူးခဲ့သော် ကျရောက်ခံစားရမည့် ဒဏ် ၁၀–မျိုးကို ဒဏ္ဍဝဂ် မဟာမောဂ္ဂလာနထေရဝတ္ထုမှ ထုတ်နုတ်ရေးသားပြပါ။

၄။ နွားကျောင်းသားသည် ကြိမ်လုံးဖြင့် နွားတို့ကို ကျက်စားရာအရပ်သို့ မောင်းနှင်သကဲ့သို့ မည်သည့်အရာသည် သတ္တဝါတို့ အသက်ကို မောင်းနှင်နေပါသနည်း? ရေးပြ၍ သိရိမာကို စွဲလမ်းသော ရဟန်းငယ်အား ဗုဒ္ဓက မည်ကဲ့သို့ အသုဘ ရှုခိုင်းတော်မူသည်ကိုလည်း ဓမ္မပဒပါဠိတော်လာအတိုင်း ပြေဆိုပါ။

၅။ (က) သေမင်းမမြင်နိုင်သော ပုဂ္ဂိုလ်နှင့်၊ (ခ) ဗုဒ္ဓဟောကြားတော်မူခဲ့သော သုခလေးမျိုး သရုပ်ကိုလည်း ဖော်ထုတ်ရေးပြပါ။

၆။ ဘုရားရှင်သည် အရှင်သာရိပုတ္တရာမထေရ်အား မေးတော်မူသော ပြဿနာ ၄–ချက်ကို ပဏ္ဍိသာမဏေရဝတ္ထုမှထုတ်နုတ်ပြ၍၊ ဥတ္တရာဒါယိကာမအိမ်၌ ဘုရားရှင်ဟောကြားခဲ့သော အောင်ခြင်း ၄–မျိုးကိုလည်း ဓမ္မပဒ အဋ္ဌကထာအတိုင်း ရေးသားပြပါ။

http://www.dhammadownload.com

၇။ အရဟန္တဝဂ် သာရိပုတ္တတ္ထေရဝတ္ထုလာ အဘယ်ပုဂ္ဂိုလ်မျိုးကို အသဒ္ဓ အကတညူဟု ခေါ်ဆိုပါသနည်း?ဖြေဆိုရ၏။ ကုသိတော ဟိနဝီရိယော -၌ ကုသိတအရ၊ သုဒ္ဓိအသုဒ္ဓိ ပစ္စတ္တံ-၌ သုဒ္ဓိ, အသုဒ္ဓိအရတို့ကိုလည်း ကောက်ပြခဲ့ပါ။

●

၈။ ဘုရားလောင်း မဟာသကုမာရမင်းသားသည် ရေစောင့်ဘီလူအား ဒေဝမ္မတရား၏ အဘယ်ကဲ့သို့ ဟောကြားသည်ကို ဖြေဆိုရ၏။ ရကွေယျ နံ သုရကွိတံ-၌ စောင့်ရှောက်ပုံမည်သည်ကို လူ, ရဟန်းအားလျော်စွာ ခွဲခြား၍ အသီးသီးဖြေဆိုပါ။

၁၆။ ရခိုင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း။ ။ ဝမ္မဝဒဘာသာ

၁။ (က) ဂါထာ နံပါတ် ၁၀၃။ (ဌ-၀-၄၁)
(ခ) ဂါထာ နံပါတ် ၁၀၂။ (ဌ-ဒု-၃၂)

၂။ ဂါထာ နံပါတ် ၈၀။ (ဌ-၀-၃၃)

၃။ **ဒဏ် ၁၀-ပါး** (ကယား နံပါတ် ၃-ရ)။

၄။ **သတ္တဝါတို့ အသက်ကို မောင်းနှင်ပုံ** (တနသ်ာရီ ၄-ရ)။

ဇုဒ္ဓက အသုဘရှုခိုင်းတော်မူပုံ

အကြင်ခန္ဓာကိုယ်၏ ခိုင်မြဲခြင်းသည်လည်းကောင်း၊ တည်တံ့ခြင်းသည်လည်းကောင်း၊ မရှိ၊ အဝတ်တန်ဆာစသည်ဖြင့် ဆန်းကျယ်စွာ ပြုပြင်ချယ်သအပ်သော အနာတို့၏ စုဝေးရာဖြစ်သော သုံးရာသော အရိုးတို့သည် ထက်ဝန်းကျင်စိုက်ထောင်အပ်သော နာကျင်တတ်သော မျှားစွာသော လူအပေါင်းသည် အဲမျိုးမျိုးအဝိုဝိ ကြံဆအပ်သော ဤခန္ဓာကို ရှုကြလော့။ (ဌ-ဒု-၆၃)

http://www.dhammadownload.com

၅။ (က) **သေမင်းမမြင်နိုင်သော ပုဂ္ဂိုလ်**

ဤကိုယ်ကောင်ကို ရေမြုပ်စိုင်နှင့်တူစွာ ဥပမာရှိ၏ဟု ဉာဏ်ဖြင့်သိမြင်ပြီးသူ၊ တံလျှပ်သဘောရှိ၏ဟု ဉာဏ်ဖြင့်သိမြင်ပြီးသူ၊ မာရ်နတ်မင်း၏ တောဘူမကဝင်္ဂဒုက္ခတို့ကိုအရဟတ္တမဂ်ဖြင့်ပယ်ဖျက် ဖြတ်တောက်ပြီးသူ၊သေမင်း၏ မမြင်ရာမြတ်နိဗ္ဗာန်သို့ ရောက်သူဖြစ်သည်။ (ဌ-၀-၂၁၄)

(ခ) **သုခလေးမျိုး –**

၁။ ဘုရားရှင်တို့၏ ပွင့်တော်မူခြင်းသည် ချမ်းသာ၏။

၂။ သူတော်ကောင်းတရားကို ဟောကြားခြင်းသည် ချမ်းသာ၏၊

၃။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာ၏၊

၄။ ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာ၏။ (ဌ-၃-၃၆)

၆။ ၁။ ချစ်သား သာရိပုတ္တရာ ဘာကို ရသနည်း၊

၂။ ချစ်သား သာရိပုတ္တရာ အာဟာရသည် ဘာကို ဆောင်သနည်း၊

၃။ ချစ်သား သာရိပုတ္တရာ ဝေဒနာသည် ဘာကို ဆောင်ပါသနည်း၊

၄။ ချစ်သား သာရိပုတ္တရာ ရုပ်သည် ဘာကိုဆောင်ပါသနည်း၊ (ဌ-၀-၃၃၀)

အောင်ခြင်း ၄–မျိုး

၁။ အမျက်ထွက်သူကို အမျက်မထွက်ဘဲ (မေတ္တာဓာတ်ဖြင့်) အောင်နိုင်ရာ၏၊

၂။ မကောင်းသူကို ကိုယ်က ကောင်းသဖြင့် အောင်နိုင်ရာ၏၊

၃။ မပေးရက်လို့ သဝန်တိုသူကို ပေးကမ်းလှူဒါန်းခြင်းဖြင့် အောင်နိုင်ရာ၏၊

၄။ မမှန်စကား ပြောကြားသူကို အမှန်အတိုင်းပြောခြင်းဖြင့် အောင်နိုင်ရာ၏၊

(ဌ-၃-၂၀၂)

၇။ **အဿဒ္ဓ အကတညူခေါ်ဆိုပုံ**

မိမိ၏ ထိုးထွင်း၍ သိအပ်ပြီးသော ဂုဏ်ကို သူတစ်ပါးတို့၏ အပြောဖြင့် မယုံကြည်သောပုဂ္ဂိုလ်သည် အဿဒ္ဓ ခေါ်ပါသည်၊

တစ်စုံတစ်ခုဖြင့် မပြုအပ်သော နိဗ္ဗာန်ကို သိသူသည် အကတညူခေါ်ပါသည်၊

(ဌ-၀-၃၂၆)

http://www.dhammadownload.com

ကုသီတ အရ ကာမဝိတက်အစရှိသော ဝိတက်သုံးပါးတို့ဖြင့် ကုန်လွန်စေသော ပုဂ္ဂိုလ်
(ဖ-၀-၄၃၇)

သုဒ္ဓိ အရ - စင်ကြယ်သော ကုသိုလ်ကံ
အသုဒ္ဓိ အရ - မစင်ကြယ်သော အကုသိုလ်ကံ (ဖ-၃-၁၀၁)

၈။ **ဒေဝမ္မတရားတောကြားပုံ**

သတ္တလောကဌ ဟိရိ ညြတ္တာပ္ပနှင့်ပြည့်စုံကုန်သော ဖြူစင်သော ကုသိုလ်တရားတို့ဖြင့် ပြည့်စုံကုန်သော ကာယကံ စသည်တို့ ငြိမ်းအေးပြီးကုန်သော သူတော်ကောင်းတို့ကို နတ်တို့၏ ဖြစ်ကြောင်း ကုသိုလ်ရှိသူတို့ ဟူ၍ ဆိုအပ်ကုန်၏၊ (ဖ-၃-၄၅)

စောင့်ရှောက်ပုံ

လူ- လူဖြစ်သောသူသည် စွမ်အားရှိသလောက် ၏နေ သိလစသော ကုသိုလ်တို့ကို ပြုကျင့်မှသာ စောင့်ရှောက်သည် မည်ပါသည်။

ရဟန်း- ရဟန်းဖြစ်သောသူသည် ဝဋ်ကြီး ဝဋ်ငယ်ပြုခြင်း၊ ပရိယတ္တိ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းတို့၌ အားထုတ်ခြင်းသို့ ရောက်မှသာ စောင့်ရှောက်သည် မည်ပါသည်။
(ဖ-၃-၈၅)

၁၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရောဝတီတိုင်း)
ပထမလတ်တန်း ။ ဓမ္မပဒဘာသာ
၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက် (၂၈-၃-၂၀၀၅)တနင်္လာနေ့

၁။ ကျောက်မှုဖြစ်သော ဝရဇိန်(စိန်)ကျောက်သည် မိုရာကျောက်ကို ဖျက်ဆီးလေသကဲ့သို့ ဟူသော ဥပမာပါသော ဂါထာကို ပါဠိသက်သက်ရေးပါ။

၂။ မ, တစ်ထောင် တစ်ကောင်ဖွား ယောက်ျားဇာနည်တို့သည် အရပ်ဒေသတိုင်း၌ မဖြစ်ပေါ် မပေါ်ထွန်းဟူသော အဓိပ္ပါယ်ကို ဖော်ညွှန်းသည့် ဗုဒ္ဓဝင် အာနန္ဒထေရပဉ္စာဝတ္ထုလာ ဂါထာကို နိဿယအနက်ကျအောင် ပေးပါ။

http://www.dhammadownload.com

၃။ အရာဌာနကို မသိတတ်သော လာဗျူးယိမထေရ်အား နှားလားဥပမာပေး၍ ဟောကြား တော်မူသော တရားကို မြန်မာစကားပြေ ရေးသားပါ။

၄။ အောက်ပါကွက်လပ်တို့ကို ပါဠိတော်လာအတိုင်း ဖြည့်စွက်ရေးသားပါ။
(က) သူခပ်သိမ်းတို့သည် - - - - - မှ လန့်ကုန်၏၊
(ခ) သူခပ်သိမ်းတို့သည် - - - - - မှ ကြောက်ကုန်၏၊
(ဂ) သူခပ်သိမ်းတို့သည် - - - - - ကို ချစ်ကြကုန်၏၊
(ဃ) မိမိကိုယ်ကို ဥပမာပြု၍ - - - - -ကို မညှဉ်းဆဲ မသတ်ဖြတ်ရာ၊
(င) မကောင်းမှု မှ - - - - - -ကို တားမြစ်ရာ၏။

၅။ လောကသားတို့, သံဝေဂယူ တရားကျင့်ရာ ကောင်းကျိုး/မကောင်းကျိုးဖြစ်ပေါ်မှုတို့ ကို အနာထပဏ္ဍိကသေဋ္ဌိဝတ္ထုလာ ဂါထာမှ ထုတ်နုတ်တင်ပြပါ။

၆။ သာသနာရေးဆိုင်ရာ အခမ်းအနားတိုင်း၌ အသုံးများ တွင်ကျယ်လျက်ရှိသော သြဝါဒ နှင့် အနုသာသနီ စကားနှစ်မျိုးတို့၏ ထူးခြားချက်ကို အဿဇိပုနဗ္ဗသုဂဝတ္ထု အဋ္ဌကထာ မှ မှတ်မိသလောက် ထုတ်ဆောင်ရေးပြပါ။

၇။ မကြာသေးမီ (၂၆-၁၂-၂၀၀၄)နေ့က အိန္ဒိယသမ္ဘုဒ္ဓရာအတွင်း မြေငလျင်ကြီးလှုပ်သဖြင့် "ဆုနာမိလှိုင်းလုံးကြီးများ ဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုရာ ယူဇနာပေါင်း -၈၇၀၀၀ ရေထုပမာ ဏရှိသော နိလသမုဒ္ဒရာ (သမုဒ္ဒရာပြာ)၌ အဘယ်အကြောင်းကြောင့် အဘယ်မျှသော ရေထုပမာဏတို့ လှုပ်ရှားမှု/ မလှုပ်ရှားမှု ဖြစ်ကြသည်ကို ကာဏမာတုဝတ္ထု အဋ္ဌကထာ အဖွင့်ကို ဆင်ခြင်၍တင်ပြပါ။

၈။ သံကိစ္စသာမဏေရဝတ္ထုအဖွင့်လာ အောက်ပါ တာဝန်ယူရမည့်သူများကို ညွှန်ပြပါ။
(က) ညီ, ညီမများအတွက် အသက်စွန့်တာဝန်ယူရမည့်သူ၊
(ခ) အစ်ကို အစ်မများအတွက် အသက်စွန့်တာဝန်ယူရမည့်သူ။

http://www.dhammadownload.com

၁၇။ ရောဝတိတိုင်း (အဖြေ)

ပထမလတ်တန်း။ ။ ဗေဒပဒသာသာ

၁။ ဂါထာ နံပါတ် ၁၆၁။ (ဖ-ဒု-၉)

၂။ ဂါထာ နံပါတ် ၁၉၃။ (ဖ- ဒု-၁၆၁)

၃။ အကြားအမြင်မရှိသောယောက်ျားသည် စားကျက်၌လွတ်ထားအပ်သော နွားလားကဲ့သို့ ကြီးရင့်အိုမင်းရသည်၊ ထိုပုဂ္ဂိုလ်အား အသားအသွေးတို့ တိုးပွါးလာသော်လည်း ပညာသည်ကား တိုးပွားမလာပေ။ (ဖ-ဒု-ဂ)

၄။ (က) သူခပ်သိမ်းတို့သည် ဒုက္ခမှလန့်ကုန်၏၊
(ခ) သူခပ်သိမ်းတို့သည် သေခြင်းမှကြောက်ကုန်၏၊
(ဂ) သူခပ်သိမ်းတို့သည် အသက်ကို ချစ်ကြကုန်၏၊
(ဃ) မိမိကိုယ်ကို ဥပမာပြု၍ အခြားသောသတ္တဝါတို့ကို မညှင်းဆဲ မသတ်ဖြတ်ရာ၊
(င) မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏။ (ဖ-ဒု-၃၁၊ ၃၂)

၅။ မကောင်းမှုပြုလုပ်သူသည် မကောင်းမှုမရင့်ကျက်သေးသမျှ ကောင်းကျိုးကို တွေ့ကြုံနိုင်၏၊ မကောင်းမှုအကျိုးပေးရင့်ကျက်လသော် မကောင်းကျိုးကို တွေ့ကြုံရ၏။ ကောင်းမှုကို ပြုလုပ်သူသည် ကောင်းမှုမရင့်ကျက်အကျိုးမပေးသမျှ မကောင်းကျိုးကို တွေ့ကြုံနိုင်၏၊ ကောင်းမှုအကျိုးပေးရင့်ကျက်လသော် ကောင်းကျိုးကိုသာ တွေ့ကြုံရ၏။
(ဖ-ဒု-၉)

၆။ **ဩဝါဒနှင့် အနုသာသနီ ထူးခြားချက်** (မွန်ပြည်နယ် နံပါတ် ၆-ရ)။

၇။ **ရေထုပမာဏ** (စစ်ကိုင်းတိုင်း နံပါတ် ၆-ရ)။

၈။ (က) အကိုကြီး၊ (ခ) ညီငယ်၊ (ဖ-ဝ-ဂ/ဒ)

http://www.dhammadownload.com

၁၈။ ပထမပြန်အထူးအောင်ရွေးချယ်ရေးစာမေးပွဲ
ပထမလက်တန်း ။ မမ္မပဒဘာသာ
၁၃၆၇-ခုနှစ် နယုန်လပြည့်ကျော် (၁)ရက် (၂၂-၆-၂၀၀၅)ဗုဒ္ဓဟူးနေ့

၁။ သိန်းပေါင်းများစွာသော ဘုရားရှင်တို့ မဝန့်လွှတ်အပ်သည့် ဥဒါန်းဂါထာတို့ကို ရေးသားပါ။

၂။ ပတ္တာနုမောဒနကုသိုလ်ကြောင့် ချမ်းသာသုခ ခံစားနိုင်ပုံကို ပြဆိုသော မမ္မပဒဂါထာပါဠိကို အနက်ရေးပါ။

၃။ ပညာရှိသူတော်ကောင်းတို့၏ လက္ခဏာတို့ကို ပဠသတာဘိက္ခုဝတ္ထု-အရဖေါ်ပြ၍ တောအရပ်၌ ပျော်မွေ့နိုင်သူတို့ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

၄။ ကိုယ်တွင်းရန်ကို တွန်းလှန်ခြင်းအားဖြင့် ဝိမိကိုယ်ကို အောင်နိုင်ခြင်းသည်သာ သာလွန်မြင့်မြတ်ရခြင်းအကြောင်းကို ညွှန်ပြ၍ သာရိပုတ္တာထွေရသ ဘာဂိနေယျဝတ္ထုအရ မြတ်သောပူဇော်မှုကိုလည်း ဖော်ပြခဲ့ပါ။

၅။ မကောင်းမှုကို ရှောင်ကြဉ်သင့်ပုံကို ဥပမာပြ ပြေဆိုပြီးလျှင် ကိုဋ္ဌ ၄-ပါးကိုလည်း ရေတွက်ပြခဲ့ပါ။

၆။ ''ဝေဒနာ ကိ အာဟရတိ''ဟူသော အမေးပုစ္ဆာ၏ အပြေစကားရပ်နှင့် ဆိုလိုရင်းအဓိပ္ပါယ်ကိုပြေဆို၍ အရှင်သာရိပုတ္တရာ၏ စိတ်ထားကိုလည်း ဘုရားရှင်မိန့်တော်မူသည့် အတိုင်း ပြေဆိုပါ။

၇။ ''အာဟာရေ စ အနိသိတော''၌ နိဿယတရား ၂-ပါးကို ဖော်ပြ၍ ကုသိတပုဂ္ဂိုလ်ကိုလည်း အဌကထာအဖွင့်နှင့်အညီ ဖော်ပြပါ။

၈။ စကြာမင်းအပြစ်စသည်ထက် သောတာပတ္တိမဂ်သိုလ်က မြင့်မြတ်ခြင်းအကြောင်းကို ရှင်းပြပြီးလျှင်၊ ဗုဒ္ဓဝင်၌ ပြဆိုသည့် အဝိဇဟိတဓမ္မနှင့် အစလဓေတိယဌာနတို့ကိုလည်း ပြေဆိုပါ။

http://www.dhammadownload.com

၁၈။ ပထမပြန်အထူးအောင် (အပြေ)
ပထမလတ်တန်း။ ။ ပေမ္မပဒဘာသာ

၁။ ဂါထာ နံပါတ် ၁၅၃၊ ၁၅၄။ (ဌ-ဒု-၈၀)

၂။ ဂါထာ နံပါတ် ၁၈၇။ (ဌ-ဒု-၁၂)

၃။ **ပညာရှိသူတော်ကောင်းတို့၏ လက္ခဏာ**

ခန္ဓာငါးပါးစသော တရားအားလုံး၌ ဆန္ဒရာဂကို စွန့်လွှတ်ခြင်း၊ ကာမဂုဏ်တရားတို့ အလိုရှိပါကုန်သော်လည်း မိမိကိုယ်တိုင် မပြောဆိုခြင်း၊ သူတပါးကိုလည်း မပြောဆိုစေခြင်း၊ ချမ်းသာဆင်းရဲနှင့်တွေ့ကြုံရသော် နှစ်သက်သောအဖြစ် မျက်နှာမသာမယာသော အဖြစ်အားဖြင့် မြတ်သော ယုတ်သော အခြင်းအရာကို မပြခြင်းဖြစ်သည်။ (ဌ-ဝ-၃၇၇)

တောအရပ်၌ ဗျော်မွေ့နိုင်သူ

ကာမဂုဏ်၌ တပ်မက်ခြင်းကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ကာမကို ရှာဖီးလေ့ မရှိသောကြောင့် တောအရပ်၌ မွေ့နိုင်သူတို့ဖြစ်ကြသည်။ (ဌ-ဝ-၄၀၄)

၄။ **သာလွန်မြင့်မြတ်ခြင်းအကြောင်း**

ကိုလေသာမရှိသည်ဖြစ်၍ မိမိကိုယ်ကိုဆုံးမပြီးသောကြောင့်လည်းကောင်း၊ ကိုယ်အစရှိသူသည်တို့ဖြင့် စောင့်ရှောက်အပ်သောအကျင့်ရှိသောကြောင့်လည်းကောင်း သာလွန်မြင့်မြတ်ပါသည်။ (ဌ-ဝ-၄၃၃)

မြတ်သော ပူဇော်မှု

အနှစ်တရာပတ်လုံး တောင်၌ မီးကိုလုပ်ကျွေးခြင်းထက် မင်္ဂလာစ်ပါးပါးကို ပွားစေအပ်ပြုသော အရိယာပုဂ္ဂိုလ်ကို တမုဟုတ်မျှ ပူဇော်ခြင်းသည် မြတ်သောပူဇော်မှုဖြစ်သည်။ (ဌ-ဝ-၄၂၁)

http://www.dhammadownload.com

၅။ **မကောင်းမှုကို ရှောင်ကြဉ်သင့်ပုံ**

တစ်ခုတစ်ရာသော ရေပေါက်၏ ကျရောက်ခြင်းကြောင့် ရေအိုးသည် ရေပြည့်သကဲ့သို့ မကောင်းမှု အကုသိုလ်ကို အနည်းငယ် အနည်းငယ် ဆည်းပူးအားထုတ်လျက် လူမိုက်သည် မကောင်းမှုပြင့် ပြည့်၏၊ ထို့ကြောင့် မကောင်းမှုကိုရှောင်ကြဉ်သင့်သည်။

(ဌ-ဒု-၁၁)

ကိစ္စ လေးပါး

၁။ လူ့အဖြစ်ကိုရခဲခြင်း၊ ၂။ သတ္တဝါတို့အသက်ရှင်ရန်ခဲယဉ်ခြင်း၊
၃။ သူတော်တရားကြားနာရခဲခြင်း၊ ၄။ ဘုရားရှင်ပွင့်တော်မူခဲခြင်း။ (ဌ-ဒု-၁၅)

၆။ **အဖြေစကားရပ်** အရှင်ဘုရား ဝေဒနာသည် အတွေ့အထိကို ခံဆောင်ပါ၏။

ဆိုလိုရင်း အဓိပ္ပါယ်

အာဟာရဇရုပ်၏အစွမ်းဖြင့် ဖြစ်သောသုခသောမနဿရှိသည်ဖြစ်၍ ချမ်းသာခြင်းရှိသောသူအား "ယ္ခုအခါ ငါ့မှာ သာယာနှစ်သက်ခြင်း ဖြစ်၏" ဟု အိပ်လျက်, ထိုင်လျက် ချမ်းသာသော အတွေ့အထိကိုရ၏။ (ဌ-ဝ-၃၇၀)

အရှင်သာရိပုတ္တရာ၏ စိတ်ထား

ရဟန်းတို့ သာရိပုတ္တရာနှင့်တူသော ရဟန်းတို့အား အားနည်းသောဒေါသ အားကြီးသော ဒေါသကို မဖြစ်စေသင့် ရဟန်းတို့ သာရိပုတ္တရာ၏ စိတ်သည် မြေကြီးနှင့်တူ၏၊ တံခါးခုံနှင့်တူ၏၊ ကြည်သောရေရှိသော အိုင်နှင့်တူ၏။ (ဌ-ဝ-၃၇၁၊ ၃၇၂)

၇။ **နိဿယ ၂-ပါး** တဏှာနိဿယ, ဒိट्ठိနိဿယ၊ (ဌ-ဝ-၃၈၅)

ကုသိတပုဂ္ဂိုလ် ကာမဝိတက်စသော ဝိတက်သုံးပါးတို့ဖြင့် ကျော်လွန်စေသောပုဂ္ဂိုလ်သည် ကုသိတပုဂ္ဂိုလ်ဖြစ်သည်။ (ဌ-ဝ-၄၃၇)

၈။ **သောတာပတ္တိဖိုလ်က မြင့်မြတ်ခြင်းအကြောင်း**

စကြာဝဠာတေးမင်းအဖြစ်-နှစ်ဆယ့်ခြောက်ပါးသော နတ်ပြည်, နဂါး, ဂဠုန်, ဝေမာနိကပြိတ္တာစသော တစ်လောကလုံး၌ မင်းအဖြစ်ကို ပြုရပါသော်လည်း ငရဲစသည်တို့

http://www.dhammadownload.com

မှ မလွတ်မြောက်နိုင်၊ သောတာပန်ပုဂ္ဂိုလ်သည်ကား ဝိတ်အပ်သော အပါယ်တံခါးရှိသည် ဖြစ်၍ ရှစ်ခုမြောက်သောဘဝ၌ မဖြစ်နိုင်တော့၊ ထို့ကြောင့် သောတာပတ္တိဖိုလ်က မြင့်မြတ်ပါသည်။ (၄-၃-၁၂)

အဝိဇတိတဝမ္ဘ

တန်ခိုးပြာဋိဟာ ပြတော်မူ၍ နတ်ပြည်၌ ဝါဆိုတော်မူ၍ သက်သပြိုတံခါး၌ သက်ဆင်းတော်မူခြင်းဖြစ်သည်။

အစလစေတိယဗျာန -

ထိုမြို့တံခါး၌ ယာဘက်ခြေထောက် (ခြေဖဝါး) ဗာဟုရာအရပ်သည် အစလစေတိယဗျာန ဖြစ်သည်။ (၄-၃-၁၇)

၁။ ပထမပြန်စာပေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ကချင်ပြည်နယ်
ပထမလတ်တန်း ။ ကစ္စည်းသန့်ကြီးဘာသာ
၁၃၆၆-ခုနှစ် တပေါင်းလပြည့်ကျော် (၁၂)ရက်၊ (၅-၄-၂၀၀၅) အင်္ဂါနေ့

၁။ သမာသ်ကျမ်းလာ အဗျယီဘောသမာသ်ကို နုပုလ္လင်ပါဟု သတ်မှတ်ပြသော သုတ်၏ သုတ်, ဝုတ္တိ, ဥဒါဟရဏ်ပါဠိတို့ကို စုံလင်စွာ ရေးပြခဲ့ပါ။

၂။ အောက်ဖော်ပြပါ (က-ခ)တို့ကို နိသျကျကျ အနက်ပေးပြပါ။
(က) ကောဃယတိ ဒေဝဒတ္တသ၊ တသ ကုဋ္ဌ မဟာဝိရ၊ မာ ရဋ္ဌံ ဝိနသ ကွဒ်။
(ခ) တိမိရံ ဝိယ ဒိသတိ အဒုံ ဝနံ တဒိဒံ တိမိရာယိတတ္တံ။

၃။ ကွမသိဒမ်သိသု နုပုံသကေ-ကို ဖြစ်ယင်သမျှ ပုဒ်ဖြတ်ပြ၍၊ ဂုဏာဝန္တိ-ကို နာမ်ရုပ်ကျင်းသိယာ-ကို အာချာတ်ရုပ်ကျင်း စိစဉ်ပြခဲ့ပါ။

၄။ လိင်္ဂ နိပ္ပဇ္ဇတေ-သုတ်အရ ယောဇနံ ဒီဃော ပဗ္ဗတော-၌ ပဗ္ဗတောကို လိင်္ဂ, လိင်္ဂတ္ထ ခွဲခြားပြ၍၊ ဂဿ-ကို ဓာတ်, ပစ္စည်း, ဝိဘတ် ဝေဘန်ကာ၊ ဂုဏာဝန္တိသဒ္ဒါကိုလည်း ပဋ္ဌမိ ဩတ္တမိ ဝိဘတ်တို့ဖြင့် နာမပဒမာလာ ပြုခဲ့ပါ။

http://www.dhammadownload.com

၅။ သန္ဓိလာ နိပါတ်ပုဒ်ကို စိရင့်သော သုတ်စဉ်ပါဠိများကို ဖော်ပြ၍၊ အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ–သုတ်အရ ဝုဒ္ဓိပြုရာဌာနနှင့် ဝုဒ္ဓိဖြစ်သော သရတို့ကိုလည်း ခွဲခြားကာ ဖော်ပြခဲ့ပါ။

၆။ ကာလဘာဝေသု စ–သုတ်၌ ကာလ–အရ ဘာဝ–အရတို့ကို ရူပသိဒ္ဓိဆရာအလိုကျ တိကျစွာ ကောက်ပြ၍၊ အတ္တံ နသ တပ္ပရိသေသုတ်၌ နိ–၏ ပဋိသေဓ နှစ်မျိုးကိုလည်း လက္ခဏာနှင့် တကွ ရေးသားဖော်ပြခဲ့ပါ။

၇။ ဇာတာဒိန ပိမိယာ စ–သုတ်၌ စသဒ္ဒါဖြင့် ယူရမည့်ပစ္စည်းများကို ရူပသိဒ္ဓိအလိုကျ ပြေဆိုရ၍၊ အသယတ္ထိတဒ္ဓိတ်အနက်၌ သက်နိုင်သောပစ္စည်းများကိုလည်း ရေတွက်ပြခဲ့ပါ။

၈။ အစ္ဆန္ဒ သံယောဂ အဓိပ္ပါယ်ကို ပုဒ်စစ်ကျမ်းလာအတိုင်း ရေးပြ၍၊ သမ္ဘာဝနာကမ္မဓာရည်း သမာသ်မည်ပုံကိုလည်း ပုံစံနှင့်တကွ ရှင်းလင်းကာ ရေးပြခဲ့ပါ။

၁။ ကျင်ပြည်နယ် (အဖြေ)

ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (သော နပုံသကလိင်၏ သုတ်ဆိုင်ရာကို ရေးလေ)။

၂။ (က) ဒေဝဒတ္တသ–ဒေဝဒတ်အား၊ ကောဃတိ–စိတ်ဆိုး၏၊ မဟာဝီရ– ကြီးသောလုံ့လ ရှိသော အရှင်ရသေ့၊ တသ–ထိုကလာဗုမင်းအား၊ ကုဋ္ဌ–စိတ်ဆိုးတော်မူပါ။ ဣဒံ ရဏ္ဍ–ဤနိုင်ငံကို၊ မာ ဝိနသ–မပျက်စီးစေပါလင့်။

(ခ) အဒုဝနံ–ထိုတောကို၊ တိမိရံ ဝိယ–အမိုက်မှောင်ကဲ့သို့၊ ဒိသတိ–မြင်အပ်၏၊ ဣတိတသ္မာ–ထို့ကြောင့်၊ တဒိဒံ တံ+ဣဒံ–ထိုတောသည်၊ တိမိရာယိတတ္တံ–တိမိရာယိတတ္တမည်၏။

၃။ ဣမသ+ဣဒံ+အံသိသု။

http://www.dhammadownload.com

နာမ်ရုပ်ကျင်း

ဂုဏ်ဝန္တ-တည်၊ ယော-သက်၊ တ-ခွင်း ဥကြင်း၊ နှုသ္ဓေ ယောသု စ-ၨ အန္တ-ပြင့် ဥ-ကို အ-ပြု၍ ယော-ကိုလည်း ဣ-ပြု ရေ-ကပ်၊ ဂုဏ်ဝန္တိ-ပြီး၏။

အာရာတ်ရုပ်ကျင်း

အသ-တည်၊ အသ-ဘုဝိ၊ ဓာတ်အမည်မဲ့ ဓာတွန် အ-ကိုရေ့ အနုမတိပရိကပ္ပတ္ထေသု သတ္တမိ-ဖြင့် ယေ့-သက်၊ ဘူဝါဒိတော အ-ဖြင့် အ-ပစ္စည်းသက်၊ လောပဠေတ္တ-မကာရော-ဖြင့် အ-ပစ္စည်းကိုရေ့ သဗ္ဗတ္ထာသသာဒိ လောပေါ်စ-ဖြင့် အစ အ-ကိုရေ့ ကွစိဓာတု စသောသုတ်ကြီးဖြင့် ယေ့-ကို ဣယာ-ပြု သ-ဣ-သို့ကပ်၊ သိယာပြီး၏။

၇။ ပဗ္ဗတ-သည် လိုင်း၊ တောင်-ဟူသော အနက်သည် လိုင်ထွ။
ဂမု-ဓာတ်+အ-ပစ္စည်း၊ ဟိ-ဝိဘတ်။

နာမပဒမာလာ

(ပဗ္ဗမိ) ဂုဏ်ဝန္တသ္မာ, ဂုဏ်ဝန္တမ္ဟာ, ဂုဏ်ဝန္တာ, ဂုဏ်ဝတာ, ဂုဏ်ဝန္တေဟိ, ဂုဏ်ဝန္တေဘိ။
(သတ္တမိ) ဂုဏ်ဝန္တသ္မိं, ဂုဏ်ဝန္တမ္ဟိ, ဂုဏ်ဝန္တေ, ဂုဏ်ဝတိ၊ ဂုဏ်ဝန္တေသု။

၅။ ပါသ စန္တော ရသော၊
ပုထုသု ဗျဥ္ဇနေ။
မှတ်ချက်- ဇေါ် သရေ ပုထုသ ဂမော ကွစိ-လည်း လိုအပ်လျှင် ထည့်နိုင်သည်။
ဝုဒ္ဓိပြုရာ ဌာန - အ, ဣ, ဥ။
ထွေစ အယုဝဏ္ဏာနံ ဌာနနိယမဝစနံ (အယုဝဏ္ဏာနံ-သည် ဌာနနိုယမ စကား)(ရ)
ဝုဒ္ဓိသရ - အာ, ဧ, ဩ။

၆။ **ကာလ အရ** - နိမေသ ခဏ လယ မုဟုတ္တ ပုဗ္ဗဏှ စသည် ကိုယူ၊
ဘာဝ အရ ကြိယာတစ်ပါးဖြင့် ကြိယာတစ်ပါးကို မှတ်သားခြင်းကိုယူ။

ပဋိသေဓ ၂-မျိုး

ဝတ္ထု၏ မရှိသည်၏ အဖြစ်သည် ပသဇ္ဇပဋိသေဓ - ၏ အမှတ်လက္ခဏာတည်း၊

http://www.dhammadownload.com

တားမြစ်အပ်သော ဝတ္ထုမှ အခြားဝတ္ထုဖြင့် ပြစ်ခြင်းသည် ပရိယုဒ္ဌိသပဒ္ဓိသေဓ၏ အမှတ် လက္ခဏာတည်း။

